# ပုဏ္ဏောဝါဒသုတ္တန်

# တရားတော်


သီတဂူ အရှင်ဉာဏိဿရ

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ



သာသနာ-၂၅၀၁ ကောဇာ-၁၃၁၉ ၁၉၅၇

# ပုဏ္ဏောဝါဒသုတ္တန်
# တရားတော်


## သီတဂူ အရှင်ဉာဏိဿရ

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၄၁ ကောဇာ-၁၃၅၉ ၁၉၉၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် - ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

# ပုဗ္ဗာရာမဝါဒသုတ္တန်တရားတော်
## အပိုးတန်အချက်အလက်များ


**စဉ်** — **စာမျက်နှာ**

သာသနာရေးဝန်ကြီးဌာန အမှာစာ — ဧ

**၁။ မိတ်ဆက်စာ** — ၁
- မူရင်းတရားတော် — ၂
- သာသနာ့အားမာန်ဤသုတ္တန် — ၄
- တိုက်တွန်းလွှာ — ၅

**၂။ နိဒါန်း**
- (၁) ပုဗ္ဗာရာမဝါဒသုတ္တန်တရားတော် — ၇
- (၂) ကျောင်းတော်ရာ ဌာနနှင့် ပုဗ္ဗာရာမဝါဒသုတ္တန်တရား — ၉
- (၃) ကျောင်းတော်ရာနှင့် သုနာပရန္တတိုင်း — ၁၀
- (၄) မဟာပုဏ္ဏရဟန္တာမထေရ်မြတ်နှင့် ကျောင်းတော်ရာ စေတီတော် — ၁၉
- (၅) ကျောင်းတော်ရာဘုရားနှင့် ဝါတွင်းကာလဘုရားငါးများ — ၂၂

(၆) မဟာပုဏ္ဏရဟန္တာမြတ်နှင့်
အစိဋ္ဌာန်တန်ခိုးတော် ၂၅
(၇) ကျောင်းတော်ရာစေတီတော် တည်ထား
ကိုးကွယ်ခြင်း ၃၇
(၈) မဏိစည်သူမင်းကြီးနှင့် ကျောင်းတော်ရာ
ဘုရား ၄၃

၃။ ပုဏ္ဏောဝါဒသုတ္တန်တရားတော်
- ပဏ္ဍာမစကာ ရပ်နှင့် ဘုရားရှိခိုး ၅၁
- စေတီလေးမျိုး ၅၄
- စန္ဒကူး သရက္ခန်ကျောင်း ၅၆
- စေတီလေးမျိုးစုံတဲ့ ကျောင်းတော်ရာစေတီ ၅၇
- နိမိတ္တကျွာသုတ် ၅၈
- ဘဏ်တိုက်ကြီး (၇) လုံး ၆၀
- ဒါနကောင်းမှုကြောင့်ရရှိသောအကျိုးတရား ၆၄
- သံသရာမှ လွတ်ကြောင်း ကောင်းမြတ်တဲ့
ဒါနမှု ၆၇
- ပုဏ္ဏောဝါဒသုတ္တန်နိဒါန်း ၆၉
- ရှင်ပုဏ္ဏဘုရားထံလျှောက်ထားခြင်း ၇၁
- ရှင်ပုဏ္ဏဘယ်အရပ်ကရောက်လာတာလဲ ၇၃

မာတိကာ ဂ

- သုနာပရန္တတိုင်း အရပ်ကို ပြဆိုခြင်း ၇၅
- မန်းတက္ကသိုလ်ဆရာကြီး ဦးဆန်းထွန်းနဲ့ ဆွေးနွေး ၇၆
- သုဝဏ္ဏဘုမ္မိနယ်မြေကြီး ၇၉
- သုနာပရန္တခေါ်တဲ့အရပ် သာသနာတော် ရောက်ရှိခဲ့ပုံ ၈၁
- မဟာပုဏ္ဏတို့ စခန်းချနားနေစဉ် ၈၄
- ပုဏ္ဏသာတိရှင်ဘုရင်ကြီး သတင်းကြားရသလို ၈၆
- ရတနာသုံးပါးရှိနေပါတယ်တဲ့ ၈၈
- မဟာပုဏ္ဏဘုရားဖူးပြီး တရားနာ ၉၁
- ဒေသနာစဉ်ခြောက်ပါးအစဉ်အတိုင်း ဟောကြားခြင်းအကြောင်း ၉၃
- ကာမစည်းစိမ်တွေဟာ ဘာနဲ့တူသလဲ ၉၅
- အမဲရိုးနဲ့ ခွေးငတ်ပမာ ၉၇
- ကာမဂုဏ်ကိုကာမတဏှာနဲ့ အာရုံမပြုရင် ၉၉
- ကာမဂုဏ်စည်းစိမ်ဆိုတာ အသားတုံးပမာ ၁၀၁
- ငှားရမ်းထားတဲ့ပစ္စည်းနဲ့လဲတူတယ် ၁၀၃

- အိပ်မက်နဲ့လဲတူတယ် ၁၀၆
- သစ်သီးနဲ့လဲတူတယ် ၁၀၈
- မီးကျီးတွင်း မီးပုံကြီးနဲ့လဲတူတယ် ၁၁၀
- မြက်မီးရှူးနဲ့လဲတူတယ် ၁၁၂
- စဉ်းတီတုံးနဲ့လဲတူတယ် ၁၁၄
- မြက်ခင်းစိမ်းမြင်လိုက်ရတဲ့
  နွားပျင်းကြီးပမာ ၁၁၅
- ကာမာနံ့အာဒီနဝကထာ ကြိမ်လုံးနဲ့ရိုက် ၁၁၇
- ကာမာနံ့အာဒီနဝကထာကို စိတ်ဝင်စား ၁၁၉
- မဟာပုဏ္ဏ လျှောက်ထားပြီ ၁၂၁
- မဟာပုဏ္ဏ ဗုဒ္ဓကို ဆွမ်းဘောဇဉ်ဖြင့်
  လှူဒါန်းဆက်ကပ် ၁၂၃
- မဟာပုဏ္ဏရဟန်းဝတ်ခွင့်တောင်း ၁၂၅
- အာဒီနဝမြင်လို့ အဿာဒစင်တယ် ၁၂၇
- ဝါဏိဇဂါမရွာသည် ဒီကနေ့ဘာရွာပါလဲ ၁၃၁
- သပ္ပါယလေးပါးမျှတရင် ပရိယတ် ပဋိပတ်
  ခရီးပေါက်နိုင် ၁၃၃
- သာဝတ္ထိမှာသပ္ပါယမဖြစ်တဲ့ရှင်ပုဏ္ဏ ၁၃၆
- ဘုရားရှင်ကို ကန်တော့နှုတ်ဆက်ပြီး
  တရားတောင်း ၁၃၈

– အာမခံချက်နဲ့တရားတောင်းတာ ၁၄၁
– ရှင်ပုဏ္ဏနဲ့တော့ ကွာချင်တိုင်းကွာ ၁၄၄
– ကွာခြားချက်တွေ ၁၄၆
– ယောဂီတို့လက်ကိုင်ထားရမယ့်အချက်များ ၁၄၈
– လူပျင်းရဲ့ ဆင်ခြေပေးချက်များ ၁၄၉
– ကြွံချိုလို ကျင့်ကြ ၁၅၁
– ကြွံချိုလား ကျွဲချိုလား ၁၅၃
– အမ်ဘီဘီအက်စ်ဘွဲ့ရ ယောဂီတစ်ဦး ၁၅၅
– ယောဂီရဲ့အင်္ဂါ (၇)ပါး ၁၅၈
– ရှင်ပုဏ္ဏမထေရ်အား တရားဟောတော်မူခြင်း ၁၆၀
– ဝဋ္ဋသစ္စာ ၂ ပါး ဝိဝဋ္ဋသစ္စာ ၂ ပါး ၁၆၃
– အာဒီနဝကို မမြင်ရင် နိဿရဏမဖြစ် ၁၆၅
– နှစ်သက်စွဲလမ်းမိလို့ ဒုက္ခဖြစ်ရတာ ၁၆၈
– နန္ဒီရာဂချုပ်အောင် ၁၇၀
– ရုပ်တရားကို ရုပ်တရားမှန်းသိအောင် ဘယ်လို လုပ်မလဲ ၁၇၂
– သုနာပရန္တတိုင်းသွား၍ အားထုတ်လိုကြောင်း ၁၇၅
– ရဲရဲရင့်ရင့်လျှောက်ထားခြင်း ၁၇၈

- သုနာပရန္တတိုင်းသားတို့ရဲ့အပြုအမူ ၁၈၀
- မမြင်ဖူးတော့ဘီလူးထင် ၁၈၂
- ဆဲရုံဆဲတာ ခဲနဲ့မပစ်သေးဘူး ၁၈၄
- လက်နဲ့ပုတ်ခတ်ရုံသာခဲနဲ့မပစ်သေးဘူး ၁၈၇
- ခဲနဲ့ပစ်ရုံသာပစ်တာတုတ်နဲ့မရိုက်သေးဘူး ၁၈၈
- သေအောင်သတ်မယ်ဆိုရင်ကော ၁၉၀
- သုနာပရန္တတိုင်းသားတွေကိုတောင် ကျေးဇူးတင်ရဦးမယ်တဲ့ ၁၉၂
- ရှင်ပုဏ္ဏကို သုနာပရန္တတိုင်းကြွရန်ခွင့်ပြုပြီ ၁၉၅
- ရှင်ပုဏ္ဏပထမဆုံးတရားအားထုတ်တဲ့အရပ် ၁၉၈
- ရှင်ပုဏ္ဏဒုတိယမြောက်တရားအားထုတ်တဲ့အရပ် ၂၀၀
- ရှင်ပုဏ္ဏတတိယမြောက်တရားအားထုတ်တဲ့အရပ် ၂၀၃
- ရှင်ပုဏ္ဏရဟန္တာဖြစ်သွားတဲ့အရပ် ၂၀၅
- ရှင်ပုဏ္ဏတို့ စန္ဒကူးတောရောက်ကြသောအခါ ၂၀၇
- တောစောင့်ဘီလူးတို့ နှောင့်ယှက်ဖျက်ဆီးကြပြီ ၂၀၈

- မဟာပုဏ္ဏမထေရ် ကြွရောက်လာပြီ ၂၁၀
- မဟာပုဏ္ဏမထေရ်သာသနာစတင်ပြုတာ ၂၁၃
- တန်ခိုးနဲ့သာသနာပြုခဲ့တာ ၂၁၅
- ကျောင်းမပြီးခင်ကတည်းက
  ဘုရားသီတင်းသုံး ၂၁၇
- မဟာပုဏ္ဏမထေရ်ဘုရားရှင်ကိုပင့်လျှောက်ပြီ ၂၁၉
- သစ္စဗန္ဓရသေ့ကို ချေချွတ်တော်မူပြီ ၂၂၂
- စန္ဒကူးကျောင်းတော်ရာမှာ ဘုရားနဲ့
  သံဃာများသီတင်းသုံး ၂၂၄
- ခြေတော်ရာနှစ်ဆူ ၂၂၇
- ရှင်ပုဏ္ဏမထေရ်ပရိနိဗ္ဗာန်စံပြီ ၂၂၉
- ဒီကနေ့တိုင်တွေ့မြင်နိုင်ပါသေးတယ် ၂၃၁
- ရှင်ပုဏ္ဏထုံးနှလုံးမူကြပါ ၂၃၄
- စေတီမျိုးစုံတဲ့ကျောင်းတော်ရာစေတီ ၂၃၇

# သာသနာရေးဝန်ကြီးဌာန
# ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း
# အမှာစာ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပ သာသနာပြု၊ ဓမ္မကထိကအကျော် ဘဒ္ဒန္တ ဥာဏိဿရ သီတဂူဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံအနှံ့ မြို့ရွာဒေသအနှံ့သို့ ဒေသစာရီဖြန့်၍ တရားပွဲပေါင်း မြောက်များစွာကို မနားမနေ ဟောကြားလျက်ရှိပါသည်။ အချို့သောတရားပွဲများမှာ ရက်ထပ်နေ၍ လေယာဉ်ခရီးစဉ်ဖြင့် ပွဲကူးကာ အချိန်ခွဲ၍ နေ့တရားပွဲ၊ ဆည်းဆာတရားပွဲနှင့် ညတရားပွဲဟူ၍ တစ်နေ့တည်း တရား (၃) ပွဲ ဟောကြားခဲ့ရသည့် ရက်များပင် ရှိခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

ဆရာတော်ဟောကြားခဲ့သည့် တရားပွဲ ဟူသမျှ အသံသွင်းကြိုးခွေဖြင့် အလွယ်တကူဆင့်ပွားကူးယူနိုင်သဖြင့်လည်း ဆရာတော်အား မျက်မြင်ဒိဋ္ဌ ဖူးမြင်ပြီး ကြားနာခွင့်မရသည့်တိုင် ဆရာတော်၏တရားသံ များကို မြို့ရွာတိုင်း၊ အရပ်တိုင်း၊ နေရာဒေသအနှံ့ အသံချဲ့စက်မှ တစ်ဆင့် ပျံ့လွှင့်လျက်ရှိနေပါသည်။

ဆရာတော်၏ဟောတရားများကား အထူးပြောစရာ လိုမည်မထင်ပါ၊ အားလုံးသိကြသည့်အတိုင်း အလှူမဏ္ဍပ်တိုင်းတွင် အသံသွင်းတိပ်ခွေဖြင့် နာကြားဖူးကြရပြီးဖြစ်၍ ဆရာတော်၏ တည်ငြိမ်ခန့်ငြားသော အသံတော်၊ လေးနက်သော ဓမ္မကြောင်းများနှင့် ခေတ်လူများနားဝင်အောင် စုစည်းစီစဉ် ခင်းကျင်းပြမှုတို့ကြောင့် ရဟန်းရှင်လူ အများတို့မှာ ဓမ္မပီတိ၊ ဓမ္မရတိ၊ ဓမ္မရသတို့ကို တိုး၍တိုး၍ ခံစားနိုင်ခဲ့ကြပါသည်။

ဆရာတော်၏တရားတိတ်ခွေများထဲမှ ဟောတရားအချို့ကို တိတ်ခွေမှ စာအုပ်သို့ အစီအစဉ်ဖြင့် သီတဂူသာသနာပြု ဓမ္မစာစဉ် စာအုပ်များ စီစဉ်ထုတ်ဝေလျက်ရှိပါသည်။ ယင်းတို့အနက် ဤ"ပုဏ္ဏောဝါဒသုတ္တန်တရားတော်" စာအုပ်မှာ သီတဂူသာသနာပြု ဓမ္မစာစဉ်၏ (၃၉) အုပ်မြောက် တရားစာအုပ်ဖြစ်ပါသည်။

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက်နေ့က မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာစေတီတော်ကြီး၏ စေတိယပူဇာ ဓမ္မသဘင်တွင် ဟောကြားသောတရားဖြစ်၍ နေရာဒေသနှင့် သာသနာဝင်၊ ပိဋကတ်ဝင် ပုဏ္ဏောဝါဒသုတ္တန်တို့၏ ထူးခြားသော တိုက်ဆိုင်မှုကို တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓဘုရားရှင် ကြွရောက်ခဲ့သော အထောက်အထားများကို မြန်မာနိုင်ငံ သာသနာဝင်ကျမ်း အစောင်စောင်တို့၌ ဖော်ပြပါရှိပါသည်။ သုဝဏ္ဏဘူမိတိုင်း၊

သုဓမ္မပူရ သထုံပြည်သို့ ဝါတော် (၈)ဝါမြောက်တွင် ရဟန္တာ အရှင်ဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်အရ ဘုရားရှင် ကြွရောက်ခဲ့ကြောင်းကိုလည်းကောင်း၊ ဝါတော် (၂၀)မြောက် တွင် အရှင်မဟာပုဏ္ဏမထေရ်၏ ပင့်လျှောက်ချက်အရ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာသို့ ဘုရားရှင် ကြွရောက်တော် မူခဲ့ကြောင်းကိုလည်းကောင်း သက်သေပြုစရာ မှတ်တမ်း အထောက်အထားများ အထင်အရှား ကြွင်းကျန်ရစ်ခဲ့ကြ ပါသည်။ ယင်းတို့အနက် သုနာပရန္တတိုင်း (ယခု မကွေးတိုင်း ပွင့်ဖြူမြို့နယ်တဝိုက်)လယ်ကိုင်းကျောင်းတော်ရာသို့ ဘုရားရှင် ကြွရောက်တော်မူခဲ့ခြင်းမှာ ပိဋကတ် ပါဠိတော် အထောက် အထားနှင့်တကွဖြစ်၍ ထူးခြားလှပါသည်။

ပုဏ္ဏောဝါဒသုတ္တန်သည် ဥပရိပဏ္ဏာသပါဠိတော်၊ သဠာယတနဝဂ်၌ လည်းကောင်း၊ သံယုတ္တနိကာယ်၊ သဠာ ယတနဝဂ္ဂသံယုတ်၌လည်းကောင်း ပါရှိသော သုတ်တစ်သုတ် ဖြစ်ပါသည်။ ယင်းသုတ်တွင်ပါရှိသော အကြောင်းအရာ များမှာ မြန်မာနိုင်ငံအထက်ပိုင်း သုနာပရန္တတိုင်း၊ ဝါဏိဇဂါမ ရွာသား နောင်တော် မဟာပုဏ္ဏနှင့် ညီတော် စူဠပုဏ္ဏတို့၏ အကြောင်းအရာများဖြစ်သည်။ နောင်တော် မဟာပုဏ္ဏသည် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားရင်း ဗုဒ္ဓဘုရားရှင်အား ဖူးမြင်ရကာ ရဟန်းပြုပြီး ဒေသရင်း သုနာပရန္တတိုင်းသို့ သာသနာပြု ကြွရောက်သည်။ သုနာပရန္တတိုင်းသို့

ရောက်ရှိသောအခါ ညီတော်စူဠပုဏ္ဏက ဆောက်လုပ်လှူဒါန်းသော စန္ဒကူးနံ့သာ ကျောင်းသို့ ဘုရားရှင်အား ပင့်ဆောင်သီတင်းသုံးစေပြီး သစ္စဗန္ဓတောင် အထက်အောက်တို့တွင် ခြေတော်ရာနှစ်ဆူ ချထားပေးတော်မူခဲ့ပုံတို့ကို ဖော်ပြထားပါသည်။

မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်း ကျောင်းတော်ရာ စေတီတော်သည် ပုဏ္ဏောဝါဒသုတ္တန်တွင် ပါရှိသော ဘုရားရှင် (၇) ရက် သီတင်းသုံးတော်မူသွားသည့် ကျောင်းတော်ရာဖြစ်ပြီး ရွှေစက်တော် မန်းချောင်းအတွင်းရှိ အောက်စက်တော်ရာနှင့် သစ္စဗန္ဓတောင် အထက်မှ အထက်စက်တော်ရာတို့သည် ထိုစဉ်က ဘုရားရှင် ချထားပေးတော်မူခဲ့သော ခြေတော်ရာ ပါဒစေတီတော်များ ဖြစ်ပါသည်။

သုနာပရန္တ တိုင်းသို့ သာသနာပြုကြွရန် ခွင့်ပန်သည့် အရှင်မဟာပုဏ္ဏမထေရ်အား ဘုရားရှင်က မေးခွန်း(၆)ခု မေးမြန်းခဲ့ပါသည်။ "သုနာပရန္တ တိုင်းသားတို့သည် ကြမ်းတမ်းရိုင်းပြကြသူများဖြစ်၍ သင့်အား ဆဲရေးခြိမ်းခြောက်ခဲ့ကြပါက အသင်မည်သို့ သဘောထားမည်နည်း" ဟူသော ဘုရားရှင်၏ အမေးကို "ဤသုနာပရန္တ တိုင်းသားတို့သည် ဆဲရေးခြိမ်းခြောက်ရုံသာ ပြုကြသည်၊ လက်ဖြင့် မပုတ်ခတ်ကြသေးဟူ၍ သဘောထားပါမည်"ဟု အရှင်ပုဏ္ဏက ပြန်လည်

လျှောက်ထားခဲ့ပါသည်။ ဆက်လက်၍ "လက်ဖြင့်ပုတ်ခတ်ကြရင်ကော" ဟူသော အမေးကို "ခဲဖြင့် မပစ်ပေါက်ကြသေးဟု ခံယူပါမည်"ဟူ၍ လည်းကောင်း၊ "ခဲဖြင့် ပစ်ပေါက်ကြရင်ကော" ဟူသော အမေးကို "တုတ်ဖြင့်မရိုက်ကြသေးဟု သဘောထားပါမည်"ဟူ၍ လည်းကောင်း၊ "တုတ်ဖြင့်ရိုက်ကြရင်ကော" ဟူသော အမေးကို "ဓားဖြင့်မခုတ်ကြသေးဟု သဘောထားပါမည်" ဟူ၍ လည်းကောင်း "ဓားဖြင့် ခုတ်ကြရင်ကော" ဟူသော အမေးကို၊ "အသေမသတ်ကြသေးဟု သဘောထားပါမည် "ဟူ၍လည်းကောင်း၊ "အသေသတ်ကြရင်ကော"ဟူသော အမေးကို "ဤစက်ဆုတ်ရွံရှာဖွယ်ကောင်းလှသည့် ခန္ဓာကိုယ်ကြီးကို သတ်ပေးကြပေသည်၊ သေစေနိုင်သည့် လက်နက်တစ်စုံတစ်ရာ ရှာစရာမလိုပဲ ခန္ဓာဝန်ကြီးကို စွန့်ရပေသည်ဟု သဘောထားပါမည်" ဟူ၍လည်းကောင်း လျှောက်ထားပါသည်။

ဤတွင် ဘုရားရှင်သည် အရှင်မဟာပုဏ္ဏမထေရ်၏ သည်းခံခြင်းတရား ရင့်ကျက်ပုံကို နှစ်သက်ယုံကြည်တော်မူသဖြင့် သုနာပရန္တ တိုင်းသို့ သာသနာပြုကြွခွင့်ပြုခဲ့ပါသည်။

ပုဏ္ဏောဝါဒသုတ္တန် တရားတော်၏ ထူးခြားချက်ကား ဘုရားရှင်က အရှင်မဟာပုဏ္ဏမထေရ်အား မေးမြန်းသည့် ၆မ ခွန်း (၆) ခုသည် သာသနာပြု ရဟန်းတော်များ ကျင့်သုံးခံယူရမည့် (စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ) ဟူသော ဆောင်ပုဒ်ကို ရည်ညွှန်းပေးခဲ့ခြင်း

ပင်ဖြစ်ပါသည်။ စင်စစ် ပုဏ္ဏောဝါဒ သုတ္တန်သည် မြန်မာနိုင်ငံသား အရှင်မဟာပုဏ္ဏမထေရ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့်အတွက် မြန်မာတို့အနေဖြင့် ဂုဏ်ယူဝင့်ကြွား ဖွယ်ရာ ပြောဆိုနိုင်သည့်သုတ် ဖြစ်ပါသည်။

သီတဂူ ဆရာတော်ဘုရားကြီးသည် ယင်းသုတ္တန် ဖြစ်ပေါ်ပုံနှင့် နီးနွယ်ဆက်စပ်ရာ ဒေသဖြစ်သည့် ကျောင်းတော်ရာ စေတီတော်ကြီး၏ စေတိယပူဇာ ဓမ္မသဘင်တွင် ဟောကြားသော တရားဖြစ်၍လည်း စိတ်ပါ ဝင်စားမှု အပြည့်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဟောကြား ထားသည်မှာ ပြည့်စုံလှပါသည်။

တစ်ဖန် ကျောင်းတော်ရာကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မာစာရ (ဓမ္မာစရိယ)၏ မိတ်ဆက်စာကလည်း သမိုင်းကြောင်းများကို ကောက်သင်းကောက်၍ ထပ်မံ ဖြည့်ဆည်းထားရာ သမိုင်းဆိုင်ရာ အချက်များနှင့် သာသနာပြုဆိုင်ရာ ဩဝါဒတို့ ပြည့်လျှမ်းနေသော ပုဏ္ဏောဝါဒသုတ္တန်ကျမ်း တစ်စောင်ဟု ဆိုရမည်ဖြစ်ပါသည်။

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒများကို ဦးထိပ်ထားလျက် သာသနာရေးဝန်ကြီးဌာန အနေဖြင့် သာသနာတော်အတွက် အကျိုးကျေးဇူးများလှသည့် ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ မြန်မာပြန်ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိသကဲ့သို့

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် အထောက်အကူ ဖြစ်စေမည့် ကောင်းနိုးရာရာ ကျမ်းစာအုပ်များကိုလည်း အခါအားလျော်စွာ ကြားညှပ်၍ ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။

ယခု သီတဂူ ဆရာတော်၏ ဟောတရားတစ်ပုဒ်ဖြစ်သော "ပုဏ္ဏောဝါဒ သုတ္တန်တရားတော်" စာအုပ်ကို ဆရာတော်ထံ ခွင့်ပန်၍ ဒုတိယအကြိမ်အဖြစ် သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေ ဖြန့်ချိအပ်ပါသတည်း။

သာသနာရေးဝန်ကြီးဌာန

# မိတ်ဆက်စာ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာ ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော်ရ သီတဂူ ဆရာတော် ဘုရား ဟောကြားတော် မူအပ်သော 'ပုဏ္ဏောဝါဒ သုတ္တန်တရားတော်' လက်နှိပ်စက်စာမူ၌ပါရှိသော ပါဠိ ဝေါဟာရတို့ကို တည်းဖြတ်ပေးပါရန် သီတဂူ ဦးစိုးအောင် (ပန်းဘဲတန်း)က (၁၃-၁-၉၅)နေ့က လက်နှိပ်စက်စာမူ ကို ပေးအပ်လာပါသည်။ လိုအပ်သည်များကို ပါဠိတော်၊ အဋ္ဌကထာတို့နှင့် တိုက်ဆိုင်ပြင်ဆင်ပေးပြီး ကွန်ပျူတာ စာမူကြမ်းကို ထပ်မံတည်းဖြတ်ပေးရန် လာရောက် အပ်နှံသည့်အခါ ဆရာတော်ဘုရားကြီးက အမှာစာ ရေးသားပေးရန် အမိန့်ရှိပါကြောင်း လျှောက်ထားခဲ့ ပါသည်။ ထို့ကြောင့် အားလပ်ခွင့်ယူ၍ ရေးသား ရပါသည်။

## မူရင်းတရားတော်

ဤပုဏ္ဏောဝါဒသုတ္တန် ဒေသနာတော်သည် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ သဠာယတနဝဂ်၌ လာရှိပါသည်။ တစ်ဖန် သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၌လည်း 'ပုဏ္ဏသုတ်' အမည်ဖြင့် လာရှိပါသည်။ ယင်းသုတ်တော်များကို (မ၊၃။ ၃၁၁-၃၁၄။ မ၊မြန်၊၃။ ၃၁၅-၃၁၈။ မ၊ဋ၊၄။ ၂၃၃-၂၃၉။ သံ၊၂။ ၂၈၅-၂၈၇။ သံ၊မြန်၊၂။ ၂၇၇-၂၈၀။ သံ၊ဋ၊၃။ ၁၉-၂၅) တို့၌ လေ့လာကြည့်ရှုနိုင်ပါသည်။

ပါဠိတော်၌ အရှင်ပုဏ္ဏထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်က အရှင်ပုဏ္ဏထေရ်အား 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော (အခံဓာတ်) အာယတနများ၌ ထိခိုက်လာသဖြင့် သိအပ်သော လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ခင်ဖွယ် ကောင်းသည့် ကာမ(ရာဂ)နှင့် ဆက်စပ်နေသော တပ်မက်ဖွယ်ဖြစ်သည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘာဝမွေ့ ဟူသော (အတိုက်ဓာတ်)

အာယတန ၆–ပါးတို့တွင် တစ်ပါးပါး၌ နှစ်သက်တမ်းတ စွဲမက်မှုဖြစ်လျှင် တပ်မက်မှုဖြစ်ပေါ်လာသည်။ တပ်မက်မှုဖြစ်လျှင် ဆင်းရဲမှုဖြစ်ပေါ်လာသည်။

ယင်းအာယတနတို့၌ နှစ်သက်၊ တမ်းတ၊ စွဲမက်မှု မဖြစ်လျှင် တပ်မက်မှုမဖြစ်တော့၊ တပ်မက်မှုမဖြစ်လျှင် ဆင်းရဲမှုလည်း မဖြစ်တော့ပေ'ဟု တစ်ပါးစီတစ်ပါးစီ ခွဲစိတ်၍ အကျဉ်းချုပ်သြဝါဒစကား မိန့်ကြားတော်မူပုံကို ပထမပိုင်းအနေဖြင့် လေ့လာကြည့်ရှု ကျင့်သုံးနိုင်ပါသည်။ ဤကိုစွဲ၍ ပုဗ္ဗောဝါဒသုတ္တန်ဟူ၍ ဖြစ်ပေါ်လာပါသည်။

ဒုတိယပိုင်းအနေဖြင့် အရှင်ပုဏ္ဏထေရ်၏ လောကဓံနှင့်စပ်၍ သဘောထားရင့်ကျက်မှု အရည်အသွေးကို ဖော်ပြသည့် သာသနာပြုပုဂ္ဂိုလ်များ အတုယူဖွယ် စိတ်နေစိတ်ထား ၇–မျိုးကို သီဟနာဒ (ရဲရဲတောက်ကြွေးဝါးချက်)များအဖြစ် လေ့လာကြည့်ရှုနိုင်ပါသည်။

တတိယပိုင်းအနေဖြင့် အရှင်ပုဏ္ဏထေရ် သုနာပရန္တတိုင်းသို့ ပြန်ကြွ၍ ဝိပဿနာစရ ကျင့်သုံးပုံ၊

သာသနာတော်ပြန့်ပွားရေးအတွက် ဆောင်ရွက်ပုံ၊ ဘဝ ခရီးစဉ်နိဂုံးချုပ်ပုံတို့ကို လေ့လာကြည့်ရှုနိုင်ပါသည်။

အဋ္ဌကထာ၌ အရှင်ပုဏ္ဏထေရ်မြတ် သာသနာတော် အတွင်းဝင်ရောက်လာပုံ၊ ဝိပဿနာလုပ်ငန်း အားထုတ်ခဲ့ သည့်ဌာနများ၊ စန္ဒကူးနံ့သာကျောင်းတော်ကြီး ဖြစ်ပေါ် လာပုံ၊ ဘုရားရှင်နှင့် ရဟန္တာ ၄၉၉-ပါးတို့ သုနာပရန္တ တိုင်းသို့ သာသနာပြုကြွတော်မူပုံ၊ မဟာဂန္ဓကုဋိ၌သာ အရဏ်တက်စေပုံ၊ သစ္စဗန္ဓရသေ့အကြောင်း၊ ပါဒစေတီ တော်များ၊ အရှင်ပုဏ္ဏထေရ်နှင့် သစ္စဗန္ဓထေရ်တို့အား သာသနာပြုရန် တာဝန်ပေးတော်မူခဲ့ပုံ၊ အရှင်ပုဏ္ဏထေရ် ပရိနိဗ္ဗာန်စံဝင်ပုံတို့ကို ဖွင့်ပြတော်မူခဲ့ပါသည်။

## သာသနာ့အားမာန် ဤသုတ္တန်

သီတဂူဆရာတော်၏ ဤပုဏ္ဏောဝါဒသုတ္တန်တရား တော်သည် ဖတ်ရှုကြည့်ရှုကြသူတို့အား သာသနာတော်၌ သက်ဝင်ယုံကြည်မှု အားမာန်တို့ကို ပြည့်ဝအောင် ဖြည့်ပေး နိုင်သော တရားတော်ဖြစ်ပါသည်။ ဆရာတော်သည် ဤသုတ္တန်၌ ဘုရားရှင်၏ နေ့စဉ်ဝေနေယျတို့အား

ချီးမြှောက်တော်မူသော ကထာငါးပါးကို တရားနာယူသူတို့အား သဘောပေါက်နားလည်ပြီး ဘုရားရှင်၏ ဇေတဝန်ကျောင်းတော်တရားပွဲမြင်ကွင်းကို ပီပီပြင်ပြင် ကြည်ညိုခွင့်ရစေရန် ဟောကြားတော်မူထားပါသည်။

ဆရာတော်သည် ဤပုဏ္ဏောဝါဒသုတ္တန်တရားတော်၌ သုနာပရန္တတိုင်း၏ ပထဝီအနေအထားနှင့်စပ်၍ သိမှတ်ဖွယ်၊ အရှင်ပုဏ္ဏမထေရ်ကို အားကျအတုယူပြီး ပဋိပတ္တိဓမ္မများကို ပြည့်ဝအောင် အားထုတ်ကျင့်ဆောင်ဖွယ်၊ သိသင့်သိထိုက်သော ဗဟုသုတ အဖြာဖြာတို့ကို ခြယ်မှုန်းပြီး မူရင်းသုတ္တန်ကို အသက်ဝင်အောင်ရှင်းလင်း ဟောကြားတော်မူထားသဖြင့် မကွေးတိုင်း၊ စကုမြို့နယ်၊ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးနှင့် ရွှေစက်တော် ပါဒစေတီတော်တို့ကို ဖူးမြော်ကြည်ညိုကြသော သူတော်စင်တို့အတွက် အားဆေးကောင်း တစ်ခွက်ပင် ဖြစ်ပါသည်။

## တိုက်တွန်းလွှာ

မိမိလည်း ဤသုတ္တန်တရားတော်ကို ဖတ်ရှုကြည်ညိုခွင့်ရသည့်အတွက် မရရှိသေးသော ဗဟုသုတများရရှိခြင်း၊

ရရှိပြီးသော အသိဉာဏ်များ အမြင်ကြည်လင်ပြတ်သား လာခြင်း စသော အကျိုးတရားအရသာများကို သုံးဆောင် ရသလို ဤပုဗ္ဗောဝါဒသုတ္တန်ဒေသနာတော်ကို ဖတ်ရှု ကြသော တရားသက်ဝင် သူတော်စင်တို့သည်လည်း ကျောင်းတော်ရာစေတီတော်၊ ပါဒစေတီတော်များနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ကြည်ညိုသဒ္ဓါ ကုသိုလ် တရားများ တိုးပွားလာကြသဖြင့် သာသနဓမ္မချမ်းသာ အဝဝတို့ကို မြိန်ယှက်စွာ သုံးဆောင်နိုင်ကြပါစေဟု ဆန္ဒပြုလျက် စေ့စေ့စပ်စပ် ဖတ်ရှုလေ့လာကြည်ညိုကြပါ ဟု တိုက်တွန်းလိုက်ပါသည်။

ဘဒ္ဒန္တ ကုမာရ
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ
မော်ကွန်းထိန်းဆရာတော်
နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)။
ပဓာန နာယကဆရာတော်
မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃၅၇ ခု၊ ဝါဆိုလဆန်း(၈)ရက်၊

**နမောတဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**
**ဓိနသာသနံ စိရံတိဋ္ဌတု**
**ဓိနော မယံ ဇယံ ဒေတု။**

## ၁။ ပုဗ္ဗေဟာဝါဒသုတ္တန်တရားတော်

ဤတရားတော်ကို နိုင်ငံကျော် ဓမ္မကထိက သဲကုန်း အရှင်ဉာဏိဿရ ဆရာတော်သည် ၁၃၄၁ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့တွင် ကျောင်းတော်ရာ ဘုရားကြီး၌ ဟောကြားတော် မူခဲ့ပါသည်။

ဤတရားပွဲ ကျင်းပပြုလုပ်ခြင်းသည် မည်သည့် အသင်း အဖွဲ့ကိစ္စမျှ မဟုတ်ဘဲ ကျောင်းတော်ရာ ဘုရားကြီးအား ဓမ္မပူဇာသက်သက် ကျင်းပပြုလုပ်၍ ပူဇော်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ပူဇော်ခြင်းသည် အကြောင်းရှိပါသည်။ ယင်းအကြောင်းသည် သာသနာဝင်

ကြောင်းလား၊ ရာဇဝင်ကြောင်းလားဟု ဆန်းစစ်ပါလျှင် သာသနာဝင်ကြောင်း ဖြစ်ပါ၏။ မည်သို့ ဖြစ်ပါသနည်း ဆိုပါလျှင် ဤ ပုဗ္ဗောဝါဒသုတ္တန် တရားတော်ကို သေချာ စေ့ငုစွာ ဖတ်ရှုပါက အကြောင်းပေါ်လာမည်ပင် ဖြစ်ပါသည်။

သဲကုန်းဆရာတော် အရှင်ဉာဏိဿရသည် ဌာနနှင့် ဓမ္မ ကိုက်ညီအောင် ဟောတတ်သည့် အားလျော်စွာ ဌာနာဌာနကောသလ္လဉာဏ်နှင့်ယှဉ်၍ ဤကျောင်းတော်ရာ ဌာနတွင် ပုဗ္ဗောဝါဒသုတ္တန် တရားတော်ကို ဟောခြင်း ဖြစ်ပါသည်။

ဟောကြားသည့်အခါမှာလည်း ကွက်ကွက် ကွင်းကွင်း ပေါ်လွင်ထင်ရှားလာအောင် ဥပမာ ဥပမေယျ စုံလင်စွာဖြင့် ဟောပြောတတ်သည့် ဓမ္မကထိကအကျော် တစ်ပါး ဖြစ်သည့်အလျောက် ဤကျောင်းတော်ရာ ဌာန၏ အတ္ထုပ္ပတ္တိကို ပန်းချီရေးပြသကဲ့သို့ သရုပ်ပေါ် လာမည်ပင် ဖြစ်ပါသည်။ ဓမ္မအရသာ အရာမှာလည်း သုတ္တန်ကြောင်း၊ ဝိပဿနာ ကြောင်းတို့ဖြင့် အနှစ်ပါပါ၊ အကွက်မိမိ၊ သာဓကအရှိတို့ဖြင့် ဟောကြားထားသော တရားဖြစ်သောကြောင့် တရားအရသာ ပေါ်လွင်စွာ

ဖတ်ရှုကြရမည် ဖြစ်ပါသည်။ ထို့ပြင် ကာမဂုဏ်ငါးပါး၏ အပြစ်နှင့်တကွ သစ္စာလေးပါး၏ အရှိသဘော အနှစ်တို့ကို ဘုရားရှင်သည် တိုတိုနှင့်လိုရင်း စုံအောင် ပြထားသော တရားတော်ဖြစ်သောကြောင့် တရားချစ်ခင်သူတော်စင်အပေါင်းတို့၏ စိတ်နှလုံးတွင် နှစ်သက်ကြည်နူးမှုအပြည့်ဖြင့် ခံစားကြရလိမ့်မည်ဟု ယူဆပါသည်။

## ၂။ ကျောင်းတော်ရာဌာနနှင့် ပုဏ္ဏောဝါဒသုတ္တန်တရား

ဤဌာနနှင့် ဤတရားတော်သည် မည်သို့အကြောင်း ရှိပါသနည်းဟု စာရှုသူတို့ သိလိုကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အကြောင်းကို အနည်းငယ် ထုတ်နုတ်၍ တင်ပြလိုက်ပါသည်။ ကျောင်းတော်ရာဟူသော အမည်သည် သာသနာ၀င် အမည်လား၊ ရာဇဝင်အမည်လားဟု ဆန်းစစ်ပါလျှင် သာသနာ၀င်အမည် ဖြစ်ပါသည်။ မည်သို့ဖြစ်ပါသနည်း ဟူသော် .... ဘုရားရှင်၏ ကျောင်းနေရာ ဖြစ်သောကြောင့် (ကျောင်းတော်ရာ) ဟု အမည် တွင်ရစ်နေခြင်း ဖြစ်ပါသည်။ မည်သို့မည်ပုံ ဖြစ်ပါသနည်းဟူမှု ဤပုဏ္ဏောဝါဒသုတ္တန် တရားတော်က

ဖော်ပြမည် ဖြစ်ပါသည်။

## ၃။ ကျောင်းတော်ရာနှင့် သုနာပရန္တတိုင်း

ဥပရိပဏ္ဏာသပါဠိတော် (၃၁၂) ၌ (ဣမိနာ စ တွံ ပုဏ္ဏ မယာ သံခိတ္တေန ဩဝါဒေန ဩဝဒိတော ကတရသ္မိံ ဇနပဒေ ဝိဟရိဿသီတိ။ ဣမိနာဟံ ဘန္တေ ဘဂဝတာ သံခိတ္တေန ဩဝါဒေန ဩဝဒိတော အတ္ထိ သုနာပရန္တော နာမ ဇနပဒေါ၊ တတ္ထာဟံ ဝိဟရိဿာမီတိ) ဟု လာရှိပါသည်။

မြတ်စွာဘုရားသည် မဟာပုဏ္ဏရဟန်း၏ အကျဉ်းအားဖြင့် တရားပေးတော်မူရန် တောင်းပန်လျှောက်ထားချက်အရ တရားပေးပြီးသော အခါတွင် 'ချစ်သား၊ အဘယ်အရပ်မှာ နေမည်ဖြစ်ပါသလဲ' ဟု မေးသော အခါ၌ 'တပည့်တော်သည် သုနာပရန္တဇနပုဒ် အရပ်မှာ နေမည်ဖြစ်ပါသည်ဘုရား' ဟုလျှောက်ထားခဲ့ပါသည်။

ဤတွင် ဥပရိပဏ္ဏာသအဋ္ဌကထာ (၂၃၄-၂၃၉) ၌ အကျယ်ဖွင့်ပြထားပါသည်။ ယင်း အဋ္ဌကထာကျမ်းလာ စကားအရ မဟာပုဏ္ဏရဟန်းမြတ်သည် သုနာပရန္တတိုင်း အရပ်၌ ဝါဏိဇဂါမရွာကို ဂေါစရဂါမ် အမှီပြု၍ လေးဌာန

တို့၌ သီတင်းသုံးလျက် ရဟန်းတရား အားထုတ်ကြောင်း၊ ထိုဝါတွင်း၌ ရဟန္တာအဖြစ်သို့ ရောက်တော် မူကြောင်း၊ ထိုဝါတွင်း၌ပင် ဥပါသကာငါးရာ၊ ဥပါသိကာမငါးရာ တို့ကို သရဏဂုံသီလ၌ တည်စေခဲ့ကြောင်း၊ ရှင်ပုဏ္ဏ သျှကြွယ်အမျိုးပြုသော ကုန်သည်ငါးရာတို့သည် စန္ဒကူး နံ့သာကျောင်းတော် ဆောက်လုပ်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့ကြောင်း၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန္တာ ငါးရာနှင့်တကွ ကြွရောက်၍ အလှူခံလျက် သတ္တဝါများအား ၇ ရက်လုံးလုံး တရားဟောကြားတော် မူခဲ့ကြောင်း၊ တစ်နေ့တစ်နေ့လျှင် ပရိသတ်ပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် ကျွတ်တန်းဝင်ခဲ့ကြ ကြောင်း၊ ပြန်ကြွသောအခါတွင် နမ္မဒါမြစ်ကမ်းပါး၌ ခြေတော်ရာတစ်ဆူ၊ သစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာ တစ်ဆူ ချထားတော်မူခဲ့ကြောင်း၊ မဟာပုဏ္ဏရဟန္တာ၊ သစ္စဗန္ဓ ရဟန္တာ အရှင်မြတ်နှစ်ပါးကိုလည်း သာသနာ ပြုရစ်ရန် ၎င်းတို့၏ နေရာများ၌ပင် ထားတော်မူခဲ့ကြောင်း စသည်တို့ကို ဖွင့်ပြတော်မူပါသည်။

ဤကဲ့သို့ ကျမ်းဂန်လာ စကားအရ သုနာပရန္တ တိုင်း အရပ်သည် ....

၄၊၀၉၊၂

၁။ အဇ္ဇုပဟတ္ထအရပ်၊
၂။ သမုဒ္ဒဂီရိအရပ်၊
၃။ မာတုလဂီရိအရပ်၊
၄။ မကုလကာရာမအရပ်၊
၅။ စန္ဒကူးနံ့သာကျောင်းနေရာ၊
၆။ ဝါဏိဇဂါမရွာ၊
၇။ နမ္မဒါမြစ်ကမ်းပါး၌ ခြေတော်ရာတစ်ဆူ၊
၈။ သစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာတစ်ဆူ၊

ဤကဲ့သို့သော တည်ရာဌာနများ ရှိနေရမည် ဖြစ်ပါသည်။

ယခု ကျောင်းတော်ရာ၊ စက်တော်ရာ ဝန်းကျင်အရပ်ဒေသတွင် ကျမ်းဂန်လာ စကားအတိုင်း ၎င်းတည်ရာဌာနများ ရှိနေကြပါသည်။ သို့ဖြစ်၍ ယခုအခေါ် စကုမြို့အရှေ့ (ရှေးအခေါ် သကုဏမြို့၊ သကုဏသံဃောဥဿန္နောဟု ကျမ်းဂန်လာအရ) ရွှေမြင်တင်တောင် ဘုရားသည် ရှေးအခါက အဇ္ဇုပဟတ္ထအရပ် ဖြစ်ကြောင်းကို သမိုင်းစာဟောင်းတို့၌ များစွာ လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ရှေးဆရာမြတ်တို့သည် မှတ်သားရန် လွယ်ကူစိမ့်သောငှာ (စကုရှေ့တွင်၊ ရွှေမြင်တင်၊ ရှေးပင်အဇ္ဇုပဟတ္ထ) ဟု စပ်ဆိုတော်မူခဲ့ကြပါသည်။

ထို့အတူ ယခု မင်းဘူးမြို့၊ မန်းရေနံမြေအနီးရှိ အောက်ကျောင်း ကြာကန်ဘုရားတည်ရာ ဌာနသည် သမုဒ္ဒဂီရိ အရပ် ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် (မင်းဘူးမြောက်မှာ၊ ငါးရာကျွာ၊ ရှေးခါသမုဒ္ဒ)ဟု စပ်ဆို ထားခဲ့ကြပါသည်။ ထို့အတူ စကုမြို့အနီးရှိ ထီးကြီးဘုရား နေရာသည် ရှေးအခါက မာတုလဂီရိအရပ်ဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် (စကုမြို့မှာ၊ ထီးကြီးရာ၊ ရှေးခါမာတုလ) ဟု စပ်ဆိုတော် မူခဲ့ကြပါသည်။ ၎င်းနောက် ယခု ကျောင်းတော်ရာ ဘုရားကြီး တည်ရှိ သည့်အရပ်သည် မကုလကာရာမအရပ် မည်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် (ယခု ကျောင်းတော် ရာ၊ တောင်ငါးရာ၊ ရှေးခါမကုလ) ဟု စပ်ဆိုတော်မူခဲ့ကြ ပါသည်။ ဝါဏိဇဂါမရွာသည် ယခု ကျောင်းတော်ရာ ဘုရားကြီး၏ အရှေ့တောင်ဘက် မုန်းချောင်း ကမ်းပါး တွင်တည်ရှိသော သစ်တော်ရွာဝန်းကျင်အရပ် ဖြစ်ကြောင်း ကို (ကုန်သည်ရွာနော်၊ ရှေးခါခေါ်၊ သစ်တော်ယခုမှ။ ရှေ့ကျောင်းတော်ရာ၊ သစ်တော်ရွာ၊ ရှေးခါသုပ္ပာဒက) ဟု ရှေးစာဟောင်းတို့၌ များစွာတွေ့ရှိရပါသည်။

**မှတ်ချက်။** (ရှေးခါကျမ်းလာအရ ဝါဏိဇဂါမဖြစ်၍) ယခုအခါ သစ်တော်ရွာ တွင်သည်မှာ ကုန်သည် ရှင်ဥပုဏ္ဏသူကြွယ် အမှူးပြုသော ကုန်သည်ငါးရာတို့သည် ရွက်သင်္ဘောဖြင့် ရေကြောင်းခရီး ကုန်ကူး သွားကြရာတွင် စန္ဒကူးနံ့သာကျွန်းမှ ရရှိခဲ့သော စန္ဒကူးသစ်များ တင်ဆောင်လာသော (သစ်သင်္ဘော ဆိုက်ကပ်ရာ အရပ်နေရာ ဖြစ်သောကြောင့်) ဤအချိန်မှစ၍ လောက ဝေါဟာရအားဖြင့် လူအများတို့သည် (သစ်တော်ရွာ) ဟု ခေါ်တွင်လာကြောင်းကို လေ့လာသိရှိရပါသည်။

စန္ဒကူးကျောင်းရာနေရာကား ယခု ကျောင်းတော်ရာ စေတီတော်မြတ်ကြီး တည်ထားရာ နေရာဖြစ်ပါသည်။ နမ္မဒါမြစ်ကမ်းပါး၌ ခြေတော်ရာ၊ သစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာမှာကား ယခု မန်းချောင်းဝဲယာ၌ တည်ရှိ စမ္ပါယ်တော်မူလျက်ရှိသော အောက်စက်တော်ရာ၊ အထက် စက်တော်ရာ ပါဒစေတီတော်များပင် ဖြစ်ပါသည်။

ဤကဲ့သို့ ပါဠိတော် အဋ္ဌကထာလာ စကားများ အတိုင်း ကုံလုံပြည့်စုံစွာ အထင်အရှား ရှိနေပါသော ကြောင့် ယခု ဤမကွေးတိုင်း အနောက်ခြမ်း၊ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ကျောင်းတော်ရာ၊ ပွင့်ဖြူ၊ စလင်း၊

ကျပင်း စသည့် အနောက်ရိုးမတောင်ခြေနှင့် ဧရာဝတီမြစ် အနောက်ဘက် ပြန့်ပြောညီညာ ကျယ်ဝန်းစွာ တည်ရှိသော အရပ်ဒေသများကို ရှေးအခါက သုနာပရန္တတိုင်း ဖြစ်ကြောင်းကို ကျမ်းဂန်ပေါင်း ၂၀ ကျော်မှာ တညီတညွတ်တည်း ရေးသားဖွင့် ဆိုထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် (ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံး၊ စာတတ် နောက်ဆုတ်ခင်ကြီးဗုဓ်) ဟု ပရိယတ္တိအရာ သာသနာ့လောကတွင် ဥဒါန်းတွင်ရစ်တော်မူရသည့် ပိဋကတ်ကျမ်းတတ် အကျော်အမော် နိသျကျမ်းပြု ညောင်ကန်ဆရာတော် ဦးဗုဓ်သည် ပါဠိတော်အဋ္ဌကထာ ကျမ်းဂန်လာအရ ဤကျောင်းတော်ရာ၊ စက်တော်ရာဌာန များသို့ လှေတတန်၊ လှည်းတတန်၊ ကုန်းကြောင်း တတန်နှင့် တောတောင် လျှိုမြောင် အထပ်ထပ်ကို ပမာဏထားတော် မမူဘဲ ဘုရားဖူး ကြွရောက်တော်မူခဲ့ ပါသည်။

ဤကဲ့သို့ ဆရာတော်ကြီးများ ခက်ခက်ခဲခဲ ကြွရောက် ဖူးမြော် ပူဇော်ခဲ့ခြင်းသည်ပင် ဤနေရာ ဤဌာန၏ လေးနက်မှု၊ တန်ခိုးကြီးမားမှုတို့ကို ပေါ်လွင်ထင်ရှား

စေခဲ့ပါသည်။ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမအနီး မကုလကာရာမ အရပ်ရှိသော စန္ဒကူးနံ့သာ ကျောင်းတော် နေရာနှင့် နမ္မဒါမြစ်ကမ်းပါးရှိ ခြေတော်ရာ သစ္စဗန္ဓ တောင်ထိပ်ရှိ ခြေတော်ရာနှစ်ဆူတို့၏ အထွဋ်ပြွတ်တို့ကို ပိုမို၍ လေးနက်ခိုင်လုံစေခဲ့ပါသည်။

**မှတ်ချက်။** (ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံး၊ စာတတ် နောက်ဆုတ် ခင်ကြီးဗုဓ်) ဟူရာ၌ ဗုဓ်အစဆိုသည်မှာ ရှင်တော် မြတ်စွာဘုရား ဗုဒ္ဓကိုဆိုပါသည်။ ဗုဓ်အလယ် ဆိုသည်မှာ အဋ္ဌကထာကျမ်းပြုရှင် မဟာဗုဒ္ဓဃောသကို ဆိုပါသည်။ ဗုဓ်အဆုံး ဆိုသည်မှာ ဆရာတော် ဦးဗုဓ်ပင် ဖြစ်ပါသည်။ စာတတ်နောက်ဆုတ် ခင်ကြီးဗုဓ်ဆိုသည် မှာကား နောင်တွင် ဆရာတော် ဦးဗုဓ်လောက် ပညာ ဉာဏ်ကြီးမားသူ ရှားပါးလိမ့်မည်ဟု ဆိုလိုရင်း ဖြစ်ပါ သည်။

ဆရာတော် ဦးဗုဓ်မျှသာ မကသေး၊ တိုင်းရေးပြည်ရေး မငြိမ်သက်မှုကြောင့် ခြေတော်ရာသို့ အဖူးအမြော် မရောက်နိုင်ကြဘဲ တိမ်မြုပ်နေခဲ့ရာတွင် ပါဠိတော် အဋ္ဌကထာကျမ်းဂန်အရ သာသနာ့သမိုင်းဟောင်း အကျော်

အမော်တစ်ဆူ ဖြစ်တော်မူသော တောင်ဖီလာဆရာတော်ဘုရားသည် နောက်ပါသံဃာများနှင့်တကွ ကြွရောက်ဖော်ထုတ်၍ ဖူးမြော်ပူဇော်တော် မူခဲ့ကြောင်းကို သမိုင်းစာဟောင်းတို့၌ များစွာလေ့လာတွေ့ရှိရပါသည်။

ယို့အပြင် မဃဒေဝလင်္ကာကျမ်းပြု မန်လည်ဆရာတော်ဘုရား၊ စွယ်စုံကျော်ထင်ကျမ်းပြု ကျီးသဲလေးဘပ်ဆရာတော်ဘုရား၊ သမန္တစက္ခုဒီပနီကျမ်းပြု မုံရွေးဇေတဝန် ဆရာတော်ဘုရား၊ တိုင်းကြီး သောဠသကမ္ဘာမြေပုံကျမ်းနှင့် တိုင်းကြီးသောဠသရဋ္ဌဒီပနီကျမ်းပြု ရဟန္တာတစ်ဆူ ကျော်ကြားတော်မူသော သေဉ္ဇာတောင်ဆရာတော် ဦးတိလောက၊ နရသာသနကျမ်းနှင့် ပဒစေတီယဒီပနီကျမ်းပြု ဆရာတော် ဦးဒီပ၊ ဝံသမေဒနီကျမ်းပြု မဲထီ့ဆရာတော်၊ ဝံသမေဒပကာသနီ ကျမ်းပြု ဒုတိယ ဘုရားဖြူဆရာတော်၊ စေတီယ ပကာသနီကျမ်းပြုဆရာတော် ဦးမေဓာဝီ အစရှိသော ပိဋကတ်ကျမ်းတတ် အကျော်အမော် သီလသမာဓိဂုဏ်သတင်းကျော်ကြားတော်မူကြသော ရှေးဆရာတော်ကြီးများစွာတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သက်တော်ထင်ရှား ရှိတော်မူစဉ် ရဟန္တာ ငါးရာနှင့် ကြွရောက်

တော်မူ၍ စန္ဒကူးနံ့သာ ကျောင်းတော်ကို အလှူခံ၍ ၇ ရက် သီတင်းသုံးတော်မူရာ ခြေတော်ရာ ချထားတော်မူရာ သုနာပရန္တတိုင်း အရပ်ဌာနသည် ယခု ကျောင်းတော်ရာ စေတီ၊ စက်တော်ရာ စေတီတည်ရှိတော်မူသည့် အရပ်ဒေသများ ဖြစ်ကြောင်းကို တညီတညွတ်တည်း ကျမ်းများပြုစုရေးသား၍ ဖော်ထုတ်ပူဇော်တော်မူခဲ့ကြပါသည်။

**မှတ်ချက်။** ထို့ပြင် အခြား ကျမ်းပေါင်းများစွာ ရှိပါသေးသည်။ စာကျယ်မည်စိုး၍ ကျမ်းကိုးစာရင်း၌သာ ဖော်ပြပါတော့မည်။

•

ထို့ပြင် ကဗျာ၊ လင်္ကာ၊ ရတုများနှင့် စပ်ဆိုင်ပါလျှင်လည်း ညောင်ကန် ဆရာတော် ဦးဇုမ်သည် စက်တော်ရာနှင့် ကျောင်းတော်ရာ ဘုရားဖူးသွားခရီးစဉ်ရတုများကို ရေးစပ်ပူဇော်တော် မူခဲ့ပါသည်။ မင်းဘူးဆရာတော် ဦးသြဘာသ (ဇာတ်တော်ဆယ်ဘွဲ့ စကားပြေ ကျမ်းပြု)၊ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ အစရှိသော ကဗျာစာဆိုရှင် အကျော်အမော် များစွာတို့

သည်လည်း ဤသုနာပရန္တတိုင်း အရပ် ခေါ်တွင်သည့် ကျောင်းတော်ရာ၊ စက်တော်ရာတို့နှင့် ပတ်သက်၍ များစွာ ဖွဲ့နွဲ့သီကုံး ရေးသားလျက် ပူဇော်တော်မူခဲ့ကြပါသည်။

**မှတ်ချက်။** အကျယ်သိလိုပါမူ **စက်တော်ရာ**၊ ကျောင်းတော်ရာ သမိုင်းကျမ်းများ၌သာ **ရှုတော်မူကြ**ပါကုန်။

## ၄။ မဟာပုဏ္ဏရဟန္တာမထေရ်မြတ်နှင့် ကျောင်းတော်ရာစေတီတော်

ဤပုဏ္ဏောဝါဒသုတ္တန် တရားတော်သည် ကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ သမိုင်းတရားဟုဆိုလျှင် မှားနိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် မဟာပုဏ္ဏရဟန္တာကို အကြောင်းပြု၍ အထက်ဖော်ပြပါ ဌာနများ၊ စေတီဘုရားများနှင့် ဤကျောင်းတော်ရာ စေတီတော်ကြီး တည်ရှိပေါ်ပေါက် လာရသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစေတီတော်ကြီးသည် သာသနာ့ကျမ်းဂန်မှာ တိုက်ရိုက် ပါဝင်နေသည့်အတွက် သာသနာဝင်သမိုင်း၊ ရာဇဝင်သမိုင်း ၂-မျိုး၏ စေတီတော်ကြီး

ဖြစ်ပါသည်။ သို့ရာတွင် ဤ ပုဗ္ဗောဝါဒသုတ္တန် တရားတော်က သာသနာဝင် သမိုင်းကြောင်းကို ဖော်ပြလတ္တံ့ ဖြစ်ပါ၍ ရာဇဝင်သမိုင်းမျှကိုသာ အနည်းငယ် ထည့်သွင်းဖော်ပြပါမည်။

ဤကျောင်းတော်ရာ စေတီတော်ကြီးဌာနသို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဝါတော် ၂၀ အလွန်တွင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်၊ ရှင်အာနန္ဒာတို့ အပါအဝင် နောက်ပါရဟန်းသံဃာတော် ငါးရာနှင့်တကွ ကြွရောက်တော်မူ၍ စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို အလှူခံတော်မူလျက် ၇ ရက် သီတင်းသုံးတော် မူခဲ့ပါသည်။ ပရိသတ်များကို တရားဟော ချွေချွတ်တော်မူရာတွင် တစ်နေ့တစ်နေ့လျှင် (၈၄၀၀၀) ရှစ်သောင်းလေးထောင် ကျွတ်တန်းဝင်ခဲ့ကြရပါသည်။ ပြန်ကြွသောအခါတွင် မဟာပုဏ္ဏ ရဟန္တာကို သာသနာဆက်ပြုစုရန် ထားတော်မူပြီး (နောင်သောအခါ အရိမဒ္ဒန ပေါက္ကာရာမ ပြည်ကို အစိုးရသော အလောင်းစည်သူမင်းသည် ဖောင်စကြာနှင့် တိုင်းခွင်လှည့်လည်၍ ဆိုက်ရောက် လာသောအခါ **ဤငါ၏ သရက္ခန်ကျောင်းရာ၌** စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်းကို ပြုလတ္တံ့.) ဟု ဗျာဒိတ်စကား

မိန့်မှာတော်မူခဲ့ပါသည်။ ပြန်ကြွတော် မူမည့် လမ်းခရီး နမ္မဒါမြစ်ကမ်းပါးနှင့် သစ္စဗန္ဓတောင်ထိပ် တို့၌ ခြေတော်ရာ ချတော်မူခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ မန်းစက်တော်ရာဟု ကျော်ကြားလျက် သတ္တဝါအများ တို့၏ ဦးခိုက်ပူဇော် ဖူးမြော်ကိုးကွယ်ရာအဖြစ် စံပယ်တော် မူလျက် ရှိနေပါသည်။

အချိန်ကာလအားဖြင့် ဆိုပါလျှင် ဝါတွင်းကာလ ဖြစ်ဟန်တူပါသည်။ အဘယ့်ကြောင့် ဆိုပါလျှင် အဠကထာ၌ ၇ ရက်သီတင်း သုံးတော်မူခြင်း၊ အရဏ်ကို မဟာဂန္ဓကုဋီတိုက်တော်၌ ယူတော်မူခြင်းဟု ပါရှိပါသည်။ ဤသို့ အရဏ်နှင့် ခွန်နစ်ရက်ဟု အသုံးအနှုန်းသည် ရဟန်းသံဃာတော်များ၏ ဝါတွင်းကာလ ခရီးသွားလာမှု အတွက် အသုံးပြုသည့် ဝိနည်းကံ အသုံးအနှုန်းဖြစ်၍ ဝါတွင်းကာလဟု ယူဆရန် ရှိပါသည်။

ထို့အပြင် ဥပရိပဏ္ဏာသ ပါဠိတော် (၃၁၄)၌ (အထခေါ အာယသ္မာ ပုဏ္ဏော တေနေဝန္တရဝဿေန ပဉ္စမတ္တာနိ ဥပါသကသတာနိ ပဋိဝေဒေသိ၊ (ပ) တေနေဝန္တရဝဿေန တိဿော ဝိဇ္ဇာ သစ္ဆာကာသိ) ဟု လာရှိသဖြင့် ဝါတွင်းကာလ၌ ကြွရောက်တော်မူကြောင်း

၂၃၇၅၀

ကို မုချအားဖြင့် ယူဆရန် ရှိပါသည်။

## ၅။ ကျောင်းတော်ရာဘုရားနှင့် ဝါတွင်းကာလ ဘုရားငါးများ

ဝါတွင်းကာလ ဘုရားကြွရောက်တော်မူကြောင်းကို ယခုအခါ ဝါတွင်းအချိန်ရောက်မှ လာကြသော ငါး သင္ဘာဝါများကပင် ထောက်ခံသလို ဖြစ်နေပါသည်။ ၎င်းငါးများသည် ဝါထပ်ရက်ငင်ကိုသိ၍ ဝါမထပ်လျှင် ပထမ ဝါဆိုလပြည့်နေ့တွင် ရောက်လာကြပါသည်။ ဝါထပ်လျှင် ဒုတိယဝါဆိုလပြည့်မှသာ ရောက်လာကြ ပါသည်။ ပြန်သောအခါတွင်လည်း သီတင်းကျွတ် လပြည့်ကျော်မှသာ ပြန်ကြပါသည်။ ၎င်းငါးများသည် မုန်းချောင်းအတွင်း ဘုရားဘက်ကမ်းမှသာ အစာကျွေးကြ ရပါသည်။ တခြားဘက်ကမ်း၌ မစားကြပါ။ ငါးစာ များမှာလည်း အသက်လွတ် မုန့်၊ ဖွဲနုဆုပ်၊ ထမင်း စသည်တို့ကိုသာ ကျွေးကြရပါသည်။ အစာကျွေးသူ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ဝါတွင်းလုံးနေကြ၍ ဝါကျွတ်မှသာ ပြန်ကြပါသည်။ ဝါမဆိုမီ မုန်းချောင်း အတွင်း၌ ရေမည်မျှ များနေစေကာမူ ဝါဆိုလပြည့်

မတိုင်ဘဲ လာရောက်ပေ့ မရှိကြပါ။ တစ်ခါတစ်ရံ မုန်းချောင်းအတွင်း၌ ရာသီဥတုအခြေအနေအရ ရေများ အလွန်နည်းသွားပါက ငါးများပြန်ချိန်တွင် ရေများ လာရပါသေးသည်။ သီတင်းကျွတ်မှ ပြန်တာများပါ သည်။ သီတင်းကျွတ်ပြီးလျှင်ကား မုန်းချောင်းအတွင်း၌ ရေမည်မျှများနေစေကာမူ မနေကြတော့ဘဲ ပြန်ကြပါ သည်။ ပြန်သွားသော အခါမှာလည်း မည်သည့်နေရာ ဒေသမှ ပေါ်သည်ဟုမကြားရ၊ မတွေ့ရတော့ဘဲ ဝါတွင်း ကျရောက်မှသာလျှင် ဤ ကျောင်းတော်ရာဘုရား၌ လာရောက်ကြပါသည်။ ယင်း ငါးများတွင် အခြားမျိုးကွဲ ငါးများမပါဝင်ဘဲ ၎င်းတို့ တစ်မျိုးတစ်စားထဲ ငါးများသာ ဖြစ်ပါသည်။ ကြွေရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေသော ငါးများလည်း ပါဝင်ပါသည်။ အရွယ်အစားမှာ လူ ကိုယ်လုံးနီးပါးပင် ရှိကြပါသည်။ ငါးအုပ်ထဲ လူများ ဆင်းကျွေးခြင်း၊ မတော်တဆကျခြင်းတို့ ဖြစ်သော်လည်း မည်သို့မျှ အန္တရာယ်မပြုပါ။ ဆူးတောင်များကို ရုပ်သိမ်း ထားကြပါသည်။ လက်နှိုက်ကျွေးသော် လည်း လက်နှုတ် မှသာ အစာစားကြပါသည်။ လက်ပတ်နာရီ စသည်တို့ ငါးပါးစပ်ထဲကျသော် ပါးစပ်ထဲမှ ပြန်ယူလို့ရပါသည်။

ဤငါးများ၏ ထူးခြားမှုနှင့် ယဉ်ပါးမှုတို့မှာ (ပြောမယုံ၊ ကြုံဖူးမှသိဆိုသလို) ထူးဆန်းလျက်ရှိနေပါသည်။ ယင်းငါးများသည် အစာကျွေးသူတို့ ပွေ့ဖက်ကိုင်တွယ်လို့လည်း ရပါသည်။ မြစ်ချောင်းအတွင်း၌ ရေရှင်၌နေသောငါးများက လူတို့ကိုင်တွယ် ပွေ့ဖက်လို့ရသည်၊ ဝါထပ်ရက်ငင်ကိုသိ၍ ဝါတွင်းမှသာလာသည်။ တစ်နိုင်ငံလုံးဤကျောင်းတော်ရာဘုရားမှာသာ လာသည် ဆိုသည့်အချက်များသည် ထူးခြားသည့် အံ့သြဖွယ်ရာများဖြစ်နေပါတော့သည်။ အချိန်ကာလ အားဖြင့်လည်းမည်သည့်ခုနှစ်၊ မည်သည့် ကာလမှစ၍ လာနေကြသည်ဟု မည်သူမျှ မပြောနိုင်ဘဲ ရှေးပဝေသဏီအစဉ်အဆက် ကာလကတည်းက ဆရာတော်ကြီးများအစဉ်အဆက်၊ ကျေးရွာလူကြီးများ အစဉ်အဆက်တို့သည် ငါးများလာရောက်ချိန် ပြန်ချိန်တွင် ၎င်းတို့၏အန္တရာယ် ကင်းရှင်းရေးအတွက် စောင့်ရှောက်ပြုစုပေးရသော ထိန်းသိမ်းမှု အစဉ်အလာ ရှိနေရစ်ပါသည်။ ကျောင်းတော်ရာမုန်းချောင်းမှာ ရွှေစက်တော် မန်းချောင်းထက် ကျယ်ပြန့်၍ မိုးတွင်းကာလ ရေများချိန်တွင်ကျောင်းတော်ရာ နှင့် ရေနံချောင်းသို့ နေ့စဉ်ရေမော်တော်

များ အချိန်မှန် ပြေးဆွဲခုတ်မောင်းလျက် ရှိနေပါသည်။ ဘုရားကြီး အရှေ့တည့်တည့် သုံးဖာလုံခန့်အကွာတွင် ငါးကျွေးဆိပ် မော်တော်ဆိပ် ရှိပါသည်။ ဤကဲ့သို့ အဟိတ်တိရစ္ဆာန် ဖြစ်သည့် ငါးသတ္တဝါများကပင် ဤကျောင်းတော်ရာ ဘုရား၌ ထူးခြားမှုတို့ဖြင့် ဂါထပ်ရက်ငင် သိ၍ ရောက်လာကြခြင်းသည် ဘုရားကြီး၏ ထူးခြားသည့် တန်ခိုးတော်နှင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဝါတွင်းကာလမှာ ကြွရောက်ကြောင်းကို သက်သေပြုသလို ရှိနေပါတော့သည်။

## ၆။ မဟာပုဏ္ဏရဟန္တာမြတ်နှင့် အဓိဋ္ဌာန်တန်ခိုးတော်

မြတ်စွာဘုရားရှင် ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွသော အခါတွင် မဟာပုဏ္ဏရဟန္တာအရှင်မြတ်အား စန္ဒကူးကျောင်းတော်၌ သာသနာ ဆက်လက်ပြုစုရန် ထားတော်မူခဲ့ပါသည်။ ထိုကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ(၂၃၈)၌ (တွံ ဣဓေဝ ဝသာဟီတိ ပုဏ္ဏတ္ထေ ရံ နိဝတ္တေတွာ) ဟု လာရှိပါသည်။

ရဟန္တာအရှင်သူမြတ်သည် သာသနာ ပြုစုတော်မူလျက် ပရိနိဗ္ဗာန်စံဝင်အံ့သောအခါတွင် (ငါမရှိသည့်

နောက် သာသနာကွယ်လျှင် ဤစန္ဒကူးနံ့သာ ဘုရားကျောင်းတော်သစ်များကို လူများမသိ၍ သုံးစွဲမိချေသော် အပါယ်လားရောက်ကြရမည့်ဘေးကို မြင်တော်မူသဖြင့်) အဓိဋ္ဌာန်တော်မူလျက် အဓိဋ္ဌာန် (၄) ချက်ဖြင့် လက်လေးသစ်မျှကို အဖိုးတစ်သိန်း ထိုက်တန်သဖြင့် တန်ကြေးမဖြတ်နိုင်သော စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို အဓိဋ္ဌာန် တန်ခိုးတော်ဖြင့် ကွယ်ပတော်မူခဲ့ပါသည်။ စန္ဒကူးကျောင်းရာ အမှတ်အသားအဖြစ် (ဘုရားရှင်သီတင်းသုံးတော်မူသည့် နေရာတွင် သေလာမယစေတီနှင့် ကျောင်းတော်ကြီး၏ အကျယ်အဝန်းပြ ထောင့်လေးထောင့်နေရာတွင် အမှတ်အသား မှတ်တိုင်များသာ တည်ထားတော် မူခဲ့ပါသည်) မဟာပုဏ္ဏ ရဟန္တာ ပရိနိဗ္ဗာန် စံဝင်သောအခါတွင် ဘုရားကြွလာ၍ မီးသင်္ဂြိုဟ်တော်မူပြီး ဓာတ်တော်များကို စေတီ တည်ထားတော်မူပါသည်။ ထို့ကြောင့် ပါဠိတော်(၃၁၄)၌ (အထခေါ သမ္ဗဟုလာ ဘိက္ခူ ယေန ဘဂဝါ တေနုပသင်္ကမိံသု)ဟု လာသည်ကို အဋ္ဌကထာ (၂၃၉)၌ (သမ္ဗဟုလာ ဘိက္ခူတိ ထေရဿ အာဠာဟနေ ဌိတဘိက္ခူ) ဟု ဖွင့်ပြတော်မူပါသည်။ ထို့ကြောင့် ကျောင်းတော်ရာ စေတီ

တော်မြတ်ကြီး၏ မြောက်ဘက်တွင် မဟာပုဏ္ဏရဟန္တာ ၏ ဓာတ်တော်စေတီ မူလ ကျောင်းရာ စေတီတော်များသည် ယနေ့တိုင်တည်ရှိလျက်ဖြစ်ပါသည်။

မဟာပုဏ္ဏ ရဟန္တာ အရှင်မြတ်သည် အဓိဋ္ဌာန်တန်ခိုးသုံးတော်မူ၍ စန္ဒကူးနံ့သာကျောင်းတော်ကြီးအား ကွယ်ပတော်မူလျက် သေလာမယ စေတီတော်နှင့် ကျောင်းတော်၏ အကျယ်အဝန်း မှတ်တိုင်လေးချက်ကိုသာ အဓိဋ္ဌာန်တန်ခိုးတော်ဖြင့် ထားတော်မူခဲ့သည် ဟူသောအချက်သည် အလွန်ယုတ္တိသာဓက ရှိလှပေသည်။ အဘယ်ကြောင့်ဆိုသော် အဋ္ဌကထာ ကျမ်းမှာလည်း အဓိဋ္ဌာန်တန်ခိုး သုံးတော်မူကြောင်းကို ဖွင့်ပြလျက် ရှိပါသည်။ ယခုကျောင်းတော်ရာ စေတီတော်ကြီး၏ တည်နေဟန်၊ ကျောင်းတော်၏ အကျယ်အဝန်း၊ ပြထောင့်စေတီလေးဆူ၏ တည်နေဟန်တို့မှာလည်း အဓိဋ္ဌာန်လေးချက်ပါအတိုင်း ရှိနေပါသည်။

ဤတွင် စေတီတော်ကြီးသည် ထောင့်စေတီလေးဆူ၏ အလယ်တည့်တည့် မဟုတ်မူဘဲ ရာဟုထောင့်ဘက်သို့ နီးကပ်စွာတည်ရှိနေသည်ကို ဖူးမြင်ရပေသည်။ ဤသည်မှာ ဗျာဒိတ်တော်ရသော မဏိစည်သူ မင်းကြီးသည်

စန္ဒကူးကျောင်းရာ သေလာမယစေတီနှင့် မှတ်တိုင်လေးချက်ကို တွေ့သည့်အတိုင်း အပြုအပြင်မရှိတည်ထားတော်မူရသည် ဆိုသည့်အချက်ကို သာဓကပြုလျက်ရှိနေပါသည်။ အကယ်၍ ပြုပြင်တည်မည် ဆိုပါလျှင်ထောင့်လေးထောင့်၏ အလယ် တည့်တည့်မှာသာစေတီကြီး တည်ရှိမည် ဖြစ်ပါသည်။ ယခုမူကားဤသို့မဟုတ် ရာဟုထောင့်စေတီဘက်သို့ နီးကပ်စွာတည်ရှိခြင်းကား အလွန်ထူးခြားသည့်အချက် ဖြစ်နေပါသည်။ ထောင့်စေတီများမှာကား လေးထောင့်ကျစွာတည်ရှိနေပါသည်။ ထိုအပြင် ယနေ့တိုင် စန္ဒကူးနံ့သာကျောင်းတော် နေရာဟု ရဟန်းရှင်လူ ပြည်သူအများတို့သည် အလေးအမြတ်ထား၍ ကိုးကွယ်ဆည်းကပ်အားထား. ပူဇော်နေခြင်းမှာလည်း မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ စတုတ္ထမြောက် အဓိဋ္ဌာန်ချက်ကို သာဓကပြုလျက် ရှိနေပါသည်။

မဟာပုဏ္ဏ ရဟန္တာ အရှင်မြတ်သည် အဓိဋ္ဌာန်တန်ခိုးသုံ.တော်မူကြောင်းကို အဋ္ဌကထာကျမ်းဂန်အရထုတ်ကြည့်ပါလျှင် ရဟန္တာ အရှင်မြတ်သည် သုနာပရန္တတိုင်းအရပ်သို့ ပြန်ရောက်၍ လေးဌာနဒွ လှည့်လည်

သိတင်းသုံးလျက် ရဟန်းတရားအားထုတ်နေစဉ်မှာပင် ဒုတိယနေရာဖြစ်သော သမုဒ္ဒဂိရိအရပ်၌ တရားအားထုတ်စဉ်ကာလ လှိုင်းတံပိုးသံများ ဆူညံနေသဖြင့် ကမ္မဋ္ဌာန်းတရားအားထုတ်မှုကို အနှောင့်အယှက်ဖြစ်စေခဲ့ရာတွင် အဓိဋ္ဌာန် တန်ခိုးတော်ဖြင့် အဓိဋ္ဌာန်ပြု၍ ငြိမ်းစေတော်မူခဲ့ပါသည်။ ထိုကြောင့် (ထေရော ကမ္မဋ္ဌာနံ မနသိကရောန္တော ဖာသုဝိဟာရော ဟောတူတိ သမုဒ္ဒံ နိဿဒ္ဒံ ကတွာ အဓိဋ္ဌာသိ) ဟု အဋ္ဌကထာ (၂၃၅)၌ လာရှိပါသည်။

ထို့အပြင် ရဟန္တာဖြစ်ပြီး၍ စတုတ္ထနေရာ မကုလကာရာမအရပ်၌ သိတင်းသုံးနေတော်မူစဉ် ညီတော် စူဠပုဏ္ဏသူကြွယ်သည် သင်္ဘောသားငါးရာနှင့် ပင်လယ်ခရီး ကုန်ကူးသန်းရောင်းဝယ်မှု ထွက်ခဲ့ရာတွင် စန္ဒကူးနံ့သာကျွန်းသို့ ဆိုက်ရောက်သဖြင့် စန္ဒကူးသစ်များကို ခုတ်ယူကြရာ၌ ကျွန်းစောင့်ဘီလူးများ၏ ဘေးရန်ကျရောက်သောအခါမှာလည်း ရဟန္တာအရှင်မြတ်သည် တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးကြွရောက်လျက် အဓိဋ္ဌာန်တန်ခိုးဖြင့်ပင်လျှင် ကုန်သည်တို့ ရောက်လိုရာဌာနသို့ ဘေးကင်းစွာ အမြန်ပြန်ရောက်အောင် အဓိဋ္ဌာန်ပြု၍

ကယ်မတော်မူခဲ့ပါသည်။ ထိုကြောင့် (ထေရော နာဝံ ဖလေ အဏ္ဏမိတ္တာ "ဧတေသံ ဣစ္ဆိတဋ္ဌာနံ ဂစ္ဆတူတိ" အဓိဋ္ဌာသိ) ဟု အဋ္ဌကထာ (၂၃၇)မှာ လာရှိပါသည်။ ဤကဲ့သို့ အဋ္ဌကထာကျမ်းဂန်မှာ တိုက်ရိုက်ပါရှိသော ကြောင့်လည်းကောင်း၊ ယခုမျက်မြင် ကျောင်းတော် ရာ စေတီတော်ကြီးသည် အဓိဋ္ဌာန်လေးချက်နှင့်ပြည့်စုံစွာ တည်ရှိနေသောကြောင့်လည်းကောင်း မဟာပုဏ္ဏ ရဟန္တာ အရှင်မြတ်၏ အဓိဋ္ဌာန် တန်ခိုးတော်ဖြင့် ဖန်ဆင်းထားမှု အား အထူးအလေးအမြတ်ပြုရမည်သာ ဖြစ်ပါတော့ သတည်း။

မဟာပုဏ္ဏရဟန္တာအရှင်သူမြတ်၏ သတ္တဝါများအား အပါယ် ဒုက္ခမှ ကင်းလွတ်စေလိုသောဆန္ဒ နှောင် သာသနာ ပြန်လည်ထွန်းကားသည့်အခါတွင် စန္ဒကူး နံ့သာ ကျောင်းရာ၌ စေတီတော် ပေါ်ပေါက်လျက် ဘုရားရှင်၏ ပရိဘောဂစေတီကို ဖူးမြော် ပူဇော်ကြ ရလျက် သတ္တဝါများ ပြန်လည်၍ အကျိုးတရားထွန်းကား ပါစေဟူသော ဆန္ဒတော်ဖြင့် အဓိဋ္ဌာန် ပြုခဲ့သော အဓိဋ္ဌာန်လေးချက်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါ သည်။

(၁) ဤအဖိုးမဖြတ်နိုင်အောင်တန်ဖိုးရှိသော စန္ဒကူးနံ့သာ ကျောင်းတော်ကြီးသည် တစ်မုဟုတ်ချင်း ကွယ်ပပါစေသတည်း။

(၂) ဤကျောင်းတော်ကြီးကွယ်ပသွားသော်လည်း ဘုရားရှင် ကိုယ်တော်တိုင် သီတင်းသုံးတော်မူသော နေရာ၌ သေလာမယ ကျောက်စေတီပေါ်ပါစေသတည်း။

(၃) ကျောင်းတော်ကြီး ကွယ်ပသွားသော်လည်း ကျောင်းတော်ကြီး၏ အကျယ်အဝန်းမှတ်တိုင်လေးချက် ပေါ်၍ တည်နေပါစေသတည်း။

(၄) ဤနေရာဌာနသည် ဘုရားရှင်ကိုယ်တော်တိုင် သီတင်း သုံးတော်မူသည့် စန္ဒကူးနံ့သာ ကျောင်းတော်နေရာဟု သာသနာတည်သမျှ ကာလပတ်လုံး လူအများတို့ ယုံကြည်ဆည်းကပ် ကိုးကွယ်ပါစေသတည်း။

**မှတ်ချက်။** ယင်းအဓိဋ္ဌာန် လေးချက်မှာ ပျူဘာသာ ကျောက်စာမှာ တွေ့ရှိသည်ဟု လေ့လာသိရှိရပါသည်။

မဇ္ဈိမစည်သူမင်းကြီးအား မြတ်စွာဘုရား ထားတော်မူခဲ့သော ဗျာဒိတ်တော်မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(နောင်သောအခါ အရိမဒ္ဒန ပေါက္ကာရာမပြည်ကို အစိုးရ သော အလောင်းစည်သူမင်းသည် ဖောင်စကြာနှင့် တိုင်းခွင်လှည့်လည်၍ ဆိုက်ရောက်လာသောအခါ ဤ ငါ၏ သရက္ခန်ကျောင်းရာ၌ စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်းကိုပြုလတ္တံ့။)

**မှတ်ချက်။** ယင်း ဗျာဒိတ်တော်မှာ သုသောဓိတ ရာဇဝင်တော်ကြီး (ပ)နှင့် စေတီယပကာသနီကျမ်းများမှာ ပါရှိပါသည်။

ဤကဲ့သို့ ဗျာဒိတ်တော်နှင့် အဓိဋ္ဌာန်လေးချက်တို့ အညီ ယခုကျောင်းတော်ရာ စေတီတော်ကြီး တည်ရှိ ပေါ်ပေါက်နေရသည် မှာကား ဘုရားရှင်၏ တန်ခိုးတော် နှင့် မဟာပုဏ္ဏရဟန္တာရှင်မြတ်၏ တန်ခိုးတော်အရာ များသာ ဖြစ်ပါတော့သတည်း။

ဤတွင် မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန္တာ ငါးရာနှင့် ကြွရောက်တော်မူ၍ စန္ဒကူးနံ့သာကျောင်းတော် ကြီးကို အလှူခံတော်မူသဖြင့် မြန်မာပြည်အရပ်ရပ်၌ သာသနာ ထွန်းကားတော်မူရကြောင်းကိုလည်း ကျမ်းများ

၌တွေ့ရှိရပါသေးသည်။ မြန်မာပြည်၌ သာသနာတော် ထွန်းကားစည်ကားရာ အရပ်ဌာနများကို လေ့လာကြည့်ပါလျှင် (သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ အင်းဝ၊ ရတနာပုံ) ဟု တွေ့ရမည်ဖြစ်ပါသည်။ ဤဌာနဤပြည်ကြီးတို့၌ အဘယ့်ကြောင့် သာသနာတော် ထွန်းကားပါသနည်းဟု အကြောင်းကို လေ့လာသော အခါတွင် ဘုရားဗျာဒိတ်တော် ရှိသောကြောင့်ဟု သိရှိရပါသည်။

အဘယ်ချိန်အခါ၌ ဗျာဒိတ်တော်ရှိခဲ့ပါသလဲဟုမူ ရှေးအခါ သုနာပရန္တတိုင်း ယခုလယ်ကိုင်း ကျောင်းတော်ရာ အရပ်၌ ရှင်ပုဏ္ဏ သူကြွယ်နှင့် ကုန်သည်ငါးရာတို့ ဆောက်လုပ်လှူဒါန်းသော စန္ဒကူး ကျောင်းတော်ကြီးကို မဟာပုဏ္ဏရဟန္တာအရှင်သူမြတ်၏ ပင့်လျှောက်ချက်အရ ဘုရားရှင်ကိုယ်တော်တိုင် နောက်ပါရဟန္တာ ငါးရာနှင့် ကြွရောက်တော်မူလာ၍ အလှူခံတော်မူလျက် (၇)ရက် သီတင်းသုံး၍ သတ္တဝါများအား တရားဟော ချွတ်တော်မူသော ကာလတွင် အဆိုပါ (သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ အင်းဝ၊ ရတနာပုံ) အရပ် ဌာနသို့လည်း မြတ်စွာဘုရားသည် သာသနာတော် ထွန်းကားတော်

မူမည့်အကြောင်းကို မြင်တော်မူသဖြင့် ကြွရောက်၍ ဗျာဒိတ်ပေးတော်မူခဲ့ကြောင်းကို ဝံသမေဒပကာသနီကျမ်း ဒုတိယတွဲ၌ အကျယ် ရေးသားဖွင့်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် ဤသို့ ဘုရားကိုယ်တော်တိုင် ဗျာဒိတ် ပေးတော်မူခဲ့သဖြင့် ဤအရပ် ဤဌာနတို့၌ သာသနာ ပွင့်လင်း ထွန်းကားတော်မူရကြောင်းကို ပြည်ရွှေဆံတော် သမိုင်းသစ် (ပြည်ဦးကြိုင်)၊ စစ်ကိုင်း ဆွမ်းဦးပုညရှင် စေတီသမိုင်း (ရွှေကိုင်းသား) ကျမ်းများကလည်း ယင်း သို့ပင် ရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။

မှန်ပါသည် ဘုရားရှင်တို့မည်သည် သာသနာတော် အကျိုး၊ သတ္တဝါများ အကျိုးကို မျှော်ကိုးတော်မူ၍ ကြွရောက်မြဲမမှတာရှိပါသည်။ ဓာတ်တော်၊ နိပါတ် တော်များဖြင့် ထင်ရှားလှပါသည်။ ဤ၌ မျက်မြင် သာသာနာဝင်သမိုင်းကြောင်း အနည်းငယ်ကို ဆန်းစစ် ကြည့်ပါလျှင် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)သို့ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဘုရား အဖြစ်ရောက်တော်မူ၍ (၉)လမြောက်မှာ တစ်ကြိမ်၊ ၎င်းနောက် (၅)နှစ်မြောက်မှာ တစ်ကြိမ်၊ (၈)နှစ်မြောက်မှာ

တစ်ကြိမ်အားဖြင့် (၃)ကြိမ်ကြွရောက်တော်မူခဲ့ကြောင်း။ ဤသို့ကြွရောက်ချိန်သည် နတ်နဂါးများ၊ နတ် ဘီလူးများ ကြီးစိုးနေထိုင်ရာဖြစ်၍ ၎င်းတို့၏ အကျိုးစီးပွား အလို့ငှာ ကြွရောက်တော်မူခဲ့ကြောင်း၊ သို့ရာတွင် နောင်သောအခါ ငါမရှိသည့်နောက် ငါ၏သာသနာသည် ဤအရပ်ဒေသ၌ ထွန်းကားတော်မူမည့် အကြောင်းကို အနာဂတံသ ဉာဏ်တော်ဖြင့် မြင်တော်မူ၍ တတိယအကြိမ် ရဟန္တာ ငါးရာနှင့် ကြွတော်မူသောအခါတွင် သတ္တဝါများအကျိုး၊ သာသနာတော်အကျိုးငှာ၊ စေတိယပါလ တောင်ထိပ်၌ ခြေတော်ရာ ချထားတော် မူခဲ့ကြောင်းကို လေ့လာ တွေ့ရှိရပါသည်။

မှန်ပါသည် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက် တတိယသင်္ဂါယနာ တင်ပြီးအခါတွင်မှ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူသောအခါတွင် ရှင်မဟာမဟိန္ဒ ဦးဆောင်၍ သာသနာ ပြုစုတော် မူခဲ့ပါသည်။ ဒေဝါနံပိယတိဿမင်းမှစ၍ သာသနာတော် ကို သက်ဝင်ယုံကြည်ကြလျက် သီဟိုဠ်တစ်နိုင်ငံလုံး၌ နေလပမာ သာသနာထွန်းတောက် စည်ကားတော် မူခဲ့ပါသည်။ ယင်းအချိန်တွင် မြန်မာပြည်သုဝဏ္ဏဘုမ္မိသို့

သောဏ၊ ဥတ္တရမထေရ်၊ သုနာပရန္တ တိုင်း ယောနက တိုင်းသို့ မဟာဓမ္မရက္ခိတမထေရ်တို့ သာသနာပြု ကြွရောက်တော်မူခဲ့ပါသည်။ ယင်း သာသနာပြုအဆက်သည် သုဝဏ္ဏ ဘုမ္မိသထုံပြည်မှ အနော်ရထာမင်းလက်ထက် ရှင်အရဟံ၏ ကျေးဇူး တော်ဖြင့် ပုဂံပြည်သို့ သာသနာ ရောက်လာကာ အနော်ရထာမင်းနှင့် ရှင်အရဟံ၏ သာသနာပြုစုမှုကြောင့် ယနေ့တိုင်ရောက်အောင် မြန်မာ တစ်ပြည်လုံး၌ ထေရဝါဒသာသနာ အစစ်အမှန်ကို ဆည်းကပ်ကိုးကွယ် ပူဇော်ခွင့် ပြန်လည်ရရှိနေခြင်း ဖြစ်ပါသည်။

ဤအကြောင်းအရာ အဋ္ဌုပ္ပတ္တိနှင့်အညီ ယခုအခါ မှာလည်း သီဟိုဠ်၌ (သီရိလင်္ကာ) စေတီယပါလ တောင်ထိပ်၌ ဘုရားရှင်၏ ခြေတော်ရာတစ်ဆူ တည်ရှိ စံပယ်တော်မူလျက် ရှိပါသည်။ သာသနာတော်လည်း တည်နေတော်မူဆဲ ရှိပါသည်။

ဤ အဋ္ဌုပ္ပတ္တိကို ထောက်ဆပါက ဘုရားရှင် ကိုယ်တော်မြတ်သည် သုနာပရန္တ တိုင်း အပါအဝင် ယခု မြန်မာပြည်၌ နောင်သောအခါတွင် သာသနာ ထွန်းကားတည်ရစ်မည့် အကြောင်းကို မြင်တော်မူသဖြင့်

ကိုယ်တော်တိုင် ရဟန္တာငါးရာနှင့် ကြွရောက်တော်မူ လျက် စန္ဒကူးနံ့သာ ကျောင်းတော်ကို အလှူခံခြင်း၊ ခြေ တော်ရာနှစ်ဆူ ချထားတော်မူခြင်း၊ မြန်မာပြည်အရပ်ရပ် သာသနာထွန်းကား စည်ကားမည့် အရပ်ဒေသတို့သို့ ကြွရောက်တော်မူ၍ ဗျာဒိတ်တော် ပေးတော်မူခြင်းတို့ သည် အလွန့်အလွန် ခိုင်လုံလျက်ရှိသော မျက်မြင်သာကေ နှင့် အကြောင်းအရာများသာ ဖြစ်ပါသည်။ ဘုရားရှင် ၏ အနာဂတံသဉာဏ်တော်သည်ကား အဆုံးအပိုင်း အခြားမရှိ မြင်တော်မူပါပေတော့သတည်း။

## ၇။ ကျောင်းတော်ရာစေတီတော် တည်ထားကိုးကွယ်ခြင်း

ဤကဲ့သို့ သုနာပရန္တတိုင်းသား (ယခု ကျောင်းတော် ရာဒေသဝန်းကျင်) မဟာပုဏ္ဏရဟန္တာအရှင်သူမြတ် သည် အမိဋ္ဌာန်လေးချက်ဖြင့် အမိဋ္ဌာန်ပြုတော်မူသဖြင့် စန္ဒကူး နံ့သာကျောင်းတော်ကြီး၏ နေရာ၌ ကျောင်းတော်၏ အကျယ်အဝန်းပြ မှတ်တိုင်လေးချက်နှင့် သေလာမယ စေတီငယ်တို့သာ တည်ရစ်တော် မူခဲ့ပါသည်။

ကောဇာသက္ကရာဇ် (၄၅၄) ခုနှစ်တွင် ဘုရား ဗျာဒိတ်တော်ရ မဏိစည်သူမင်းသည် ပုဂံပြည်၌ ထီးနန်း

သိမ်းပိုက်၍ စိုးစံတော် မူခဲ့ပါသည်။ မဏိစည်သူမင်းကြီး သည် ဘုရားဗျာဒိတ်တော် ရတော်မူသည့် အတိုင်း သာသနာ သက္ကရာဇ် (၁၆၄၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၄၅၈) ခုနှစ်တွင် ဘုရားရှင်၏ စန္ဒကူးနံ့သာကျောင်းရာ သို့ ရောက်တော်မူလာ၍ သေလာမယ စေတီငယ်ကို ဥာပနာပြု၍ စေတီတော် တည်ထားတော်မူပါသည်။ ကျောင်းအကျယ်အဝန်းပြ မှတ်တိုင်လေးချက်တို့၌လည်း စေတီတည်ထား ပူဇော်ပါသည်။ မဟာပုဏ္ဏရဟန္တာ အရှင်သူမြတ်၏ မူလကျောင်းရာစေတီ၊ ဓာတ်တော် စေတီများကိုလည်း ပြုစုတော်မူပါသည်။ စန္ဒကူး ကျောင်းရာနှင့် သေလာမယစေတီတော်ကို သိကြားမင်း ပြသ၍ တွေ့ရှိပူဇော်ခွင့် ရသည့်အတွက် သိကြားမင်းအား ကျေးဇူးဆပ်သောအားဖြင့် သိကြားဂူလည်း တည်ထား တော် မူပါသည်။

**မှတ်ချက်။** ဤအချက်များသည် ယခုကျောင်းတော်ရာ ဘုရားကြီးအတွင်း၌ အားလုံးတည်ရှိနေပါသည်။ မဏိ စည်သူမင်း၏ ဖောင်တော်ဦးစေတီ၊ ကျက်ဘူးစေတီ ဘုရား များလည်းရှိပါသည်။ မျက်မြင်လေ့လာနိုင်ပါသည်။

ထို့အပြင် ဘုရားရှင် ကိုယ်တော်တိုင် ဗျာဒိတ်ပေးတော်မူခဲ့သဖြင့် ပြုစုတည်ထားခွင့်ရသော မဏ္ဍိစည်သူမင်းကြီးသည် စန္ဒကူးနံ့များ၊ ရောင်ခြည်တော်များကိုပါ ကိုယ်တိုင်ခံစား ပူဇော်ဖူးမြော်ရသဖြင့် အတိုင်းမသိ ယုံကြည်နှစ်သက် ဝမ်းမြောက်တော်မူလှသဖြင့် မိမိ၏ ကောင်းမှုတော်များအား သာသနာငါးထောင် တည်သည့်တိုင်အောင် ကောင်းမွန်စွာ တည်ရစ် နေပါစေခြင်း အကျိုးငှာ ရည်ရွယ်၍ ဝတ္တက မြေတော်များကို ပိုင်းခြားသတ်မှတ်လျက် ပါဠိဂါထာ ကျောက်စာထိုး၍ ကျယ်ဝန်းစွာ လှူဒါန်းတော်မူပါသည်။ ထို့အပြင် ဘုရားကြီးအား နယ်မြေဒေသနေ လူအပေါင်းတို့အား အမြဲတစေ ပူဇော်စေလျက်ပြုစုစောင့်ရှောက်စေရန် အတွင်းကျောင်းရန် (၅၅)၊ အပြင်ကျောင်းရန် (၉၉) ဟု သတ်မှတ်၍ အပူဇော်ခံ ရွာများကိုလည်း ထားတော်မူခဲ့ပါသည်။

၎င်းအပြင် စေတီတော်မြတ်ကြီးနှင့် ဝတ္တကမြေတော်များကို သာသနာတည်သရွေ့ ကာလပတ်လုံး ကောင်းမွန်စွာ တည်ရစ်စေတော်မူရန်အတွက် အုပ်ချုပ်စောင့်ထိန်း ပြုပြင်နိုင်စေရန် သံဃရာဇာ အခွင့်အာဏာများကိုပါ သတ်မှတ်ပြဋ္ဌာန်းပေးအပ်၍ စောင့်ထိန်းစေတော်

မှုခဲ့ပါသည်။

**မှတ်ချက်။** ဤအချိန်မှစ၍ ကျောင်းတော်ရာ စေတီတော် မြတ်ကြီးသည် စေတီတော်ပေါ်၌ ဝတ္တကမြေတော်များ၊ အပူဇော်ခံရွာများ၊ အုပ်ချုပ်မှုသံဃာရာဇာ ဆရာတော် များဖြင့် ရာဇဝင် စတင်တော်မူခဲ့ပါသည်။ ဝတ္တက မြေတော်များမှာ ယခု အခေါ်အားဖြင့် ဧကပေါင်း (၂၃၅၀၉) ဧက ရှိပါသည်။ ကျောင်းတော်ရာစေတီကြီး ၏ နယ်မြေအတွင်း အရံစေတီ (၅၅)၊ အရံရွာ (၉၉) တို့ စတင်ဖြစ်ပေါ်၍ တည်ရှိပါတော့သည်။

ငင်းနောက် မင်းအဆက်ဆက်တို့သည် မဏိစည်သူ မင်းကြီး စီမံလှူထားတော် မူခဲ့သည့်အတိုင်း ထပ်မံပြုစု တော်မူခဲ့ကြပြီး ပဥ္စမ သံဂါယနာတင် ရတနာပုံ (မန္တလေး) မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး လက်ထက် တော်တွင် ဘုရားကြီးအား (ယခုဖူးမြင် စေတီရှင်အတိုင်း) ထပ်မံပြုစု တည်တော်မူလျက် (ပုရတ္ထိမာယ မုမ္မနဒီ၊ တထာ ဥတ္တရဒိသာယ၊ ပစ္ဆိမံ ပမြို့ကပုရံ ဒက္ခိဏံ တာလိနာမ ကံ/ အရှေ့အရပ် မုံးတိုင်အောင်၊ မြောက် အရပ် ထိုအတူ မုံး (ယခုကုန်းဇောင်း) တိုင်အောင်၊

အနောက် အရပ်ပင်မြို့ (ယခုပွင့်ဖြူ) တိုင်အောင်၊ တောင်အရပ် ဇေတာလီ တိုင်အောင်) ဟူ၍ ပါဠိဂါထာ ရေးထိုး၍ မဏိစည်သူမင်းကြီး မူလလှူဒါန်းခဲ့သော ဝတ္တကမြေတော်များကို ပိုမို၍ သိသာခြားနားစွာ တည်ရစ် စေရန်အတွက် နယ်ရှစ်ရပ်ဘုရားကြီး၏ အရပ်ရှစ်မျက်နှာ တို့၌ တာကြိုးများ သတ်မှတ် တိုင်းတာစေလျက် ကျောက်စာတိုင်များ စိုက်ထူ၍ ထပ်မံအတည်ပြု၍ (၁၂၁၉) ခုနှစ်တွင် လှူဒါန်းတော်မူခဲ့ပါသည်။

**မှတ်ချက်။** ယင်းကျောက်စာတိုင်များသည် ယနေ့တိုင် ဘုရားကြီး၏ အရပ်ရှစ်မျက်နှာတို့၌ မျက်မြင်လေ့လာ နိုင်ပါသည်။ ဤတွင် ယခုမင်းမြေရွာသည် သစ်တော် ရွာနှင့် ကပ်လျက်တည်ရှိပြီး ယခင်က ညောင်ကျစ်ပင် ရွာဟု ခေါ်တွင်ပါသည်။ သို့သော် မင်းတုန်းမင်းလက် ထက် ဘုရားမြေနှင့် ရှင်ဘုရင်ပိုင်မြေကို တိုင်းတာ သတ်မှတ်၍ ကျောက်စာတိုင် စိုက်ထူသောအခါတွင် အဆိုပါ ညောင်ကျစ်ပင်ရွာသည် မင်းပိုင်သည့် မြေထဲ သို့ ကျရောက်တည်ရှိနေပါသဖြင့် ဤအချိန်မှစ၍ ယနေ့ တိုင်အောင် မင်းမြေရွာဟု လောကဝေါဟာရ လူများ

ခေါ်တွင်နေကြောင်းကို ရှေးဆရာတော်ကြီးများထံမှ လေ့လာသိရှိရပါသည်။ ကြိုးလမ်းစာတမ်းအရ ကျောက်စာတိုင်များလည်းရှိ၍ မင်းမြေရှာလည်း ရှိနေပါသော ကြောင့် သာဓကေခိုင်လုံလှပါသည်။

သားကော် သီပေါမင်း လက်ထက်တော်တွင် ဘုရားကြီးအား ဆက်လက်ပြုစုတော်မူလျက် ရွှေထီးတော် အသစ် တင်လှူပူဇော်ခဲ့ပါသည်။

ဤကဲ့သို့ ရှေးမြန်မာဘုရင် မင်းအဆက်ဆက်တို့သည် စန္ဒကူးနံ့သာ ကျောင်းတော်နေရာ ဤစေတီတော်မြတ်ကြီးအား အစဉ်မပြတ် ပြုစုပူဇော်တော်မူခဲ့ကြသည့် အတိုင်း မြန်မာမင်းများ အဆက်ပြတ်သောအခါ၌လည်း နယ်မြေသံဃာနှင့် နယ်သူနယ်သားတို့သည် လူမျိုး ဘာသာ သာသနာကို ဆက်လက်ထိန်းသိမ်းသောအားဖြင့် မိမိတို့မင်းများ စီမံထားတော်မူခဲ့သည့်အတိုင်း ရာဇဝင်မပျောက်ရလေအောင် တိုင်းတပါးမင်းအုပ်ချုပ်သည့် (အင်္ဂလိပ်ခေတ်) ခေတ်မှာပင် အရပ်ဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာအတိုင်း သံဃာများ ဦးဆောင်၍ သံဃအဖွဲ့၊ ကပ္ပိယ ဂေါပကအဖွဲ့တို့ဖြင့် ယနေ့ကာလ ရောက်အောင် ရာဇဝင်ကို ထိန်းသိမ်းကာကွယ်၍ ဘုရား

ကြီးအား ပြုစုစောင့်ရှောက် အားထုတ်ရွက်ဆောင်လျက် ရှိကြပါသည်။

**မှတ်ချက်။** အကျယ်သိလိုပါမူ သာသနာ့ဝင်ကြောင်း၊ ရာဇဝင်ကြောင်း၊ ကျောက်စာ၊ ကျောက်တိုင်၊ ပေစာ၊ ပုရပိုက်တို့အရ ပြည့်စုံစွာ ပြုစုထားသော ကျောင်းတော်ရာစေတီတော်သမိုင်း စာအုပ်၌သာ ရှုတော်မူကြပါကုန်။ ယင်းစာအုပ်ကို ကျောင်းတော်ရာဘုရား ဂေါပကအဖွဲ့မှ ဖြန့်ချိလျက်ရှိပါသည်။

**၈။ မဏိစည်သူမင်းကြီးနှင့် ကျောင်းတော်ရာဘုရား**

ကျန်စစ်မင်းကြီး၏ မြေးတော် (ငယ်စဉ်ကတည်းက နန်းအပ်ထား၍ ရင်ခွင်ပိုက်ရှင်ဘုရင်ဟု ခေါ်တွင်ရသည့် ထူးခြားချက်ရှိသော) မဏိစည်သူမင်းကြီးသည် ဘုန်းကံပါရမီအရ ဖောင်စကြာဖြင့် တိုင်းခွင်လှည့်လည်ရာတွင် ယခင်မင်းများနှင့်မတူ ထူးခြားစွာ နေရာအနှံ့ရောက်တော်မူသော မင်းတစ်ပါးဖြစ်ပါသည်။ (ရာဇဝင်များဖြင့် ထင်ရှားပါသည်။) နေပြည်တော်နှင့်တကွ ရောက်လေရာ အရပ်တိုင်း၌ စေတီပုထိုးများလည်း

တည်ထားပူဇော်ပါသည်။ ထို့ကြောင့် ယနေ့မြန်မာပြည် အရပ်ရပ်တွင် မဏိစည်သူမင်း ပြုစုတည်ထားသော စေတီတော်များစွာသည် စံပယ်လျက် ရှိတော်မူကြပါ သည်။

သို့ရာတွင် ယခုကျောင်းတော်ရာ စေတီတော်မြတ်ကြီးကဲ့သို့ ဝတ္တကမြေတော်များ၊ အပူဇော်ခံရွာများ၊ အုပ်ချုပ်စောင့်ထိန်းရန် သံဃရာဇာ (ဝါ) ဘုရားဆရာတော် အခွင့်အာဏာများကို စီမံပြုစုတော်မူသကဲ့သို့ ရေရှည်တည်ရစ်စေရန် ကျယ်ဝန်းများပြားစွာ စီမံထားခဲ့မှုများကို မတွေ့ရပေ။ ဤ စနွကူးကျောင်းရာ စေတီတော်ကြီးမှာကား ဝတ္တကမြေ ကေပေါင်း နှစ်သောင်းကျော်ကို သတ်မှတ်လှူဒါန်းသည့်အပြင် ရေရှည်တည်တံ့အောင် သံဃာအုပ်ချုပ်မှုကိုပါ စီမံထားကြောင်းကို လေ့လာတွေ့ရှိရပါသည်။ မှန်ပါသည်။ သာသနာတော်ကို သံဃာသည် အဓိက စောင့်ရှောက်ပါသည်။ သို့အတွက် မဏိစည်သူမင်းကြီးသည် သာသနာဝင်ကြောင်းကို ယုံကြည်လျက် ၎င်း၏ ကုသိုလ်တော်များအား သာသနာ တည်သရွေ့ ကာလပတ်လုံး တည်ရစ်စေရန် အတွက် နယ်စားမြို့စားတို့၏ အုပ်ချုပ်မှုအောက်မှ

ထုတ်နုတ်၍ သံဃရာဇာ အခွင့်အာဏာဖြင့် သံဃာအား အုပ်ချုပ်စောင့်ထိန်းမှုကို ပြုစုစီမံထားခဲ့ခြင်းသည် အလွန်လေးနက်၍ အလွန်ထူးခြားလျက် ရှိနေပါသည်။

ဤကဲ့သို့ ကျောင်းတော်ရာဘုရားကြီး၌ အလွန်များစွာ ထူးခြားစွာ ပြုစုစီမံ၍ လှူဒါန်းထားခဲ့သောကြောင့်လည်းကောင်း၊ မွေးဖွားစ ငယ်စဉ်ကတည်းက နန်းအပ်ထားရ၍ ရင်ခွင်ပိုက်ရှင်ဘုရင်ဖြစ်သော ထူးခြားချက်ကြောင့်လည်းကောင်း၊ ဖောင်စကြာရ၍ တိုင်းအရပ်ရပ်သို့ လှည့်လည်နိုင်သည့် ရှင်ဘုရင်ဖြစ်သောထူးခြားချက်ကြောင့်လည်းကောင်း ဤစန္ဒကူးနံ့သာ ကျောင်းတော်ရာနေရာ၌ စေတီတည်၍ ပူဇော်နိုင်ရန် ဘုရားရှင်၏ ဗျာဒိတ်တော်ရသော မင်းဖြစ်သည်ဟု ရာဇဝင်ကျမ်းနှင့် သာသနာဝင်ကျမ်းတို့၌ ဖော်ပြထားခြင်းတို့မှာ အလွန်သာကေပြည့်စုံ၍ ခိုင်လုံလှပါသည်။

ထို့ပြင် ဤကျောင်းတော်ရာစေတီတော်မြတ်ကြီး၌ ကျယ်ဝန်းစွာ ဝတ္တကမြေတော်များ လှူဒါန်းလျက် သာသနာတည်သရွေ့ တည်ရစ်စေရန် အမြော်အမြင်ကြီးစွာ ထူးခြားစွာ စီမံထားခဲ့မှုတို့သည် (ငါ၏သရက္ခန်ကျောင်းရာ၌ စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်း

ကို ပြုလတ္တံ့.) ဟူသော ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်လည်း အလွန်ကိုက်ညီလျက် ရှိနေပါသည်။

ထို့ကြောင့် ဘုရားရှင်၏ စန္ဒကူးနံ့သာ ကျောင်းတော်ရာဌာနဖြစ်သည့် ဤကျောင်းတော်ရာ စေတီတော်မြတ်ကြီးအား စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်းအမှုကို ပြုစုပူဇော်ရန် ဗျာဒိတ်ထားတော်မူသော မြတ်စွာဘုရား၏ အနာဂတံသဉာဏ်တော်အား အာရုံပြု၍ ပူဇော်ရန်သာ ရှိပါတော့သည်။

ဤကဲ့သို့ တင်ပြခဲ့သည့်အတိုင်း ယခုကျောင်းတော်ရာဌာနဒေသသည် ပါဠိတော်အဋ္ဌကထာမှာ လာရှိသည့်အချက်အလက်များနှင့်အညီ အာဂမယုတ္တိ သဘာဝယုတ္တိ သာကေယုတ္တိတို့ဖြင့် ပြည့်စုံညီညွတ်စွာ တည်ရှိနေသောကြောင့် ဘုရားရှင်၏ ရွှေလက်ထက်တော်အခါကာလက သုနာပရန္တတိုင်း ဝါဏိဇဂါမအရပ် စန္ဒကူးနံ့သာကျောင်းတော်၏ တည်ရာဌာန ဖြစ်ခဲ့ပါသည်။

သို့ဖြစ်၍ ဤဌာနသည် ဘုရားရှင်ကိုယ်တော်တိုင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်၊ ရှင်အာနန္ဒာတို့ပါဝင်သော ရဟန္တာငါးရာနှင့် ကြွရောက်တော်မူ၍ သတ္တဝါများအား တရားဟောခြွေချွတ်တော်မူသည့် အောင်မြေ

ဌာနလည်း ဖြစ်ခဲ့ပါသည်။

ထို့အပြင် မြန်မာပြည် ဌာနသို့ သာသနာ့မျိုးစေ့ကို စတင်သယ်ဆောင်၍ သာသနာပြုတော်မူခဲ့သော သည်းခံသည့်အရာတွင် ဘုရားရှင်ကိုယ်တော်တိုင် သာဓုခေါ်တော်မူ၍ ချီးမြှောက်ခံတော်မူရသော အဓိဋ္ဌာန်တန်ခိုးကြီးမားအောင်မြင်တော်မူသော အသီတိမဟာသာဝကအပါအဝင် ဖြစ်တော်မူသော သုနာပရန္တတိုင်းသားဖြစ်သော မဟာပုဏ္ဏရဟန္တာ အရှင်သူမြတ်၏ ရဟန္တာဖြစ်တော်မူရာဌာန၊ သီတင်းသုံးတော်မူရာဌာန၊ ပရိနိဗ္ဗာန်စံဝင်တော်မူရာ ဌာနလည်းဖြစ်ခဲ့ပါသည်။ မဟာပုဏ္ဏမထေရ်မြတ်သည် ဤပုဗ္ဗောဠ္ဟဝါဒသုတ္တန် တရားတော်ကို မြတ်စွာဘုရားအထံတော်မှ နာယူ၍ တရားအားထုတ်ခဲ့သဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ဤကဲ့သို့ သာသနာဝင် အကြောင်းများစွာရှိသောကြောင့် သဲကုန်းဆရာတော် အရှင်ဉာဏိဿရမထေရ်သည် ယခုကျောင်းတော်ရာ စေတီတော်မြတ်ကြီး၌ ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပ၍ တရားပိုင်ရှင် ဖြစ်တော်မူသောမြတ်စွာဘုရားအား ပါဠိတော်အရ ရည်မှန်းပူဇော်သောအားဖြင့်လည်းကောင်း၊ မြန်မာပြည်သို့ သာသနာ

စတင်ပြုစုသည့် မဟာပုဏ္ဏ ရဟန္တာအရှင်သူမြတ်အား ပူဇော်ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း ဤပုဏ္ဏော ဝါဒသုတ္တန်တရားတော်ကို စန္ဒကူးနံ့သာ ကျောင်းတော်၏ နေရာ၌ တည်ထားအပ်သော ဤ ကျောင်းတော်ရာ စေတီတော်မြတ်ကြီး၌ ဟောကြားတော်မူအပ်ပါသတည်း။

ဤကဲ့သို့ အောင်မြေဌာနဖြစ်သော ကျောင်းတော်ရာ ဘုရားကြီး၌ ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်ပြီး နောက် ယခုအခါတွင် လဲကုန်းဆရာတော် အရှင် ဉာဏိဿရ မထေရ်သည် မြန်မာပြည်သာမက ကမ္ဘာ အရပ်ရပ်သို့ပါ လှည့်လည် ကြွသွားတော်မူရလျက် သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက် အားထုတ်တော်မူနေပါကြောင်းကို တင်ပြရင်း နိဂုံးချုပ် အပ်ပါသတည်း။

**အရှင်ဓမ္မာစာရ**
**(အဓိုးရဓမ္မာစရိယ)**
**ကျောင်းတော်ရာ**
**၂-၉-၈၅**

## အကိုးပြုသော ကျမ်းများစာရင်း

| | | |
|---|---|---|
| ၁။ | ဥပရိပဏ္ဏာသပါဠိတော် | ဗုဒ္ဓရှင်တော်ဘုရား |
| ၂။ | ဥပရိပဏ္ဏာသအဋ္ဌကထာ | ရှင်မဟာဗုဒ္ဓဃောသ |
| ၃။ | သဠာယတနသံယုတ်ပါဠိတော် | ဗုဒ္ဓရှင်တော်ဘုရား |
| ၄။ | သဠာယတနသံယုတ်အဋ္ဌကထာ | ရှင်မဟာဗုဒ္ဓဃောသ |
| ၅။ | သမန္တစက္ခုဒီပနီကျမ်း | မုံရွေးဇေတဝန်ဆရာတော် |
| ၆။ | မဃဒေဝလင်္ကာသစ် | မန်လည်ဆရာတော် |
| ၇။ | စွယ်စုံကျော်ထင်ကျမ်း | ကျီးသဲလေးထပ်ဆရာတော် |
| ၈။ | တိုင်းကြီးသောဥသ ကမ္ဘာမြေပုံကျမ်း | သေက္ခတောင်ဦးတိလောက ဆရာတော် |
| ၉။ | တိုင်းကြီးသောဥသရဋ္ဌဒီပနီကျမ်း | သေက္ခတောင်ဦးတိလောက ဆရာတော် |
| ၁၀။ | ဝံသဒီပနီကျမ်း | မဲထီးဆရာတော် |
| ၁၁။ | ဝံသမေဓပကာသနီကျမ်း | ဒုတိယဘုရားဖြူဆရာတော် ဦးနန္ဒိယ |
| ၁၂။ | သာသနာလင်္ကာရစာတမ်း | အမတ်ကြီးမဟာဓမ္မသင်္ကြန် |
| ၁၃။ | ပဒစေတိယဒီပနီကျမ်း | ဆရာတော်ဦးဒီပ (နရသာသနာကျမ်းပြု) |

| | | |
|---|---|---|
| ၁၄။ | စေတီယပကာသနီကျမ်း | ဘဒ္ဒန္တ မေဓာဝီ |
| ၁၅။ | စေတီယပကာသနီကျမ်း | အမတ်ပညာရှိတစ်ဦး |
| ၁၆။ | တြိပါဒစေတီယပကာသနီကျမ်း | လူပညာရှိဦးသာတိုး |
| ၁၇။ | ပုဏ္ဏောဝါဒသုတ္တန် | ဘဒ္ဒန္တ စန္ဒိမာ (ဖြူးမြို့ ဒက္ခိဏာရုံ) |
| ၁၈။ | ကျောင်းတော်ရာနှင့် စက်တော်ရာသမိုင်း | ဆရာတော်ဦးဒီပ (ဟံသာဝတီရိုက်) |
| ၁၉။ | ရွှေစက်တော်သမိုင်းသစ် | အရှင်အရိယဝံသအာဒိစ္စရံသီ |
| ၂၀။ | ကျောင်းတော်ရာသမိုင်းဟောင်း | လယ်ကိုင်းဦးမြိုင် |
| ၂၁။ | ပြည်ရွှေဆံတော်သမိုင်း | ပြည်ဦးကြိုင် |
| ၂၂။ | စစ်ကိုင်းဆွမ်းဦးပုညရှင်စေတီ သမိုင်း | ရွှေကိုင်းသား |
| ၂၃။ | သုဿောဓိတမဟာရာဇဝင်ကြီး | အမတ်ပညာရှိများ |
| ၂၄။ | ကျောက်စာ၊ ပေစာ၊ ပုရပိုက်၊ ကျောက်တိုင် | ကျောင်းတော်ရာဘုရားနှင့် သက်ဆိုင်ရာ |
| ၂၅။ | သာသနာ့ရောင်ခြည် (အတွဲ ၅၊ အမှတ် ၂) | သာသနာရေးဦးစီးဌာန |

# ပုဏ္ဏောဝါဒသုတ္တန် တရားတော်

## ပဏ္ဍာမစကားရပ်နှင့် ဘုရားရှိခိုး

၁၃၄၁ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့ည မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ စေတိယပူဇာ ဓမ္မသဘင်ဆင်ယင်ရာ၌ တရားပွဲဒါယကာ (ကျောင်းတော်ရာ၊ ရတနာပုံရပ်နေ) ရတနာပုံဆန်စက်ပိုင် ဦးထွန်းခင်၊ ဒေါ်အုံးမြ သား အောင်အောင်တို့က ဓမ္မဒါနပြုသဖြင့် ဆင်ယင်ကျင်းပသည့် ဓမ္မသဘင်၌ ဟောကြားအပ်သော မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော်၌လာသော ပုဏ္ဏောဝါဒသုတ္တန် တရားတော်။

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
ဓေတေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

ကရုဏာသီတလဟဒယံ–မဟာကရုဏာတော်မြတ် အတွင်းဓာတ်ဖြင့် လှပ်လှပ်ဖွေးလှ အေးမြစည်ပင် ကြည်လင်သောရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော၊ ပညာပဇ္ဇောတဝိဟတမောဟတမံ– အရဟတ္တမဂ်ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူပြီးထသော။

သနရာမရလောကဂရုံ– လူနတ်တို့နှင့်တကွဖြစ်သော သတ္တလောကအလုံး၏ ဦးတိုက်ရာ အလေးအမြတ်ပြုထိုက်သော ဆရာတစ်ဆူဖြစ်တော်မူပေထသော၊ ဂတိဝိမုတ္တံ – ဒေဝ, မနုဿ, နိရယနှင့် ပေတ, တိရစ္ဆာန် လားရန်အရှိ ငါးတန်သောဂတိမှလည်း အထူးသဖြင့် ကင်းလွတ်တော်မူပြီးထသော။

သုဂတံ– စကားခြောက်ခွန်း လူ၌ထွန်းလည်း နှစ်ခွန်းကိုသာ ကျိုးရှိရာကို ကောင်းစွာမသွေ ဆိုတော်မူတတ်ပေသော၊ ဗုဒ္ဓံ– သစ္စာလေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ မယံ– တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ဆိုကြကုန်သော ထိုထိုများစွာ ငါးခန္ဓာကို သူငါသမုတ်

အကျွန်ုပ်တို့သည်၊ ဝန္ဒေဝန္ဒာမိ- တရားဟော တရားနာ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

**ဧတေနသစ္စဝဇ္ဇေန- ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာမ သစ္စာစကားကို ပြောဆိုရလေသောကြောင့်၊** သာဓဝေါ- တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်ပရိသတ်အပေါင်းတို့သည်၊ သုခိတာ- ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

နိဒ္ဒုက္ခာစ- ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။ အသောကာစ- မညှိုးမမှိန် တန်ခိုးရှိန်လျက် စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

ဟောန္တု- ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ်အရှိန်အဝါကြောင့် အချိန်မကြာ

ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။

"သာဓု ... သာဓု .... သာဓု"

## စေတီလေးမျိုး

ပွင့်ဖြူမြို့နယ် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးသွားခဲ့ဖူးတဲ့ ကျောင်းတော်ရာလို့ ခေါ်ဆိုရတဲ့ ဥဒ္ဒိဿကစေတီတော်မြတ်၊ ဓာတုစေတီတော်မြတ်၊ ဓမ္မစေတီတော်မြတ်၊ ပရိဘောဂစေတီတော်မြတ် စေတီလေးဆူစလုံး ကိန်းဝပ်လျက်ရှိတဲ့ စေတီတော်မြတ်အား ပူဇော်သည့်အနေအားဖြင့် ဤယနေ့ည "ပုဏ္ဏောဝါဒသုတ္တန်တရား" တဲ့။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ စေတီလေးပါး ဓာတု၊ ဓမ္မ၊ ဥဒ္ဒိဿက၊ ပရိဘောဂလို့ လေးထွေပြားတဲ့ စေတီရှိတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရူပကာယ တစ်ခုလုံးမှ ဖြစ်ပေါ်လာတဲ့ သွားတော်၊ စွယ်တော်၊ အံတော်၊ ဆံတော်၊ အရိုးတော်၊ အသားတော်၊ အသွေးတော် အားလုံးတို့သည် ဓာတုစေတီလို့ ဆိုပါ။

ဘုရားရှင်ကိုယ်တော်မြတ် ၄၅ နှစ်လုံးလုံး ယောခဲ့တဲ့ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံသည် ဓမ္မစေတီပါ။

ဘုရားရှင် ကိုယ်တော်မြတ်နဲ့ ပုံတူပြုပြီးတော့ ထုလုပ်ထားတဲ့ ရုပ်ပွားဆင်းတုတော်များသည် ဥဒ္ဒိဿက စေတီဖြစ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အသုံးအဆောင် ဗောဓိပင်ကျောင်းတော် တောင်ဝှေးတော်၊ သပိတ်တော်၊ သင်္ကန်းတော်၊ ရေသနပ်တော် အစရှိတဲ့ ဘုရားရဲ့ အသုံးအဆောင်ပစ္စည်းမှန်သမျှ ပရိဘောဂစေတီလို့ စေတီ လေးပါးရှိပါတယ်။

ထိုလေးမျိုးသော စေတီတို့တွင် ဤယနေ့ကျောင်း တော်ရာစေတီဆိုတာက ဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးအပ်တဲ့ စန္ဒကူးနှစ်တို့ဖြင့် ဆောက်လုပ်အပ် တဲ့ ကျောင်းတော်ကြီးရဲ့နေရာမှာ တည်ထားတဲ့စေတီ ဖြစ်ခြင်းကြောင့် ဥဒ္ဒိဿကစေတီကိုမှန်းပြီးတော့ အာရုံ ပြုတည်ထားတဲ့ စေတီဖြစ်ပါတယ်။

## စန္ဒကူးသရက္ခန်ကျောင်း

စန္ဒကူးနှစ်တို့ကို ဆောက်လုပ်တဲ့ကျောင်း စန္ဒကူးကျောင်းတော် သာရဂန္ဓ၊ အဲဒါကို သရဂန် ခေတ်ပြောင်းတော့ သရက္ခန် ဖြစ်သွားတယ်။ သာရဆိုတာ အနှစ်၊ ဂန္ဓ ဆိုတာ နံ့သာ၊ နံ့သာအနှစ်တို့ဖြင့် စုပေါင်းဆောက်တဲ့ကျောင်းသည် သာရဂန္ဓကျောင်း၊ အဲဒါ သရဂ္ဂန်ကျောင်း၊ နောက်တော့ သရက္ခန်ကျောင်း ဖြစ်သွားတယ်။

မသိတဲ့လူတွေက သရက်ခံလို့ ဆိုကြပြန်တယ်။ သရက်သားတွေ ခံဆောက်တာမဟုတ်ဘူးနော်။ သာရဂန္ဓ– အနှစ်၊ ဘာအနှစ်လဲ နံ့သာအနှစ်၊ အဲဒါကြောင့် ဤကျောင်းတော်ကြီးအား ဂန္ဓ = သာရဂန္ဓ ကျောင်း တော်ကြီး(နံ့သာနှစ်ကျောင်းတော်ကြီး) တစ်နည်း ဂန္ဓကုဋိ ကျောင်းတော်ကြီးလို့လဲ ဆိုနိုင်တယ်။ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးဖို့ရန် ရာဇဂြိုဟ်မှာပဲကြည့်ကြည့်၊ သာဝတ္ထိပြည်မှာပဲကြည့်ကြည့်၊ ရာဇဂြိုဟ် သာဝတ္ထိ ထိုတိုင်းပြည် ထိုတိုင်းပြည်တွေမှာ ဆောက်လုပ်အပ်တဲ့ ဝေဠုဝန်ရွှေကျောင်းတို့ ဇေတဝန် ရွှေကျောင်းတို့ဆိုတဲ့ ကျောင်းတိုက်ကြီးများမှာလဲပဲ နံ့သာအအနှစ် တို့ဖြင့် စုပေါင်း ဆောက်တဲ့ နံ့သာကျောင်း ကြီးတွေ ရှိပါတယ်။

ထိုနံ့သာကျောင်းကြီးတွေကို ဂန္ဓကုဋိကျောင်းကြီးတွေလို့ အများနားလည်ခေါ်ဆိုကြတယ်။ တစ်နည်းကြံဆပြီး ပြောရမယ်ဆိုရင် သီလရနံ့၊ သမာဓိရနံ့၊ ပညာရနံ့တို့ဖြင့် မွှေးကြိုင်တဲ့ ကျောင်းတော်ကြီးများဖြစ်ခြင်းကြောင့်လဲပဲ ဂန္ဓကုဋိကျောင်းတော်ကြီးများလို ဒီလိုဆိုနိုင်တယ်။ ဆောက်လုပ်ထားကတည်းကိုက နံ့သာအနှစ်တို့ဖြင့် ဆောက်ထားသောကြောင့်လဲပဲ ဂန္ဓကုဋိကျောင်းတော်ကြီး ဆိုရတယ်။

## စေတီလေးမျိုးနဲ့တဲ့ ကျောင်းတော်ရာစေတီ

ဤယနေ့ကျောင်းတော်ရာစေတီဆိုပြီးတော့ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပတဲ့ စေတီတော်မြတ်ကြီးရဲ့ ဤနေရာမှာလဲပဲ ရှေးတုန်းက သာရဂန္ဓလို့ခေါ်ဆိုရတဲ့ စန္ဒကူးအနှစ်တို့ဖြင့် ဆောက်လုပ်အပ်တဲ့ ကျောင်းတော်ကြီး ရှိခဲ့ဖူးသောကြောင့် ပရိဘောဂစေတီတော်။

ထိုပရိဘောဂ စေတီတော်ရဲ့ နေရာမှာ ဘုရားရဲ့ ကိုယ်တော်စား ရုပ်ပွားတွေ၊ ဆင်းတုတွေ မြောက်မြားစွာ တည်ထားသောကြောင့် ဥဒ္ဒိဿကစေတီတော်။

ဤနေရာ တည်ထားတဲ့ ဤကျောင်းတော်ရာစေတီ ပုထိုးကြီးအတွင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဓာတ်တော်တွေ မြောက်မြားစွာ ထည့်သွင်းဌာပနာထားသော ကြောင့်လဲပဲ ဓာတုစေတီတော်။

ဓမ္မက္ခန္ဓာတွေကို ရွှေပေ၊ ငွေပေမှာရေးပြီးတော့ ထည့်သွင်း ပူဇော်ထားသောကြောင့်လဲပဲ (သို့မဟုတ်) ကျောက်မှာထွင်းထု ပူဇော်ထားသောကြောင့်လဲပဲ ဓမ္မစေတီလို့ ခေါ်ဆိုရတဲ့ စေတီလေးမျိုးစုံတဲ့ ဤ ကျောင်းတော်ရာစေတီမြတ်ကြီးမှာ –

နယ်သူနယ်သားများ၊ ပွင့်ဖြူမြို့ နယ်သူနယ်သားများ၊ စကုမြို့နယ်သူနယ်သားများ၊ အနီးပတ်ဝန်းကျင် ကျေးရွာသူကျေးရွာသားများနဲ့တကွ မြန်မာပြည်တစ်ဝန်းလုံးက ဗုဒ္ဓဘာသာ သူတော်စင်အားလုံးတို့ လာရောက်ပြီးတော့ လှူဒါန်းကြ၊ ပူဇော်ကြတဲ့နေရာမှာ ဟို နိဓိကဏ္ဍသုတ်တော်မှာ မိန့်တော်မူသည့်အတိုင်းပဲ –

## နိဓိကဏ္ဍသုတ်

စေတိယမှိ စ သံဃေ ဝါ၊ပုဂ္ဂလေ အတိထိသု ဝါ။
မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။

စေတိယမ္ပိစ – ဓာတုစေ့မွ၊ ဥဒ္ဒိဿနှင့် ပရိဘောဂအားလေးထွေပြားသည့် စေတီဘုရား၌သော်လည်းကောင်း၊ သံဃေဝါ– သံဃာတော်အရှင်မြတ်တို့ရဲ့ အထံ၌သော်လည်းကောင်း၊ ပုဂ္ဂလေဝါ– ပုဂ္ဂိုလ်တစ်ပါးခြင်းရဲ့ အထံ၌သော်လည်းကောင်း၊ အတိထိသုဝါ– ဧည့်သည်တို့၏အထံ၌သော်လည်းကောင်း၊ မာတရိစ– မိခင်ရဲ့အထံ၌သော်လည်းကောင်း၊ ပိတရိစ– ဖခင်ရဲ့အထံ၌သော်လည်းကောင်း၊ အထော– ထို့ပြင်၊ ဇေဋ္ဌမှိဘာတရိ– ကြီးကုန် ကြီးကုန်သော ပုဂ္ဂိုလ်တို့ရဲ့ အထံ၌သော်လည်းကောင်း။

ဧသောနိဓိ– ဤဒါနဆိုတဲ့ အနုဂါမိက ဥစ္စာရွှေအိုးသည်၊ သုနိဟိတော– ကောင်းစွာသိုမှီးမြှုပ်နှံ သိမ်းဆည်းအပ်သည်၊ ဟောတိ– ဖြစ်ပါပေ၏။ ဧသောနိဓိ– ဤကဲ့သို့ မြှုပ်နှံထားတဲ့ အနုဂါမိက ဥစ္စာရွှေအိုးသည်၊ အဇေယျော– ဘယ်ရန်သူတို့မှ မအောင်အပ် မအောင်နိုင် မယူအပ် မယူနိုင်သည်၊ ဟောတိ– ဖြစ်လေတော့၏။ အနုဂါမိတော–သံသရာခရီးတစ်လျှောက် မိမိသွားလေရာရာ ဘဝတိုင်းဘဝတိုင်း နိဗ္ဗာန်တံခါးပေါက်ရောက်တော့သည် မိမိနောက်က တကောက်ကောက်

ပါအောင်လိုက်သည်၊ ဟောတိ- ဖြစ်လေတော့၏။

ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

မိမိစုဆောင်းထားတဲ့ -

ထာဝရဘဏ္ဍံ- ထာဝရဘဏ္ဍာခေါ်ဆိုရတဲ့ ဥစ္စာရတနာတွေကို၊ ပဟာယ- ပယ်စွန့်ပြီးတော့၊ ဂမနီယေသု- ဘဝတပါး ပြောင်းသွားကြကုန်သည်ရှိသော်၊ ဧတံ- ဤအနုဂါမိကဥစ္စာဘဏ္ဍာကို၊ အာဒါယ- ယူဆောင်၍၊ ဂစ္ဆတိ- သွားရလေတော့၏။

ဣတိ- ဤသို့၊ ဘဂဝါ- ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ကထေသိ- ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## ဘဏ်တိုက်ကြီး (၇) လုံး

နိဓိကဏ္ဍသုတ္တန်မှာ သံသရာခရီးတစ်လျှောက် မိမိနောက်ကပါအောင် အပိုင်ယူဖို့ရန် အနုဂါမိက ရွှေအိုးမြှုပ်ရမယ့်ဌာနတွေကို ဖော်ပြလိုက်တော့ ခုနစ်ဌာန။

(၁) စေတီရယ်

(၂) သံဃာရယ်

(၃) ပုဂ္ဂိုလ်ရယ်

(၄) အမိရယ်

(၅) အဘရယ်

(၆) ညှော်သည်ရယ်

(၇) အသက်ကြီးသူ ဂုဏ်ကြီးသူရယ်

ခုနစ်ဌာန၊ ထို ခုနစ်ဌာနသည် ဗုဒ္ဓဂေါတမ ပေးတော်မူတဲ့ ဘဏ်တိုက်ကြီး ခုနစ်လုံးလို့ နားလည်။ နေ့ခင်းပိုင်းက ဟောခဲ့တဲ့ ...

ပဥ္စန္နံ ဝေရာနံ သာဝရဏာဘာဝေန နိဿာရဿ

ဓနဿ ဒါနံ နာမ သာရော။

စီးပွားဥစ္စာတွေဟာ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံ၊ အနှစ်မရ၊ ကိုယ့်နောက်မပါ။ ကိုယ့်နောက်ပါအောင် ဘယ့်နှယ်လုပ်မလဲဆိုတော့ ဒါနကောင်းမှုပြု၊ ရန်သူမျိုး ငါးပါး နှိပ်စက်ရင် ကုန်သွားနိုင်တဲ့ ပျက်စီးနိုင်တဲ့ ဤစီးပွားဥစ္စာတွေကို ရန်သူမျိုးငါးပါးတွေ မဖျက်ဆီး ရအောင်ဟော့ဆိုပြီးတော့ လုံလုံခြုံခြုံ မြှုပ်ချင်လို့ရှိရင် လုံခြုံရာဌာန ပြပါလို့ဆိုခဲ့ရင် ဤခုနစ်ဌာနကို ပြရမယ်။

စီးပွားဥစ္စာ ကိုယ့်နောက်က အပိုင်ပါသွားအောင်

ယူဖို့ရန်အတွက် မြှုပ်နှံရာဌာနသည် ခုနစ်ခုရှိတယ်။ စေတီ၊ သံဃာ၊ ပုဂ္ဂိုလ်၊ ဧည့်သည်၊ အမိအဘနှင့် ကြီးသူဆိုတဲ့ ဤခုနစ်ဌာနတို့တွင် ဤယနေ့ဘုန်းကြီးတို့ ပရိသတ်များ မြှုပ်နှံနေကြတာက ဘယ်မှာလဲဆို လို့ရှိရင် စေတီမှာ မြှုပ်ကြတယ်။

စေတီတော်မှာ မြှုပ်ထားလိုက်လို့ရှိရင် မီးလဲ မလောင်ဘူး၊ ရေလဲမမျောဘူး၊ ခိုးသားဓားပြလည်း မလုယက်ဘူး၊ မင်းစိုးရာဇာတွေကလဲ မတောင်းယူဘူး၊ သားဆိုးသမီးဆိုးတွေကလဲ မဖြုန်းတီးတော့ဘူးတဲ့။ ရန်သူ မျိုးငါးပါး ကင်းလွတ်တဲ့ဌာနသည် ယခုနက ခုနစ်ဌာန တို့တွင် စေတီတော်ဆိုတဲ့ ဌာနကို ရှေ့တန်းကတင်ပြီး တော့ပြတယ်။

ရှေ့နားက ရှင်းလင်းတင်ပြခဲ့ပြီးပြီ၊ စေတီလေးပါး- ဓာတု၊ ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂ – ဤစေတီလေးပါး တစ်ပါးပါးမှာ မိမိတို့ရဲ့ပစ္စည်းတွေကိုထည့်ပြီးတော့ မြှုပ်ထားလိုက်မယ်ဆိုရင် ဘယ်ရန်သူမှ မဖျက်ဆီးနိုင် ဘဲနဲ့ သံသရာ ခရီးတစ်လျှောက် ကိုယ့်နောက်က ပါသွားပြီလို့မှတ်ပါ။

ဒါကြောင့် ယနေ့ည တရားအလှူခံလာကြတဲ့ ဓမ္မ

ပဋိဂ္ဂါဟက သူတော်စင်တို့သည် ဘုန်းကြီးတို့ပေးဝေ လှူဒါန်းနေတဲ့ တရားအလှူကိုခံယူကြပြီးတော့ မိမိတို့ ရဲ့ပစ္စည်းတွေကို မိမိတို့အပိုင်ရအောင် သံသရာခရီး သယ်သွားကြမယ်ဆိုရင်တော့ ဒီကျောင်းတော်ရာစေတီ တော်မြတ်ကြီးထဲမှာ မြှုပ်နှံလိုက်ကြရုံပဲ ရှိပါတော့တယ်။ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးထဲမှာ မြှုပ်နှံသိုမှီး သိမ်းဆည်းထားလိုက် ကြမယ်ဆိုရင် မိမိတို့ရဲ့ စီးပွားဥစ္စာ ဘယ်ရန်သူကမှ မဖျက်ဆီးတော့ဘဲနဲ့ သံသရာခရီး ကိုယ့်နောက်က အပိုင်ပါပြီ။

ဘာကို ကိုယ်ယူသွားလို့ ရသလဲ၊ ထိုကဲ့သို့ မြှုပ်နှံထားတဲ့ပစ္စည်းကို အနုဂါမိက ရွှေအိုးလို့ ခေါ်တယ်။ ထို အနုဂါမိက ရွှေအိုး ဒါနအထုပ်၊ ဒါနဆိုတဲ့ အနှစ် ကိုယ့်နောက်ကပါသွားရင် နိဗ္ဗာန်တံခါးပေါက် ရောက် တဲ့အထိ သံသရာခရီးမှာ ချမ်းသာတယ်။ ဒါကြောင့် ကိုယ့်ပစ္စည်း အပိုင်ရလိုသူ အမျိုးသား အမျိုးသမီးတွေ ကျောင်းတော်ရာစေတီမှာ မြှုပ်ကြ။

ငြိမ်းကြီးထိုးပြီးတော့ ဤယနေ့ဆောင်ရွက်နေ တယ်၊ ဘာလုပ်တာပါလဲ၊ တပည့်တော်များ ရောက်တဲ့ အခါ စေတီတော်ကြီး ကြည်ကြည်လင်လင် ဖူးဖို့ရန်

ငြမ်းကြီးကြည့်ပြီးတော့ အားမရဘူးဘုရားဆိုတော့ အနဂါမိက ရွှေအိုး မြှုပ်လိုသူများအတွက် အဲဒါ လမ်းဖွင့်ပေးထားတာပါလို့ ဆရာတော် ဦးဓမ္မစာရက မိန့်ကြားတယ်။

ဒီတော့ ဤယနေ့ည တရားချစ်ခင် စိတ်ကောင်းဝင်တဲ့ သူတော်စင်တို့သည် ဤငြမ်းကြီးကိုကြည့်ပြီးတော့ ကိုင်း အနဂါမိကရွှေအိုးကို ဤကျောင်းတော်ရာစေတီတော်မှာ များများကြီး မြှုပ်လိုက်ကြ။ မြှုပ်နှံပြီးပြီဆိုလို့ရှိရင် ...

## ဒါနကောင်းမှုကြောင့် ရရှိသောအကျိုးတရား

ဒါနံ ဟိ လောကေ မနုဿသမ္ပတ္တိမ္ပိ ဒေတိ၊ သက္ကသမ္ပတ္တိံ မာရသမ္ပတ္တိံ ဗြဟ္မသမ္ပတ္တိံ စက္ကဝတ္တိသမ္ပတ္တိံ သာဝကပါရမီဉာဏံ ပစ္စေကဗောဓိဉာဏံ အဘိသမ္ဗောဓိဉာဏမ္ပိ ဒေတိ။

လောကေ- လောက၌၊ ဒါနံ- ဒါနကောင်းမှုသည်၊ မနုဿသမ္ပတ္တိမ္ပိ- လူ့စည်းစိမ်ကိုလည်းပဲ၊ ဒေတိ- ပေးနိုင်၏။ သက္ကသမ္ပတ္တိမ္ပိ- သိကြားမင်းစည်းစိမ်ကိုလည်းပဲ၊ ဒေတိ- ပေးနိုင်၏။ မာရသမ္ပတ္တိမ္ပိ- မာရ်မင်းရဲ

စည်းစိမ်မျိုးကိုလည်းပဲ၊ ဒေတိ- ပေးနိုင်၏။ ဗြဟ္မသမ္ပတ္တိမ္ပိ- ဗြဟ္မာမင်းရဲ့ စည်းစိမ်မျိုးကိုလည်းပဲ၊ ဒေတိ- ပေးနိုင်၏။ သာဝကပါရမီဉာဏမ္ပိ- သာဝက ပါရမီဉာဏ်ကိုလည်းပဲ၊ ဒေတိ- ပေးနိုင်ပါပေ၏။ ပစ္စေကဗောဓိဉာဏမ္ပိ- ပစ္စေကဗုဒ္ဓ အရှင်မြတ်ကြီးတို့ရဲ့ ဉာဏ်မျိုးကိုလည်း၊ ဒေတိ- ပေးနိုင်ပါပေ၏။ အဘိသမ္ဗောဓိဉာဏမ္ပိ- ဘုရားရှင်တို့ရဲ့ ဉာဏ်မျိုးကိုလည်းပဲ၊ ဒေတိ- ပေးနိုင်ပါပေ၏။

မိမိမြှုပ်နှံထားတဲ့ အနုဂါမိကဥစ္စာရွှေအိုးဆိုတဲ့ ဒါနအနှစ်သည်၊ လူ့ချမ်းသာ၊ လူ့စည်းစိမ်၊ နတ်ချမ်းသာ၊ နတ်စည်းစိမ်၊ ဟို- ဝိဝဋ္ဋနိဿိတဘက်ကို သွားလိုက်၊ သစ္စာလေးတန် တရားမှန်ကို ကောင်းစွာထင်ထင် သိမြင်နိုင်တဲ့ ဗောဓိဉာဏ်ကိုလည်းပဲ ပေးနိုင်တယ်။

ဗောဓိဉာဏ်အတွက်လည်းပဲ ဤ ကောင်းမှုက အထောက်အပံ့ပြုမယ်။

မနုဿသမ္ပတ္တိ၊ ဒေဝသမ္ပတ္တိကို အသာထား၊ ဗောဓိဉာဏ်ဆိုတော့ သာဝကဗောဓိဉာဏ်ရယ်၊ ပစ္စေကဗောဓိဉာဏ်ရယ်၊ သမ္မာသမ္ဗောဓိဆိုတဲ့ ဉာဏ်ရယ်လို့ အကျဉ်းသုံးမျိုးရမယ်။ သာဝကဗောဓိဉာဏ်ကို ပကတိသာဝက၊

မဟာသာဝက၊ အဂ္ဂသာဝကရယ်လို့ သုံးမျိုးထပ်ခွဲလိုက်ရင် ဗောဓိဉာဏ်သည် ငါးမျိုးဖြစ်လာမယ်။

ဒါနံ- ဒါနတရားသည်၊ သာဝကဗောဓိဉာဏမ္ပိ- သာဝကတို့ရဲ့ သစ္စာလေးအင် တရားကိုသိမြင်နိုင်တဲ့ ဗောဓိဉာဏ်ကိုလည်းပဲ၊ ဒေတိ- ပေးနိုင်တယ်။

ရဟန္တာသခင် အရှင်သူမြတ်တွေ သိတော်မူတဲ့ သစ္စာလေးရပ် တရားမြတ်ကိုလည်းပဲ ဤဒါနကောင်းမှုနဲ့ သိမြင်နိုင်တယ်။ ပကတိသာဝက ရိုးရိုးရဟန္တာ၊ မဟာသာဝက မဟာဂုဏ်ထူးတပ် ချီးကျူးခံရတဲ့ ဘုရားကိုယ်တော်မြတ်ရဲ့ လက်ဝဲလကျ်ာ ရဟန္တာကြီးများ၊ အသီတိမဟာသာဝက- လက်ဝဲလကျ်ာ ရှစ်ကျိပ်ရှိတယ်၊ လက်ဝဲဘက်က လေးဆယ်၊ လကျ်ာဘက်က လေးဆယ်၊ အဲဒီလို မဟာသာဝကရဟန္တာကြီးများရဲ့ ဆုကိုလည်းပဲ၊ ဒေတိ- ပေးစွမ်းနိုင်၏။

ဒါနံ- ဒါနကောင်းမှုသည်၊ အဂ္ဂသာဝကဗောဓိဉာဏမ္ပိ- ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် မထေရ်သူမြတ်ကြီးတို့ရဲ့ အဂ္ဂသာဝကဗောဓိဉာဏ်မျိုးကိုလည်းပဲ၊ ဒေတိ- ပေးနိုင်ပါတယ်။ ပစ္စေကဗောဓိဉာဏမ္ပိ- ပစ္စေကဗုဒ္ဓါတွေ သိတော်မူသည့် သစ္စာလေးပါး မြတ်တရား

ပိုင်းခြားထင်ထင် သိမြင်တဲ့ ဗောဓိဉာဏ်မျိုးကိုလည်းပဲ၊ ဒေတိ- ပေးစွမ်းနိုင်တယ်။

သမ္မာသမ္ဗောဓိဉာဏမ္ပိ- ဘုရားရှင်ကိုယ်တော်မြတ်တို့ရဲ့ သမ္မာသမ္ဗောဓိ ဉာဏ်မျိုးကိုလည်းပဲ၊ ဒေတိ- ပေးစွမ်းနိုင်တယ်။

## သံသရာမှလွတ်ကြောင်း ကောင်းမြတ်တဲ့ဒါနမှု

ဗောဓိဉာဏ် (၅) မျိုး-

(၁) ပကတိသာဝကဗောဓိဉာဏ်

(၂) မဟာသာဝကဗောဓိဉာဏ်

(၃) အဂ္ဂသာဝကဗောဓိဉာဏ်

(၄) ပစ္စေကဗောဓိဉာဏ်

(၅) သမ္မာသမ္ဗောဓိဉာဏ်လို့-

ဤ ဗောဓိဉာဏ် ဗောဓိဆုကြီးငါးပါးကို ဤဒါနကောင်းမှုက ပေးနိုင်တယ်လို့နားလည်။ အဲဒါဝိဝဋ္ဋအတွက်။ မနုဿသမ္ပတ္တိ- ဒေဝသမ္ပတ္တိအတွက် ဒါနပြုပါတယ်ဆိုရင် အဲဒါက ဝဋ္ဋဒါန၊ ဝဋ္ဋနိဿိတဒါန- သံသရာဝဋ်ထဲမှာ ဖြစ်လာတဲ့ကောင်းမှု၊ ခုနက ပြောပြထားခဲ့တဲ့ ဗောဓိဉာဏ်ငါးမျိုး တစ်မျိုးမျိုးအတွက်

ဆိုရင်တော့ ဝိဝဋ္ဋနိဿိတ– သံသရာဝဋ်မှ လွတ်ကြောင်းနဲ့ စပ်ယှဉ်ပြီးတော့ ဖြစ်လာတဲ့ဒါနမျိုး။ ဒါကြောင့်–

> ဣဒံ မေ ပုညံ ဗောဓိဉာဏဿ
> ပစ္စယော ဟောတု။
> အကောင်းဆုံးပဲ။

မေ– အမှာကံ၊ တပည့်တော် တပည့်တော်မတို့ရဲ၊ ဣဒံပုညံ– ဤကောင်းမှုသည်၊ ဗောဓိဉာဏဿ– သဗ္ဗညုတ လေးအင် ခိုင်သဇင်ကို ပြိုင်ယှဉ်ဆွတ်ခူး ထွင်မှုးရင့်သန် ဗောဓိဉာဏ်၏။ ပစ္စယော– ရရာရကြောင်း ကောင်းမြတ်တဲ့ ဥပနိဿယ်းသည်း ပစ္စည်းစင်စစ်သည်။ ဟောတု– ကောင်းမွှာမသွေ ဖြစ်ပါစေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

ပရိဘောဂ စေတီတော်မြတ်ကြီးအား လှူဒါန်းကြရတဲ့ ကောင်းမှုအစုစုတို့ကို ဤကဲ့သို့ ဗောဓိဉာဏ် အတွက်ပါဘုရားလို့ အာရုံပြုပြီးတော့ ပတ္ထနာပြုလိုက်ပါ။ အေး ... နိဒါန်းစကား ဒါလောက်ပြောပြီးရင် ဘုန်းကြီးတို့ရဲ ပုဏ္ဏောဝါဒသုတ္တန်ကို စတင်ကြရအောင်။

# ပုဏ္ဏောဝါဒသုတ္တန် နိဒါန်း

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

ဧကံသမယံ- အခါတစ်ပါး၌၊ ဘဂဝါ- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ သာဝတ္ထိယံ- သာဝတ္ထိမြို့အနီး၌၊ အနာထပိဏ္ဍိကဿ- အနာထပိဏ်သူဌေး၏၊ အာရာမေ- နှလုံးမွေ့လျော်ပျော်ဖွယ်ရာကောင်းလှစွာသော၊ ဇေတဝနေ-·ဇေတဝန်ရောင်မောင်းသူဌေးကျောင်း၌၊ မဟတာ- ဂုဏ်အားဖြင့်မြတ်သော (ဝါ) အရေအတွက်အားဖြင့် များပြားလှစွာသော၊ ဘိက္ခုသံဃေန- ရဟန်းတော်အပေါင်းနှင့်၊ သဒ္ဓိံ- အတူတကွ၊ ဝိဟရတိ၊ ဣရိယာပထ- မျှတရှင်ပြုံးကာသီတင်းသုံးနေတော်မူခဲ့ပါပေသတည်း။

"သာဓု ... သာဓု _သာဓုပါဘုရား"

ပုဏ္ဏောဝါဒအမည်ရတဲ့ သုတ္တန်တရား ဖြစ်ပေါ်လာတဲ့အချိန် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး

သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း သံဃာတော်များစွာ ခြံရံပြီးတော့ ကိန်းအောင်းမွေ့လျော်နေပျော်တော်မူခဲ့တဲ့အချိန်။

တေန ခေါ ပန သမယေန အာယသ္မာ ပုဏ္ဏော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ ပုဏ္ဏော ဘဂဝန္တံ ဧတဒဝေါစ။

တေန ခေါ ပန သမယေန- ထိုကဲ့သို့ ဘုရားမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူသောအချိန်၌၊ အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏမထေရ်သည်မြတ်သည်၊ ယေန-အကြင်အရပ်၌၊ ဘဂဝါ- ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်သည်၊ အတ္ထိ- ရှိပါပေ၏။ တေန- ထိုဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ရှိရာသို့၊ ဥပသင်္ကမိ- ချဉ်းကပ်၍ လာခဲ့လေပြီ။

ဥပသင်္ကမိတွာ- ဘုရားရှင်ကိုယ်တော်မြတ်ရှိရာ အနီးအစပ် ချဉ်းကပ်ပြီး၍၊ ဘဂဝန္တံ -ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို၊ အဘိဝါဒေတွာ-

အလွန်ရှိသေစွာ ရှိခိုး၍၊ အဘိဝါဒေတွာ- ပဥ္စပတိဋ္ဌိတ နည်းအရဖြင့် ကျကျနနရှိခိုး၍၊ အဘိဝါဒေတွာ- သုခိ ဟောတုဆိုသော မင်္ဂလာစကား မိန့်ကြားစေပြီး၍၊ ကေ မန္တံ- အပြစ်ခြောက်ပါးကင်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သောနေရာ၌၊ နိသီဒိ- ကောင်းစွာမသေ့ ထိုင်၍နေခဲ့လေပြီ။

ကေမန္တံ - အပြစ်ခြောက်ပါးကင်း သင့်တော်သော နေရာ၌၊ နိသိန္နော- ထိုင်ပြီးသော၊ အာယသ္မာပုဏ္ဏော- ဤအရှင်ပုဏ္ဏမထေရ်သည်၊ ဘဂဝန္တံ - ဘုန်းတော်ခြောက် ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကို၊ ဧတံ ဝစနံ- ဤသို့ဆိုလတ္တံ့သောစကားကို၊ အဝေါစ- ရွှေနား တော်ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## ရှင်ပုဏ္ဏ ဘုရားထံ လျှောက်ထားခြင်း

ဘုရားရှင်ကိုယ်တော်မြတ်ရှိရာ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း အရှင်ပုဏ္ဏမထေရ်သူမြတ် ဆိုက် ရောက်လာပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို

လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် သင့်တော်သောနေရာမှာ ထိုင်လျက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်စရာ စကားများကို လျှောက်ပါလိမ့်မယ်။

ပါဠိတော် အနေအားဖြင့်တော့ အဓိပ္ပာယ်ဒါပဲ၊ သို့သော် ဒီနေရာမှာ ပြောစရာ ဆိုစရာစကားများ အဋ္ဌကထာဖွင့် ဋီကာဖွင့်တွေ မြောက်မြားစွာ ရှိ၍နေပါတယ်။ ရှိနေတဲ့ စကားရပ်များကို အဋ္ဌကထာ ဋီကာ လာသည့်အတိုင်း မချွင်းမချန်ဘဲနဲ့ ဘုန်းကြီးတို့ ပရိသတ်အား တင်ပြစမ်းပါရစေ။

ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်နေတဲ့အချိန် အရှင်ပုဏ္ဏမထေရ်သည် ဘုရားထံမှောက် ရောက်လာတယ်။ လက်အုပ်ချီမိုး ရှိခိုးတယ်။ သင့်တော်တဲ့ နေရာမှာထိုင်တယ်၊ ပြီးတော့ ဘုရားကို လျှောက်တယ်။

ဇေတဝန်ရွှေကျောင်း ဘုရားရှင်ကိုယ်တော်မြတ် ကိန်းအောင်းနေတဲ့အချိန်သည် ဘယ်အချိန်လဲဆိုတော့ သမိုင်းကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များ သုတေသနပြုစုပြီးတော့ လေ့လာထားတဲ့ ပုဂ္ဂိုလ်များရဲ့ အများကြိုက်ညီတဲ့ အဆိုအရကတော့ ဝါတော် ၂၀ ခန့်လို့ဆိုတယ်။ ဘုရား

ရှင်ကိုယ်တော်မြတ် ဝါတော် ၂၀ လောက်ရောက်တဲ့ အချိန် အရှင်ပုဏ္ဏမထေရ်သူမြတ်သည် ဟောဒီဘုရားရှင် ကိုယ်တော်မြတ်ရှိရာ ဇေတဝန်ကျောင်းကို ဆိုက်ရောက် လာတယ်။

## ရှင်ပုဏ္ဏ ဘယ်အရပ်ကရောက်လာတာလဲ

ရှင်ပုဏ္ဏမထေရ် ဘယ်ကနေ ရောက်လာတာလဲ။

ပုဏ္ဏဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ။

ဘုရားသာသနာမှာ ပုဏ္ဏတွေက အများကြီးကိုး။ ရာဇဂြိုဟ်ပြည်က သုမနသူဌေးကြီးရဲ့ အိမ်နောက်ကွယ် ကလေးမှာကပ်ပြီးနေရတဲ့ ဆင်းရဲသား မောင်ပုဏ္ဏ ဆိုတာလဲ ရှိသေးတယ်။ ထိုဆင်းရဲသား မောင်ပုဏ္ဏက ရှင်သာရိပုတ္တရာ မထေရ်သူမြတ်ကြီးအား ဒါန်ပူနဲ့ ရေချမ်း လှူ၊ သူ့ဇနီးသည်က ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်း ကလေးဆက်ကပ်၊ ထွန်ယက်ထားတဲ့ ထွန်ခဲ ထယ်ခဲ တွေ အိပ်ရာကလဲနိုးရော အကုန်လုံး ရွှေတုံးတွေချည်း ဖြစ်တယ်။

ထိုပုဂ္ဂိုလ်များဟာ နောင်သောအခါ ပုဏ္ဏသူဌေး ကြီးလို့ ဖြစ်လာတယ်။ ပထမတော့ လယ်သမားပုဏ္ဏ

ဆင်းရဲသား၊ နောက်တော့ ယခုနက ပြောပြထားခဲ့တဲ့ ကောင်းမှုကြောင့် ပုဏ္ဏာသူဌေးဆိုပြီးတော့ ဖြစ်လာတယ်။ ထိုပုဏ္ဏာသူဌေး သာသနာတော်ရဟန်းပြုလို့ ပုဏ္ဏာမထေရ် ရယ်လို့ ဘုန်းကြီးတို့ မှတ်တမ်းမရှိဘူး။ အဲဒီပုဏ္ဏာက တခြား။

ဏာကြီးနှစ်လုံးဆင့် နောက်ကရေးခြာနဲ့ ပုဏ္ဏာ ဆိုတာတွေလဲ တော်တော်များများ ရှိသေးတယ်။ ပုဏ္ဏာ ကျွန်မတို့၊ ပုဏ္ဏာ သူဌေးသမီးတို့၊ အနာထပိဏ်ရဲ့ သမီးတော်ကလေးပုဏ္ဏာတို့ဆိုတာ ရှိသေးတယ်၊ ထား၊ ပုဏ္ဏာဆိုတာ ယခုနက ပြောပြထားခဲ့တဲ့ ဆင်းရဲသား လယ်သမားကနေ သူဌေးဖြစ်သွားတဲ့ ပုဏ္ဏာလဲ မဟုတ် ပါဘူး။ ပုဏ္ဏာကျွန်လဲ မဟုတ်ပါဘူး။ ပုဏ္ဏာသူဌေးသမီး လဲ မဟုတ်ပါဘူး။ ပုဏ္ဏာခေါ်တဲ့ ကုန်သည်လို့ နားလည်၊ ကုန်သည်မျိုး။

ကုန်သည်မျိုးဖြစ်တဲ့ ပုဏ္ဏာသည် ဘုရားသာသနာ တော် ရဟန်းပြုလို့ အတော်အတန် သာဝတ္ထိမှာ တရား အားထုတ်ကြည့်တယ်၊ တရားအားထုတ်လို့ ခရီးမတွင် တာနဲ့ပဲ ဘုရားရှင်ကိုယ်တော်မြတ်ထံ ချဉ်းကပ်ပြီးတော့ တရားတောင်းဖို့ ရောက်လာတာ။

## သုနာပရန္တတိုင်းအရပ်ကို ပြဆိုခြင်း

ဒီတော့ ဤပုဏ္ဏဆိုတဲ့ ကုန်သည်သည် ဘယ်က သွားသလဲလို့ဆိုတော့ ဘုန်းကြီးတို့ ပုဏ္ဏရဲ့ဇာတိချက်ကြွေ မွေးရပ်မြေကို ပြောကြဆိုကြတဲ့အခါမှာ မြန်မာပြည်သမိုင်းဆရာများ၊ သမိုင်းဆရာတော်များက ဘုန်းကြီးတို့ သုနာပရန္တတိုင်းလို့ ခေါ်ဆိုရတဲ့ ဤကျောင်းတော်ရာတစ်ဝိုက်အရပ်ကနေပြီးတော့ သွားတယ်လို့ ဒီလို သတ်မှတ်ပါတယ်။

ဟောဒီ မင်းဘူးရဲ့အထက်ပိုင်းတစ်လျှောက် တောက်လျှောက်ကြီးပဲ သုနာပရန္တတိုင်း၊ မကွေးတိုင်းလို့ သာမန်အားဖြင့် ဆိုပေါ့ဗျာ။ မကွေးတိုင်းနယ်မြေ ဤတစ်ဝိုက်သည် ဘုန်းကြီးတို့ ပရိသတ်များ သုနာပရန္တတိုင်းလို့ ဆိုပြီးတော့ မြန်မာပြည် သမိုင်းဆရာတော်များ ဤကဲ့သို့ သတ်မှတ်တော်မူကြတယ်။

ပြီးတော့ ဘုန်းကြီးတို့ တောရမှီပြီးတော့ ကမ္မဋ္ဌာန်းတရား ကြိုးကုတ်အားထုတ်လို့ အလွန်တရာထင်ရှားကျော်ကြားတော်မူတဲ့ သေကျွတောင် ဆရာတော်ဘုရားရေးသားတဲ့ တိုင်းကြီးသောဌသမှာလဲပဲ သုနာပရန္တတိုင်းဆိုတာ ဤကျောင်းတော်ရာတစ်ဝိုက်၊ မင်းဘူး၊

စကု၊ စလင်း၊ မကွေး ဟုတ်လား၊ ပွင့်ဖြူဆိုတဲ့ ဤနယ်တစ်ဝိုက်သည် သုနာပရန္တတိုင်းပဲလို့ ဤလို ဆုံးဖြတ်ထားတယ်။

ဆရာတော်ဦးဒီပ ရေးသားပြုစုတော်မူတဲ့ ပါဒစေတီ ယဒီပနီကျမ်းမှာ ကြည့်လိုက်ရင်လဲ ဤအတိုင်းပဲ ဆုံးဖြတ် ထားတယ်။ ဟော ယခုနောက်ဆုံး ထွက်ပေါ်လာတဲ့ ဘုန်းကြီးတို့ ကျောင်းတော်ရာစေတီတော်ကြီးရဲ့ အကျိုး တော်ဆောင်ဖြစ်တော်မူတဲ့ အရှင်ဓမ္မာစာရ ရေးသားတဲ့ ကျောင်းတော်ရာစေတီတော်သမိုင်း ကြည့်လိုက်တော့ လဲပဲ သုနာပရန္တတိုင်းဆိုတာက ဤအရပ် ဤဒေသပဲ။

မင်းဘူးနယ်တစ်ဝိုက် စကုနယ်တစ်ဝိုက် ဟောဒီ ပွင့်ဖြူနယ်တစ်ဝိုက် မကွေးတိုင်းရဲ့ အနောက်ခြမ်း တစ်ခွင်ပေါ့၊ ဒါသုနာပရန္တတိုင်း။

## မန်းတက္ကသိုလ်ဆရာကြီး ဦးဆန်းထွန်းနဲ့ဆွေးနွေး

ပြီးတစ်ခါအနောက်ဥရောပရာဇဝင်ကျမ်း၊ အနောက် ခြမ်း၊ အနောက်ဘက်ကလာတဲ့ ကျမ်းတွေကိုလေ့လာပြီး ရေးသားတဲ့ ကျမ်းတွေ ကျမ်းတွေကြည့်လိုက်တော့ သုနာပရန္တတိုင်းဟာ မြန်မာပြည်ထဲမဟုတ်ဘူး၊ မြန်မာ

ပြည် အပြင်ကို သူတို့က ထုတ်သွားကြတယ်။

ဒီတော့ ဒီဒေသတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ ဆွေးနွေးတဲ့ နေရာမှာ ရာဇဝင်ရော သာသနာဝင်ရော အလွန်ကျွမ်းကျင်နိုင်နင်းတဲ့ မန်းတက္ကသိုလ်ဆရာကြီး ဦးဆန်းထွန်းဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ဘုန်းကြီးတို့ ဆွေးနွေး ခဲ့ဖူးတယ်။ ဆွေးနွေးတဲ့အခါကျတော့ ဆရာကြီးက ပြောတဲ့စကားတွေအများကြီးထဲက တစ်ခု ဘုန်းကြီးတို့ အကြိုက်ဆုံး ဖြစ်သွားတာက –

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကျောင်းတော်ရာ၊ ခြေတော်ရာဆိုတာတွေနဲ့ ပတ်သက်လို့ ဘုရားရှင်ကိုယ်တော်မြတ် သာသနာဖြန့်ချိသွားတယ်ဆိုတဲ့ နေရာတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ ထိုဆရာကြီးနဲ့ ဆွေးနွေးတာ ကတော့ သုဝဏ္ဏဘုမ္မိဆိုတာနဲ့ ပတ်သက်လို့ ဆွေးနွေး တာပါ။

မြန်မာပြည် ပထမဆုံး သာသနာရောက်လာတယ် ဆိုတာ သုဝဏ္ဏဘုမ္မိက ရောက်တယ်လို့ နှောင်းခေတ် သမိုင်းဆရာတွေဆိုတယ်။ ဘုရားသာသနာတော် နှစ် ၂၃၀ လောက် ပတ်ဝန်းကျင်မှာ သီရိဓမ္မာသောကမင်း ကြီး သာနာပြုတော့ ဘုန်းကြီးတို့ပရိသတ်များ သောဏ

ဥတ္တရမထေရ် အမှူးရှိတဲ့ ရဟန္တာသာသနာပြု အဖွဲ့ကြီး တစ်ဖွဲ့ဟာ သုဝဏ္ဏဘူမိကို ကြွလာတယ်ဆိုတဲ့ စကား အရ သုဝဏ္ဏဘူမိဆိုတာ ဘာပါလိမ့်မလဲလို့ သုတေသန နဲ့ စိစစ်တဲ့အခါကြတော့ –

ဟိုဘက် အင်ဒိုနီးရှားဆွဲသွားတဲ့ပုဂ္ဂိုလ်ကတချို့၊

ထိုင်းနိုင်ငံဘက်ဆွဲသွားတဲ့ ပုဂ္ဂိုလ်ကတချို့၊

မြန်မာပြည်ထဲ ဆွဲပြီးတော့ လာတဲ့ပုဂ္ဂိုလ်များက တစ်မျိုး။

ဒီလိုဖြစ်နေတော့ "ဆရာ ဘယ်အယူဆတွေက မှန်တုန်း" မေးတော့ ဆရာက ဘာပြောတုန်းဆိုတော့ "ဆရာတော်၊ တပည့်တော်တို့ မြန်မာပြည် သာသနာ ရောက်လာတာလဲအမှန်ပဲ၊ ထေရဝါဒ သာသနာထွန်းကား နေတာလဲ အမှန်ပဲ၊ ရှုးမတ်ကြား တို့၊ ဂျာဗားတို့ သာသနာထွန်းကားခဲ့ဖူးတယ်ဆိုတာတော့ ကြွင်းကျန်တဲ့ စေတီတော် အဟောင်းတွေ အပျက်တွေကြည့်ပြီး ရှေးဟောင်းစေတီတော်ကြီးတွေ ကြည့်ပြီးတော့ ပြော နိုင်တယ်။

ဤယနေ့တော့ ဗုဒ္ဓသာသနာ ထိုအရပ်ဒေသတွေ မှာ မရှိတော့ဘူး။ ထိုင်းနိုင်ငံမှာ သာသနာရှိပါသေးရဲ့။

ထိုင်းနိုင်ငံကလဲပဲ သူတို့ရဲ့ အနောက်တောင်ဘက်က (နခွန်ပထုံ) ဆိုတဲ့ အရပ်သည် သထုံတဲ့။ အင်ဒိုနီးရှား ကျွန်းစုထဲကလဲ (စူးမတ်တြား) ကို သူတို့ကလဲ သထုံ တဲ့။ ဘုန်းကြီးတို့ မြန်မာပြည်ကလဲ ..... ဟုတ်လား သထုံနေပြည်တော်ဆိုတဲ့အရပ်ကို ဒါသုဝဏ္ဏဘုမ္မိ။

ထိုင်းနိုင်ငံက (နခွန်ပထုံ)သည် သုဝဏ္ဏဘုမ္မိ။
အင်ဒိုနီးရှားက (စူးမတ်တြား)သည် သုဝဏ္ဏဘုမ္မိ။
မြန်မာပြည်က သထုံသည် သုဝဏ္ဏဘုမ္မိ။

## သုဝဏ္ဏဘုမ္မိနယ်မြေကြီး

ကမ္ဘာ့မြေပုံချကြည့်၊ အဲဒီနယ် သုံးခုဟာ အနီး ကလေး ဖိုခံ့လောက်ဆိုင်ဖြစ်နေကြတယ်။ ဒီတော့ ဘာမှ ငြင်းမနေနဲ့ အကုန်လုံး စုပေါင်းပြီးတော့ အဲဒါ သုဝဏ္ဏဘုမ္မိ နယ်မြေကြီးတစ်ခုလုံးလို့ သတ်မှတ်လိုက် ရင် အငြင်းပွားစရာ မရှိတော့ဘူး။

ဤနယ်မြေကြီးတစ်ခုလုံး (စူးမတ်တြား) ရော၊ နခွန်ပထုံရော၊ မြန်မာပြည်က သထုံရော တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် အကုန်လုံး သုဝဏ္ဏဘုမ္မိလို့ ဆိုလိုက်ရင် ငြင်းစရာမလိုတော့ဘူး။ အဲဒီ ငြင်းစရာ

မလိုတော့တဲ့ နယ်မြေကြီးတစ်ခုလုံးလို့ဆိုတဲ့ သုဝဏ္ဏ ဘုမ္မိထဲမှာ သောဏ ဥတ္တရမထေရ်နှစ်ပါးက ဘယ်နေရာကို စတင်သာသနာပြုသလဲဆိုတော့မှ မြန်မာပြည်ထဲက သထုံလို့ ဒီလို ပြောရတာ။ ဒါကြောင့်

သုဝဏ္ဏဘုမ္မိံ ဂန္တွာန သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလမဒေသိသုံ။

မဟိဒ္ဓိကာ– ကြီးမားသော တန်ခိုးရှိတော်မူကြကုန်သော၊ သောဏုတ္တရာ– သောဏဥတ္တရမထေရ်နှစ်ပါးတို့သည်၊ သုဝဏ္ဏ (ဘုမ္မိံ) ဘူမိံ–သုဝဏ္ဏဘုမ်မြို့သထုံသို့၊ အာဂန္တွာန– ကြွလာတော် မူကြကုန်၍၊ ပိသာစေ– လူသားစားတဲ့ ဘီလူးတို့ကို၊ နိဒ္ဓမေတွာန– နှင်ထုတ်ကြကုန်၍၊ ဗြဟ္မဇာလံ– မိစ္ဆာဒိဋ္ဌိတရား (၆၂) ပါးကို ဖြေရှင်းပြတဲ့ ဗြဟ္မဇာလ သုတ္တန်ကြီးကို၊ အဒေသိသုံ– ကရုဏာရှေးရှုဟောကြားတော် မူကြလေကုန်သတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

သုဝဏ္ဏဘုမ် မြို့သထုံစတင်ရောက် လူသားစားတဲ့ ဘီလူးတွေကို နှင်ထုတ်၊ မိစ္ဆာဒိဋ္ဌိတရား (၆၂) ပါးကို ဖြေရှင်းတဲ့ ဗြဟ္မဇာလသုတ္တန်ကြီး ဟောတယ်လို့

ဘုန်းကြီးတို့ ဝိနည်းပါရာဇိက ကဏ္ဍ အဋ္ဌကထာမှာ လာတယ်။

အဲဒီမှာ ဘုန်းကြီးတို့ ဆရာကြီးနဲ့ ဆုံးဖြတ်ချက် ချလိုက်တာ၊ ဆရာတော် သာသနာနဲ့ ပတ်သက်လို့ အနောက်ဘက် ဆွဲဆွဲသွားတာမျိုးတော့ တပည့်တော် မကြိုက်ဘူးဘုရား၊ မြန်မာပြည်အပြင်ဘက် ထုတ်ထုတ် သွားတာလဲ မကြိုက်ဘူးဘုရားတဲ့။ သာသနာနဲ့ပတ်သက် တဲ့ မှတ်တမ်းတွေ မြန်မာပြည်ထဲ များများကြီး ရောက်ရင် အကောင်းဆုံးပဲလို့ ဆရာကြီးက ဒီလို ပြောတယ်။ ပြောသွားတာ၊ ဆရာကြီးရဲ့ အဆိုအမိန့် ဟာ အတော်ကိုကောင်းတယ်။

ဘုန်းကြီးတို့ မြန်မာပြည်က ရာဇဝင်၊ သာသနာဝင် ကျွမ်းကျင်တဲ့ အရှင်မြတ်များ ဆရာများရေးထားတဲ့ ကျမ်းများကျတော့ သုနာပရန္တတိုင်းသည် ဒီအရပ်ပဲ။ ဤအရပ် ဤဒေသနေပြီးတော့ သွားပါတယ်ဆိုတဲ့ အရှင်ပုဏ္ဏတဲ့။ ဒီလိုလာတယ်။

## သုနာပရန္တခေါ်တဲ့အရပ် သာသနာတော်ရောက်ရှိခဲ့ပုံ

ဤသုနာပရန္တတိုင်းကို တတိယသင်္ဂါယနာတင်

တဲ့အချိန် သာသနာသက္ကရာဇ် ၂၃၀ ပတ်ဝန်းကျင်ပေါ့။ အတိအကျပြောရရင် ၂၃၆ ခုနှစ် အသောကမင်းတရား သာသနာပြုလွှတ်တော့ ကိုးတိုင်းကိုးဌာန သာသနာပြု လွှတ်တဲ့အဖွဲ့မှာ ဤသုနာပရန္တတိုင်းဆိုတဲ့ အရပ်ကို မဟာဓမ္မရက္ခိတမထေရ် သာသနာပြု ကြွတော်မူတယ်။

ဒါကဗုဒ္ဓလွန်ပြီးလို့ နှစ် ၂၀၀ ကျော်မှာ သာသနာ ရောက်တဲ့အကြောင်းကို ပြောတာ။ ဗုဒ္ဓလက်ထက် ကတည်းက သာသနာရောက်တာ ပြောပါဆိုလို့ရှိရင် ရှင်ပုဏ္ဏမထေရ်သူမြတ်ရဲ့ ကျေးဇူးနဲ့ ဘုရားဝါတော် ၂၀ လောက်ကစလို့ သာသနာရောက်ပါတယ်။ ဒီလို ဆိုရပါတယ်။

အေး .. ဤသုနာပရန္တတိုင်းဆိုတဲ့အရပ်၊ ဝါဏိဇ ဂါမရွာကနေပြီးတော့ စူဠပုဏ္ဏ မဟာပုဏ္ဏခေါ်တဲ့ ညီနောင် နှစ်ယောက်တို့သည် ရွာနာမည်ကိုက ဝါဏိဇဂါမ။ ဘုန်းကြီးတို့ ပရိသတ် ဝါဏိဇဂါမ = ကုန်သည်ရွာ ဆိုတဲ့ အဓိပ္ပာယ်ရတယ်။

အေး ... သုနာပရန္တတိုင်း ဝါဏိဇဂါမ-ကုန်သည် ရွာဆိုတာဟာ ဘယ်ရွာလဲလို့ ဆိုလို့ရှိရင် ဘုန်းကြီးတို့ သမိုင်းကြောင်းတွေကို လေ့လာပြီးတော့ လျှောက်ပြီး

တော့ ဖတ်လိုက်တာ မှတ်စရာသားစရာတွေကလဲများ၊ ဤ အကြောင်းအရာများနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ ပရိသတ် လက်လှမ်းမီတဲ့ ကျမ်းတစ်ကျမ်းကဘော့ ဤ ယနေ့နော်– ဟောဒီ အရှင်ဓမ္မာစာရမထေရ် ရေးသား တဲ့ ကျောင်းတော်ရာသမိုင်းမှာ အပြည့်အစုံ ပါပါလိမ့် မယ်။

ဝါဏိဇဂါမရွာ၊ အေး .. ထိုဝါဏိဇဂါမလို့ခေါ် တဲ့ ကုန်သည်ရွာကနေပြီးတော့ သွားကြတဲ့ ကုန်သည် ညီနောင်တွေ၊ စူဠပုဏ္ဏရော မဟာပုဏ္ဏရော ဝါဏိဇဂါမ ရွာမှာ ဖွားကြတဲ့ ကုန်သည်တွေ။ အေး ... ကုန်ကူးသန်း ရောင်းဝယ်ရေး ကိစ္စနဲ့ သူတို့တတွေ လှည်းတပ်တွေ လှေတပ်တွေနဲ့ ညီတစ်လှည့် အစ်ကိုကတစ်လှည့်၊ အစ်ကိုကတစ်လှည့် ညီကတစ်လှည့် ဒီလိုထွက်ကြတာ။

အဲဒီ လှည်းတပ်ကြီးနဲ့ ညီတစ်လှည့် အစ်ကို တစ်လှည့် ထွက်လိုက်ကြတာ၊ ဘယ်ထွက်တုန်းဆိုတော့ အနောက်ဘက်ကို ထွက်ကြတယ်။ အနောက်ဘက်ကို ထွက် ရခိုင်ရိုးမတောင်တန်းကြီးကို ကျော်ဖြတ်၊ အဲဒီ ကနေပြီးတော့ တဖြည်းဖြည်းနဲ့ ဘုန်းကြီးတို့ပရိသတ် များ ဟိုဘက်အိန္ဒိယထဲကိုဝင်သွား၊ အိန္ဒိယထဲ ဝင်သွား

တော့ ဘယ်ရောက်တုန်းဆိုတော့ သာဝတ္ထိဆိုတဲ့ နယ်မြေကို ရောက်သွားတယ်။

## မဟာပုဏ္ဏတို့ စခန်းချ နားနေစဉ်

ဘုရားရှိတဲ့အရပ် သာဝတ္ထိဆိုက်ရောက်သွားတော့ ယခုကဲ့သို့ ဆိုက်ရောက်သွားတဲ့အချိန်မှာ ဘယ်သူ ထွက်သွားတဲ့ အလှည့်လဲ ဆိုလို့ရှိရင် ဘုန်းကြီးတို့ ပရိသတ်– အစ်ကိုကြီးမဟာပုဏ္ဏ ထွက်သွားတဲ့အလှည့်၊ ညီဖြစ်သူ စူဠပုဏ္ဏက အိမ်မှာကျန်ရစ်တဲ့အလှည့်။

အစ်ကိုကြီးမဟာပုဏ္ဏ ရထားတပ်ကြီးနဲ့၊ ရထား တပ်ဆိုတာ ရှေးအသုံး၊ ယနေ့ခေတ်တော့ လှည်းတပ် ကြီး၊ လှည်းတပ်ကြီးနဲ့ အိန္ဒိယပြည် သာဝတ္ထိမြို့ ဆိုက်ရောက်သွားတော့ သူတို့စခန်း ဘယ်မှာချသလဲ ဆိုလို့ရှိရင် သာဝတ္ထိမြို့နဲ့ ဇေတဝန်ကျောင်းရဲ့အကြား ဇေတဝန်ကျောင်းနဲ့ မနီးမဝေးမှာ သူတို့က လှည်းတပ် ကြီး စခန်းချပြီး နားနေကြတယ်။

သာဝတ္ထိမြို့ တောင်တံခါးကထွက်၊ အနောက်ဘက် နားချိုး၊ တရွေ့ရွေ့နဲ့ သွားလိုက်ရင် စနေထောင့်နား မှာ ဇေတဥယျာဉ်ကြီး ရှိပါတယ်။ အဲဒီ ဇေတဥယျာဉ်

နဲ့ သာဝတ္ထိမြို့ရဲ့အကြားမှာ သူတို့လှည်းတပ်ကြီးချပြီးတော့ စခန်းချနားနေတုန်း ...

သာဝတ္ထိမြို့သူမြို့သားတွေက မိုးလင်းတာနဲ့တစ်ပြိုင်နက်တည်း ပန်း ရေချမ်း ဆီမီး အဖျော်ယမကာကိုင်ပြီးတော့ စားဖွယ်ခဲဖွယ်တွေကိုကိုင်ပြီးတော့ ဆွမ်းဘောဇဉ်တွေကိုင်ပြီးတော့ ဇေတဝန်ကျောင်းကို သောသောသောသောနဲ့ လူတွေသွားလိုက်ကြတာ အဲဒီနား စခန်းချနေတဲ့ လှည်းတပ်ကပုဂ္ဂိုလ်တွေက ငေးကြည့်တယ်။

ဒီလူတွေ ဒီဥယျာဉ်ကြီးထဲ ဝင်သွားကြတယ်။ ဘာလုပ်သွားကြတာပါလိမ့်မလဲ၊ တော်တော်ကြာ ပြန်ပြီးတော့ ထွက်လာကြပြန်တယ်။ နေ့ခင်းပိုင်းကျပြီ ဆိုလို့ရှိရင် ဆွမ်းခဲဖွယ်ဘောဇဉ်တွေကိုင်ပြီးတော့ ကျောင်းတိုက်ကြီးထဲ တစ်ကြိမ် ဝင်သွားကြပြန်တယ်။ မွန်းလွဲပိုင်းကျတော့ အဖျော်ယမကာနဲ့ ပန်း ရေချမ်း ဆီမီးကိုင် တစ်ကြိမ်သွားကြပြန်တယ်။ တရားနာကြတယ်။ ညနေလေးစောင်းတော့ ပြန်ထွက်လာကြပြန်တယ်။

နေ့စဉ် နေ့စဉ် လူတွေ ဟောဒီဇေတဝန်ဥယျာဉ်ကြီးထဲကိုဝင်ချည်ထွက်ချည်နဲ့ လှုပ်ရှားသွားလာတာကြည့်ပြီး ဟောဒီလှည်းတပ်မှာ စခန်းချနေတဲ့ ကုန်သည်

တွေ စိတ်ဝင်စားပြီးတော့ ငေးမောကြည့်ကြတယ်။

## ပုက္ကုသာတိရှင်ဘုရင်ကြီး သတင်းကြားရသလို

တစ်နေ့သောအခါ ကုန်သည်မှူးဖြစ်တဲ့ မဟာပုဏ္ဏ လှည်းတပ်မှူးက နေပြီးတော့ အဲဒီဥယျာဉ်ထဲဝင်တဲ့ ပုဂ္ဂိုလ်တွေကို မေးကြည့်သတဲ့၊ "အချင်းတို့၊ ဤဥယျာဉ် ထဲ နေ့စဉ်နေ့စဉ် ဝင်ချည်ထွက်ချည်နဲ့ ဘာလုပ်ကြတာ တုန်း၊ ဥယျာဉ်ကြီးထဲ ဝင်ချည်ထွက်ချည်နဲ့ ဘာကိစ္စ သွားကြတာတုန်းဗျာ၊ လက်ချည်းသက်သက် သွားတာလဲ မတွေ့ဘူး"

ဒီလိုဆိုတော့ ဘုန်းကြီးတို့ ဤမဇ္ဈိမနိကာယ် ဥပရိ ပဏ္ဏာသပါဠိတော်မှာ ဓာတုဝိဘင်္ဂသုတ်တော်ကလာတဲ့ စကားမျိုးနဲ့ပြောရရင်–

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော ပုညက္ခေတ္တံ
အနုတ္တရံ။

ပုက္ကုသာတိရှင်ဘုရင်ကြီး ဘုရားရှင်ရဲ့ သတင်းကို ကြားတော့ ဒီအတိုင်းကြားတာ။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ– အရဟံတစ်ဆူ သယမ္ဘူဦးကိုင် တုနှိုင်းမမြင် ဂေါတမဘုရားရှင်သည်၊ သဗ္ဗပါဏိနံ– ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့၏၊ ဟိတာယ– လောကီလောကုတ္တရာ နှစ်ဖြာသော အစီးအပွား အလို့ငှာ၊ လောကေ– လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌၊ သမုပ္ပန္နော– ကောင်းစွာမသွေ ပွင့်ထွန်းပေါ်ပေါက်၍ နေခဲ့ပါပေ၏။

သာဝတ္ထိ ပြည်သူပြည်သားတွေ ပြန်ပြီးတော့ ပြောတယ်။

ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။

ဓမ္မော– မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဆိုတဲ့ ဆယ်ပါးသော တရားတော်မြတ်သည်၊ သဗ္ဗပါဏိနံ– ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့၏၊ သုခါယ– လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာအလို့ငှာ၊ လောကေ– လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌၊ သမုပ္ပန္နော– ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်နေခဲ့ပါပေ၏။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်လဲ ပွင့်နေတယ်။

ထိုဘုရားရှင် ကိုယ်တော်မြတ်က တရားတော်တွေလဲ ဟောကြားနေတယ်။

ဓမ္မော စ ဒေသိယတိ ဩပသမိတော ပရိနိဗ္ဗာ ယိတော၊ သမ္ဗောဓဂါမိ သုဂတပဝေဒိတော။

တေန တထာဂတေန- ထိုသို့ သုံးလောကထွဋ်တင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဓမ္မောစ- တရားတော်ကို လည်းပဲ၊ ဒေသိယတိ- ဟောတော်မူအပ်ပါပေ၏။

ဘယ်လိုတရားလဲ။

ဩပသမိကော- ကိလေသာအပူမီးတွေ ငြိမ်းရာ ငြိမ်းကြောင်းဖြစ်သော၊ ပရိနိဗ္ဗာယိတော- ကိလေသ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရပ်သိမ်းရန်ဖြစ်ပေထသော၊ သမ္ဗောဓဂါမိ- သစ္စာလေးပါးသိခြင်းကိုလည်း ရောက်စေ တတ်သော၊ သုဂတပဝေဒိတော- သစ္စာလေးရပ် တပ်အပ်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်တို့ ကောင်းစွာ ဟောကြားအပ်သော၊ ဓမ္မောစ- တရားတော်ကိုလည်းပဲ၊ ဒေသိယတိ- ဟောတော်မူအပ်ပါပေ၏။

## ရတနာသုံးပါး ရှိနေပါတယ်တဲ့

ဘုရားလည်း ပွင့်နေတယ်၊ တရားလဲ ဟောနေ

တယ်၊ သစ္စာလေးပါးသိတဲ့ တရားမျိုးတွေကို ဟောနေပါတယ်။

သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။

သံဃော- မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ရှိတဲ့ ရှစ်ယောက်သော အရိယာသံဃာတော်မြတ်သည်၊ သဗ္ဗပါဏိနံ- ခပ်သိမ်းများစွာ သတ္တဝါတို့၏၊ အနုတ္တရံ- အတုမရှိမြတ်လှစွာသော၊ ပုညက္ခေတ္တံ- ကောင်းမှုမျိုးစေ့အပေါင်း စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ်အလို့ငှာ၊ လောကေ-လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌၊ သမုပ္ပန္နော- ကောင်းစွာမသွေ ဖြစ်ထွန်း ပေါ်ပေါက်၍ နေခဲ့ပါပေ၏။ လောကေ- ဇေတဝန် ခေါ် ကျောင်းတိုက်တော်၌၊ သမုပ္ပန္နော- ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်၍ နေခဲ့ပါပေ၏။

သာဝတ္ထိပြည်သူပြည်သားတွေ ပြန်လည်ပြောကြားတဲ့သတင်းစကား- "လောက၃သုံးခွင် ဘုံသုံးပြင်မှာ ဘုရားလည်း ပွင့်နေတယ်။ တရားတွေလည်း ဟောနေတယ်။ ထိုတရားကျင့်တဲ့ သံဃာတော်တွေလဲ ပေါ်ပေါက်နေပါတယ်။ ဒီ ဘုရား တရား သံဃာဆိုတဲ့

ရတနာသုံးပါးဟာ ဤဓေတဝန်မှာ ရှိနေတယ်ဗျို့။

ဒါကြောင့် ကျုပ်တို့ဟာ ဘုရားဖူးခြင်း၊ တရားနာခြင်း၊ သံဃာတော်တို့ ပြုစုလုပ်ကျွေးခြင်းဆိုတဲ့ ကိစ္စနဲ့ ဤကျောင်းတိုက်ကို နေ့စဉ်နေ့စဉ် ဝင်ထွက်သွားလာနေကြတာပါဗျာ"လို့ သာဝတ္ထိပြည်သူပြည်သားများက ပြန်ပြီးတော့ ပြောတယ်။

သာဝတ္ထိပြည်သူပြည်သားများ ပြန်လည်ပြောတဲ့အထဲမှာ -

ဓမ္မော စ ဒေသိယတိ သြပသမိကော ပရိနိဗ္ဗာယိတော သမ္ဗောဓဂါမိ တဲ့။

ဓမ္မော စ ဒေသိယတိ– ဘုရားရှင်ကိုယ်တော်မြတ်က တရားတော်တွေကိုလည်း ဟောနေတယ်။

ဘယ်လိုတရားလဲ။

သြပသမိကော– ကိလေသာငြိမ်းကြောင်း တရားကောင်းတွေကို ဟောနေတယ်။

ပရိနိဗ္ဗာယိကော– ခန္ဓပရိနိဗ္ဗာန် ကိလေသပရိနိဗ္ဗာန် ဝဋ်စံချုပ်ငြိမ်း မီးပုံကြီးငြိမ်းသလိုငြိမ်းတဲ့ တရားတွေကို ဟောတယ်။

သမ္ဗောဓဂါမိ– သစ္စာလေးပါးကို သိစေတတ်တဲ့

တရားတွေကိုဟောတယ်တဲ့။

## မဟာပုဏ္ဏ ဘုရားဖူးပြီး တရားနာ

သတင်းစကားကြားရော သာဝတ္ထိပြည်သူ ပြည်သားတွေ တတွတ်တွတ်ပြောတဲ့ သတင်းစကားသည် မဟာပုဏ္ဏရဲ့ အရေပါး အရေထူတွေကို ထိုးဖောက်ပြီး ရိုးတွင်းခြင်ဆီထိအောင် တည်သွားတယ်။ လှည်းတပ်ကြီး ကုန်သည်အုပ်စုကြီးရဲ့ အကြီးအမှူးဖြစ်တဲ့ မဟာပုဏ္ဏ လို့ခေါ်တဲ့ပုဂ္ဂိုလ်က "ကိုင်း .. ဒီလိုဆိုရင် ဘုရားဖူးခြင်း တရားနာခြင်း သံဃာအားပြုစုလုပ်ကျွေးခြင်း အလို့ငှာ ကျွန်ုပ်တို့လဲ ခင်ဗျားတို့နဲ့ လိုက်စမ်းပါရစေ" လို့ဆိုပြီး တော့ မိမိပရိသတ်နှင့်တကွ ဇေတဝန်ကျောင်းတိုက်ထဲ လိုက်သွားရော။ လှည်းတပ်ကြီး ကုန်စည်ရိက္ခာ တွေစောင့်ရှောက်ဖို့ အနည်းအကျဉ်းတော့ ကျန်လိမ့်ဦး မယ်ပေါ့။

ဇေတဝန်ကျောင်းတိုက်ထဲ ရောက်တဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က ဗုဒ္ဓါသန မွေပလ္လင်ကနေပြီးတော့ တရားဟော၊ ပရိသတ် အစွန်နားက ထိုင်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ပင်လုံးကျွတ်ပွင့်နေတဲ့

ပန်းပင်ကြီးကဲ့သို့ ကျက်သရေရှိတဲ့ ရူပကာယတော်ကို ဖူးမြော်ရင်း-

ကရဝိက်ငှက်မင်း၊ ကြိုးကြာမင်းတို့ရဲ့ အသံနဲ့ တူစွာသော အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့အသံတော်ဖြင့် ထုတ်ဖော်ဟောအပ်တဲ့ တရားတော်ကို နာကြားရင်း-

လေငြိမ်ရာတိုက်ခန်းမှာ ထွန်းထားသောဆီမီးတိုင်ကဲ့သို့ ငြိမ်သက်စွာ လူနေ့နဲ့ထိုင်ပြီးတော့ တရားနာနေတဲ့ သံဃာတော်တွေကို ကြည်နူးရင်းဖြင့် မဟာပုဏ္ဏကုန်သည်မှူးသည် နောက်နားက သဒ္ဓါတရားတွေ ပီတိတွေတဖြန်းဖြန်းနဲ့ ဖြစ်ပြီးတော့ နာနေတယ်။

ဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်က-

(၁) ဒါနကထာ- ဒါနနဲ့ပတ်သက်သော တရားစကား၊

(၂) သီလကထာ- သီလနဲ့ပတ်သက်သော တရားစကား၊

(၃) သဂ္ဂကထာ- နတ်ရွာ သုဂတိ လားရာလားကြောင်း ဖော်ပြတဲ့တရားစကား၊

(၄) ကာမာနံအာဒီနဝကထာ- ကာမဂုဏ်တို့ရဲ့ အပြစ်ကို ဖော်ပြတဲ့ တရားစကား၊

(၅) နေက္ခမ္မေအာနိသံသ ကထာ- ကာမမှ ထွက်မြောက်ခြင်းရဲ့ အကျိုးကို ဖော်ပြတဲ့တရားစကား၊

(၆) စတုသစ္စကထာ- သစ္စာလေးပါးနဲ့ ပတ်သက်တဲ့ တရားစကား၊

ဒါနကထာရယ် သီလကထာရယ် သဂ္ဂကထာရယ် ကာမာနံအာဒီနဝကထာရယ် နေက္ခမ္မေအာနိသံသကထာရယ် စတုသစ္စကထာရယ်လို့ ဒေသနာအစဉ်ခြောက်ပါး ဘုရားရှင်ကိုယ်တော်မြတ် ဟောကြား၍နေခဲ့ပါတယ်။ ပရိသတ်ကို ပျမ်းမျှအားဖြင့်ဟောရင် ဒေသနာ အစီအစဉ်ဟာ ဒီခြောက်မျိုးပဲ။

## ဒေသနာစဉ်ခြောက်ပါး အစဉ်အတိုင်းဟောကြားခြင်းအကြောင်း

ဒါနကထာက စတင်ဟောတယ်၊ ဒါနကို ပရိသတ်ဟာ စိတ်ဝင်စားလာပြီဆိုတော့မှ သီလတစ်ဆင့်တက်ဟောတယ်။ ဒါနနဲ့သီလ စိတ်ထဲမှာကျေနပ်လို့ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းကြောင့် ဘာအကျိုးရသလဲဆိုတာကို မျှော်ကြပေလိမ့်ဦးမယ်။ ဒါကြောင့် ထို ဒါနကထာ

သီလကထာရဲ့နောက်မှာ သဂ္ဂကထာလို့ခေါ်ဆိုရတဲ့ လူ့ချမ်းသာ နတ်ချမ်းသာဆိုတဲ့ အကျိုးပြတရားကို တတိယနေရာကဟောတယ်။

ဒါနကောင်းမှုပြု လူချမ်းသာ နတ်ချမ်းသာတဲ့။ သီလဆောက်တည် လူနတ်ချမ်းသာဟဲ့ဆိုတော့ သတ္တဝါတွေ ဘယ်နှယ်ဖြစ်လာလဲ၊ ကာမတဏှာ မကင်းသူတို့ရဲ့ မွေ့တာလူ့စည်းစိမ် နတ်စည်းစိမ်ဆိုတဲ့ ဒီကာမဂုဏ်လိုချင်တဲ့တဏှာလောဘတွေ တက်လာပေလိမ့်ဦးမယ်။ အဲဒါကြောင့် နောက်နားကနေပြီးတော့ ကာမာနံ့အာဒီနဝကထာဆိုတာ စတုတ္ထနေရာက ဟောရ။

ကထာစဉ် လေးပါး ဒီမှာမှတ်ထား၊ ဒါန သီလ သဂ္ဂ ကာမာနံ့ အာဒီနဝ။ ဒါနကောင်းမှုလဲ ပြုချင်အောင် ဟောရတယ်။ သီလလဲ ဆောက်တည်ချင်အောင် ဟောရတယ်။ ဒါနလဲ ပြုပါပြီ။ သီလလဲ ဆောက်တည်ပါပါပြီ။ အကျိုးမရှိဘူး ဆိုလို့ရှိရင် ဘယ်သူမှ မလုပ်ချင်ဘူး။ အကျိုးရှိမှ လုပ်ချင်တာ။ ဒါန၊ သီလကြောင့် ဘာအကျိုးရသလဲဆိုတော့ လူ့စည်းစိမ် ဘယ်လိုဘယ်လိုရတယ်၊ နတ်စည်းစိမ် ဘယ့်နှယ်ဘယ့်နှယ် ရတယ်ဆိုတာ အကျယ်ဟောတယ်။ ဒါကို သဂ္ဂကထာ။

အဲဒီလို လူ့စည်းစိမ် နတ်စည်းစိမ်တွေ တသီကြီး လျှောက်ဟောလိုက်ပြန်တော့ ဘဏ္ဍာလောဘ မကင်းသူတွေက ဒီစည်းစိမ် တပ်မက်တဲ့ တဏှာတွေဟာ ကုသိုလ်ကောင်းမှုရဲ့ နောက်နားကကပ်ပြီးတော့ ပါလာလိမ့်ဦးမယ်။ အဲဒါကြောင့် ကာမဂုဏ်ရဲ့ အပြစ်ပြတဲ့ ကာမာနံအာဒီနဝကထာကို စတုတ္ထနေရာက ဟောတာ။

## ကာမစည်းစိမ်တွေဟာ ဘာနဲ့တူသလဲ

ကာမာ- ကာမစည်းစိမ်တို့သည်၊ ဗဟုဒုက္ခာ- ဆင်းရဲမှုတွေက များလှပေ၏။ ဗဟုပါယာသာ- ပင်ပန်းမှုတွေက များကြလေကုန်၏။ ဧတ္ထ- ဤကာမစည်းစိမ်တို့၌၊ အာဒီနဝေါ- အပြစ်တွေကသာလျှင်၊ ဘိယျော ဘိယျော- တိုး၍တိုး၍ များလှပေ၏။

ကာမာ- ကာမစည်းစိမ်တို့သည်၊ အဋ္ဌိကင်္ခလူပမာ- အသားမကပ်တဲ့ အရိုးခြောက်နဲ့ တူကြလေကုန်၏။

ကာမာ- ကာမစည်းစိမ်တို့သည်၊ မံသပေသူပမာ- သွေးသံရဲနေတဲ့ အသားတုံးနဲ့ တူကြပေကုန်၏။

ကာမာ- ကာမစည်းစိမ်တို့သည်၊ သုပိနကူပမာ- အိပ်မက်နဲ့လဲ တူကြလေကုန်၏။

ကာမာ- ကာမစည်းစိမ်တို့သည်၊ ရုက္ခဖလူပမာ- သစ်သီးနဲ့လဲ တူကြလေကုန်၏။

ကာမာ- ကာမစည်းစိမ်တို့သည်၊ အင်္ဂါရကာသူပမာ- ရဲရဲတောက်နေတဲ့ မီးကျီးတွင်းနဲ့လဲ တူကြလေကုန်၏။

ကာမာ- ကာမစည်းစိမ်တို့သည်၊ ယာစိတကူပမာ- ငှားရမ်းထားတဲ့ ပစ္စည်းနဲ့လဲ တူကြလေကုန်၏။

ဘုန်းကြီးတို့ ပရိသတ်များ ကာမဂုဏ် ဘာတွေနဲ့ တူတယ် တူတယ်လို့ ဘုန်းကြီးလျှောက်ပြောသွားလိုက်တာ ဘယ်နှစ်ချက် မှတ်မိလိုက်သလဲ၊ ဘယ်နှစ်ချက်တူတယ်လို့ ပြောလိုက်သလဲ။

(၁) ကာမာ-ကာမစည်းစိမ်တို့သည်၊ အဋ္ဌိကင်္ခလူပမာ- အသားမကပ်တဲ့ အရိုးခြောက်နဲ့တူပေကုန်၏။

(၂) ကာမာ- ကာမစည်းစိမ်တို့သည်၊ မံသပေသူပမာ- သွေးသံရဲရဲနေတဲ့ အသားတုံးနဲ့ တူကြပေကုန်၏။

(၃) ကာမာ- ကာမစည်းစိမ်တို့သည်၊ သုပိနကူပမာ- အိပ်မက်နဲ့လဲ တူကြပေကုန်၏။

(၄) ကာမာ- ကာမစည်းစိမ်တို့သည်၊ ရုက္ခဖ

လူပမာ– သစ်သီးနဲ့လဲ တူကြလေကုန်၏။

(၅) ကာမာ– ကာမစည်းစိမ်တို့သည်၊ အင်္ဂါရကာသူပမာ– ရဲရဲတောက်နေတဲ့ မီးကျီးတွင်းနဲ့လဲ တူကြလေကုန်၏။

(၆) ကာမာ– ကာမစည်းစိမ်တို့သည်၊ ယာစိတကူပမာ– ငှားရမ်းထားတဲ့ ပစ္စည်းနဲ့လဲ တူကြလေကုန်၏။

(၇) ကာမာ– ကာမစည်းစိမ်တို့သည်၊ တိဏုက္ကူပမာ– မြက်မီးရှူးနဲ့လဲ တူကြကုန်၏။

(၈) ကာမာ– ကာမစည်းစိမ်တို့သည်၊ အသိသူနူပမာ– စဉ်းတီတုံးနဲ့လဲ တူကြလေကုန်၏။

ဘယ်နှစ်ချက်ရလဲ–

ရှစ်ချက်၊ ဟုတ်လား။

## အမဲရိုးနဲ့ ခွေးတော်ပမာ

ပထမပြောလိုက်တာ ဘာတဲ့လဲ အရိုးခြောက်နဲ့တူတယ်။ ဘာတဲ့လဲဆိုတော့ အသားမကပ်တဲ့ အမဲရိုးခြောက်၊ ကိုယ်ရထားတဲ့ ကိုယ့်ကာမစည်းစိမ်ကို ပြန်ကြည့် အသားမကပ်တဲ့အမဲရိုးခြောက်နဲ့ ဘယ်လောက်

တူသလဲ။

သားသတ်ရုံထဲကနေ အမဲရိုးတွေ လွင့်လွင့်ပစ်တယ်။ အသားတစ်စက်ကမှ မရှိဘူးနော်။ အကုန်လုံးခြစ်ယူထားလိုက်တယ်။ အဲဒါ နေထဲပစ်ထား၊ ခြောက်သွေ့နေတဲ့ အမဲရိုး၊ ခွေးတစ်ကောင်က ချီလာ၊ ကောက်ရိုးပုံလေးထဲကျ ရေ့ကလက်ကလေးနှစ်ချောင်းနဲ့ဖိ၊ ရှူရှူပြီးတော့ ကိုက်လိုက်တာ ခြောက်နေတဲ့အမဲရိုး တဖြည်းဖြည်း ကိုက်ရင်းကိုက်ရင်း စိုလာတယ်။

အဲဒီအချိန်ကျတော့ လျှာလေးနဲ့ လျက်ကြည့်တော့ အရသာနည်းနည်းပေါ်လာ၊ သိပ်ကောင်းမယ့်အရသာ ရှိမယ်ထင်ပြီးတော့ တစ်နေကုန်ကိုက်လိုက်တာ ညနေလဲစောင်းရော အောက်သွားတွေ ကျိုးကုန် မရှိတော့ဘူး။ အဲဒါမောသွားတာနဲ့ ကောက်ရိုးပုံလေးထဲ ခွေပြီးတော့အိပ်။

မနက်ဖြန်ကာ မနက် မိုးလင်းတော့ သူ့အမဲရိုးသူပြန်ကြည့်လိုက်တယ်။ နှာခေါင်းလေးနဲ့ ရှူကြည့်တော့ ဟာ ... ကိုက်ဦးမယ်ဟဲ့ဆို ဆက်ကိုက်၊ ညနေစောင်းတော့ ကုန်ပြန်ပြီတဲ့၊ အထက်သွားတွေပါ မရှိတော့ဘူး။

အဲဒီလိုနဲ့ ကိုက်လိုက်ရတာ သွားငန်ရည်အရသာလေးကလွဲလို့ ခြောက်သွေ့နေတဲ့ အမဲရိုး ဘာအရသာမှ မထွက်ဘူးနော်။ သိပ်ကောင်းတဲ့ အရသာရှိတယ်လို့ ဒီခွေးထင်တုန်းပဲ မဟုတ်လား။ ထင်တုန်းပဲ။

ဒီကနေ့ ဘုန်းကြီးတို့ပရိသတ် ကိုယ်ရထားတဲ့ ကိုယ့်ကာမဂုဏ် ကိုယ့်ဟာကိုယ်ပြန်ကြည့်၊ အဲဒီ အမဲရိုးခြောက် ကိုက်ရတာလောက်တောင် မကောင်းဘူး။ ပြန်ကြည့်ပါ။ ကိုယ့်အိမ်ကိုဟုတ်လား၊ လှည်းတွေကြည့်၊ ကျွဲတွေကြည့်၊ နွားတွေကြည့်၊ ယာခင်းတွေကြည့်၊ စပါးခင်းတွေကြည့် အမဲရိုးခြောက်ကိုက်ရတာကမှ ကောက်ရိုးပုံလေးထဲ မှေးပြီးတော့ နေရတာဟုတ်သေး။

## ကာမဂုဏ်ကို ကာမတဏှာနဲ့ အာရုံမပြုရင်

ဘုန်းကြီးတို့ပရိသတ် နေပူလဲထွက်ဟဲ့၊ မိုးရွာလဲထွက်ဟဲ့၊ ထွက်လိုက်ရတာ ဘာမှအရသာမပေါ်ဘူး။ ဒါပေမယ့် ဘယ့်နှယ်တုန်း ကိုက်တာပဲ၊ ဘုန်းကြီးတို့ပရိသတ် အရသာမပေါ်လဲ ကိုက်တာပဲ။

ဟောဟို အမဲရိုးခြောက် ကိုက်နေတဲ့ ခွေးငမိုက်ကို ကြည့်လိုက်စမ်း၊ ခြောက်သွေ့နေတဲ့ အမဲရိုးသည်

ဒီကနေ့ လူတွေ နတ်တွေခံစားနေတဲ့ ကာမဂုဏ်နဲ့ တူပါသတဲ့။ အမဲရိုးခြောက်ကို ကိုက်ရင်းကိုက်ရင်းနဲ့ ခွေးကလေးရဲ့ ပါးစပ်က ယိုစီးကျလာတဲ့ တံတွေးတွေ ကတော့ ကာမဘုံသားတွေရဲ့ ကာမတဏှာလို့ ဆိုရမယ်။

ကာမဂုဏ် ကာမတဏှာနဲ့ လိမ်းကျံထားတဲ့ အတွက်ကြောင့် ကာမဿာဒ ဆိုတဲ့အရသာ ထွက် တာ၊ ဒီကာမဂုဏ်သည် ကာမတဏှာနဲ့ အာရုံမပြုရင် အရသာမရှိဘူး။ ခြောက်နေတဲ့ အမဲရိုး တံတွေးနဲ့လိမ်း မှ စိုစိုလေး ဖြစ်လာ၊ စိုတော့မှ အရသာထွက်တာ၊ ခြောက်ရင် ဘာအရသာမှ မရှိဘူး။ ဒီအတိုင်းပဲ ကာမ စည်းစိမ်ဟာ ကာမတဏှာနဲ့ မလိမ်းကျံရင် အရသာ မပေါ်ဘူး။ အရသာမပေါ်ရင် ဘယ်သူမှ မကိုက်ဘူးပေါ့။ ဒါကြောင့်–

အမဲရိုးခြောက်သည် ကာမစည်းစိမ်။

ခွေးပါးစပ်က ယိုစီးကျတဲ့ တံတွေးတွေနဲ့ သွားငန် ရေတွေ၊ လျှာရည် အာရည်တွေက ကာမတဏှာ။

အမဲရိုးခြောက်ကို ကိုက်နေတဲ့ ခွေးငတ်မိုက်က ကာမဘုံသားတွေလို့ နားလည်။

ဒီကနေ့ ကိုယ်ရနေတဲ့ ကာမစည်းစိမ်သည် အဲဒီ

အမဲရိုးခြောက်လိုပါပဲတဲ့။ ဟုတ်လား၊ တို့ဒကာကြီးတွေ ညနေမစောင်းသေးဘူးလား၊ ခွေးလေးတော့ ကိုက်ရင်း ကိုက်ရင်းနဲ့ ညနေစောင်းတော့ ဘာဖြစ်သွား၊ အောက်သွားတွေကုန်ပြီ မရှိတော့ဘူး၊ တို့ ပရိသတ်တော့ ဘယ်လိုတုန်း၊ ညနေမစောင်းသေးဘူး၊ သူတို့တော့ ဟုတ်လား။

## ကာမဂုဏ်စည်းစိမ်ဆိုတာ အသားတုံးပမာ

ကာမာ– ကာမစည်းစိမ်တို့သည်၊ မံသပေသူပမာ– သွေးသံရဲနေတဲ့ အသားတုံးနဲ့လဲ တူကြကုန်၏။

သွေးသံရဲနေကဲ့ အသားတုံးတစ်ခု၊ အမဲသား ဘာညာ အိမ်ရှေ့နေလှန်းထား၊ စွန်အုပ်ကြီးတစ်ခု ကောင်းကင်ကပျံ၊ အားကောင်းတဲ့ စွန်တစ်ကောင် ချီသွားလိမ့်မယ်။ အားကောင်းမောင်းသန် စွန်တစ်ကောင် ချီသွားတော့ အဲဒီစွန်ရဲ့နောက်ကို စွန်တွေတစ်အုပ်ကြီး ဝိုင်းလိုက်တယ်၊ ဘာပြုလို့လဲဆိုတော့ ဟိုအကောင် အသားတစ်ရသွားလို့၊ လိုက်ကြဟော့၊ ဝိုင်းလိုက်ကြတယ်။

**မီးလဲမီးရော နှုတ်သီးနဲ့ဆိတ်** အတောင်နဲ့ရိုက် ခြေသည်းနဲ့ကုတ် **နိပ်စက်လိုက်တာ** တဖြည်းဖြည်းနဲ့ **နှိပ်**

စက်ခံရပါများတော့ အသားတစ်ရထားတဲ့ စွန်ကြီးက စိတ်ပျက်လာတယ်။ ငါအသားတစ်ရထားလို့ နှိပ်စက်ခံရတာ စွန်ကြီးက သဘောကျတယ်တဲ့။ အသားတစ်ရထားတဲ့စွန်ကြီး ဘာဖြစ်လို့ အနှိပ်စက်ခံရသလဲဆိုရင် ရှင်းတယ်နော်။

သူ့ခြေထောက်ထဲမှာ အသားတုံးရှိတယ်။ နှိပ်စက်ခံရပါများတော့ ဤအသားတစ်ဟာ ငါ့ရဲ့ရန်သူပဲလို့ သဘောကျ၊ နောက်ဆုံး ခြေသည်းတွေကို တဖြည်းဖြည်းနဲ့ ဖြန့်ချလိုက်တာ အသားတစ်ကြီး လွတ်သွားတယ်။ ထိုအချိန် ထိုစွန်ကြီးကောင်းကင်ပျံသွား၊ သူ့နောက်က ဘယ်သူမှ မလိုက်တော့ဘူး။

နောက်က စွန်အုပ်ထဲက အားကောင်းမောင်းသန်စွန်တစ်ကောင်က အသားတစ် ငါရပြီဆိုပြီး ပြေးကုတ်ရင် ဒုတိယစွန် သေပေဦးမယ်။ ဒုတိယစွန်ကလွှတ်လိုက်မယ်၊ တတိယစွန်ကဖမ်းမယ်၊ တတိယစွန်သေပေတော့၊ တတိယစွန်ကလွှတ်လိုက်လို့ စတုတ္ထစွန်က ဖမ်းမယ်၊ စတုတ္ထစွန် နှိပ်စက်ခံရပြန်တယ်။

အသားတစ်ကို လွှတ်တိုင်းလွှတ်တိုင်းသော စွန်တွေ ချမ်းသာရာရပြီးတော့ အသားတစ်ကို ဖမ်းတိုင်း

ဖမ်းတိုင်းသောစွန်တွေ နှိပ်စက်ခံရတယ်။ ကာမစည်းစိမ် ဆိုတာ သွေးသံရဲနေတဲ့ အသားတုံးနဲ့တူတယ်။

ဘုန်းကြီးတို့ ပရိသတ်ရထားတဲ့ ကိုယ့်စည်းစိမ် ကိုယ်ပြန်ကြည့်၊ သွေးသံတရဲရဲ အသားတုံးကြီးနဲ့ သိပ်တူတာ၊ စွန်တွေ ဝိုင်းမနေဘူးလား၊ ဝိုင်းနေတယ်၊ သတိသာထား၊ အဲဒါ ထိုးလိမ့်မယ်၊ ဆိတ်လိမ့်မယ်၊ အသားတစ်ရထားတဲ့စွန် နှိပ်စက်ခံရသလို ကာမဂုဏ် မစွန့်နိုင်ရင် အနှိပ်စက်ခံရတယ်။

အသားတစ်ဆိုတာက ကာမဂုဏ်၊ အသားတစ်ကို ပေါက်ဝင်အောင် ကုတ်ထားတဲ့ ခြေသည်းတွေဆိုတာ က ကာမတဏှာ။

အဲဒီအသားတစ်ကို ယူသွားတဲ့ စွန်ကြီးဆိုတာက ကာမဘုံသားတွေတဲ့။

## ဝှားရမ်းထားတဲ့ပစ္စည်းနဲ့လဲ တူတယ်

နောက်တစ်ခါ–

ကာမာ– ကာမတို့သည်၊ ယာစိတကူပမာ– ငှားရမ်း ထားတဲ့ ပစ္စည်းနဲ့လဲ တူကြလေကုန်၏။

ငှားထားတဲ့ပစ္စည်းနဲ့တူတယ်၊ မင်္ဂလာဆောင်တဲ့ဗျို့–

ဆို ဖိတ်စာလေးရောက်လာ၊ သွားချင်လိုက်တာ၊ လူကုံထံ လူချမ်းသာတို့ရဲ့ မင်္ဂလာဆောင်၊ ငါ့ဖိတ်ထားတယ်၊ ငါလဲသွားချင်တယ်၊ ဒါပေမယ့် အဲဒီလူကုံထံတို့ရဲ့ မင်္ဂလာဆောင် တက်ရမှာက အကောင်းဆုံး အဝတ် အစားတွေနဲ့ စိန်တွေ ရွှေတွေ သီးနေအောင်ဆင်ပြီး တော့ တက်ရမယ်။

ရွှေခြေကျင်းကြီးလဲ ပါမှဖြစ်မယ်။ စိန်နားကပ် ကြီးလဲ ပါမှဖြစ်မယ်၊ ကိုယ့်လဲ ဘာမှမရှိဘူး၊ ပလတ် စတစ်အတုပဲ ရှိတယ်၊ ဟုတ်လား။ အဲဒါကြောင့် စိန် နားကပ်ကလေးပန်ပြီးတော့ တက်ချင်တယ်။ ရွှေခြေကျင်း ကြီးနဲ့ တက်ချင်တယ်၊ လိုက်ငှားရော၊ စိန်နားကပ် ပေးပါဦး၊ ရွှေခြေကျင်းပေးပါဦး ဘာညာ အကုန်ငှား ဌားပြီးတော့သွား၊ အဲဒီအခမ်းအနားကြီးတက်။

ကြော့ကြော့နဲ့ အခမ်းအနားမှာ တစ်ခါတည်း ရွှေတွေ စိန်တွေ တဝင်းဝင်းနဲ့ နေလိုက်တာ၊ အခမ်း အနားတက်လာသူ အပေါင်းတို့ကတော့ အဲဒီသူဆင်လာ တာတွေ သူ့ပစ္စည်းကြီးလို့ ထင်လိုက်တာ၊ အခမ်း အနားလေးလဲသိမ်းလို့ အိမ်ပြန်ရောက်ရော စိန်နားကပ် ပိုင်ရှင်က ပေး ငါ့စိန်နားကပ်ဆိုတော့ ပေးလိုက်ရ၊

ရွှေခြေကျင်းပိုင်ရှင်ကလဲ ပေးငါ့ရွှေခြေကျင်းဆိုတော့ ပြန်အပ်လိုက်ရရော၊ နားပေါက်ကြီးနဲ့ ခြေသလုံးမည်းကြီး ဤအတိုင်း ကျန်ရစ်တယ်၊ ဟုတ်လား။

ဘုန်းကြီးတို့ ပရိသတ်များ အခမ်းအနားကလေး ခဏတက်နေတာနော်၊ လူ့ဘဝ နှစ်ပေါင်း ၅၀၊ ၆၀ ဆိုတာ ခုနက မင်္ဂလာဆောင် အလှူ အစရှိတဲ့ အခမ်းအနားကလေးကို ခဏလာတက်တာနဲ့ တူတယ်။ အခမ်းအနား ရုပ်သိမ်းရင် အဲဒီပစ္စည်းတွေ ပိုင်ရှင်က ပြန်ယူသွားလိမ့်မယ်။

ဘုန်းကြီးတို့ပရိသတ် အခမ်းအနား မရုပ်သိမ်း သေးဘူးလား၊ နီးပါပြီ၊ အခမ်းအနားရုပ်သိမ်းဖို့၊ အခမ်း အနားသိမ်းရင် ပစ္စည်းတွေကို ပိုင်ရှင်ကယူသလို ဘဝ တစ်ခုဆုံးပြီဆိုရင် ပစ္စည်းတွေကို သေမင်းက ယူသွား လိမ့်မယ်။ ဘာရဦးမလဲ၊ ဘာမှမရဘူး၊ ဒါကြောင့်-

ယာစိတကူပမာ-ငှားရမ်းထားတဲ့ ပစ္စည်းနဲ့တူကြ တယ်။

ဒီပစ္စည်း ပိုင်တယ်လို့ မမှတ်နဲ့၊ သေမင်းနိုပ်စက် လျှင် အကုန်လုံးပြန်ပေးရမယ်နော်။

## အိပ်မက်နဲ့လဲ တူတယ်

နောက်တစ်ခါ–

ကာမာ–ကာမတို့သည်၊ သုပိနကူပမာ– အိပ်မက်နဲ့လဲ တူကြလေကုန်၏။

အိပ်မက်ထဲတစ်ခါတစ်ခါ ဒကာကြီးတွေ သိပ်ပြီး တော့ဟန်ကျ၊ ရန်ကုန်များ ရောက်လို့သွားတယ်။ လေယာဉ်ပျံကြီးစီးလို့ ဝီးခနဲ၊ မိမိအိတ်ထဲ ကြည့်တော့လည်း တစ်ခါတည်း ခေါင်းပေါင်းနဲ့ အရွက်ကြီးတွေ အထပ်လိုက် အထပ်လိုက်၊ ဟုတ်လား၊ ခေါင်းပေါင်းကြီးတွေ အထပ်လိုက် အထပ်လိုက်နဲ့ တစ်ခါတည်း ရန်ကုန်ကျ အင်းလျားလိပ်ရော ဘာရော ညာရော စိန်ဌ္ဍန်းဈေးကော အကုန်လုံးသွားတယ်၊ စားဟယ် သုံးဟယ်နဲ့ လုပ်နေလိုက်တာ။

ဘာလဲလို့ဆိုတော့ အကုန်လုံး အိပ်မက်ထဲမှာ ရုပ်ရှင်တွေလဲ အကုန်ကြည့်၊ အင်းလျားလိပ်တို့ စထရင်း ဟိုတယ်တို့ ကရဝိက်တို့ အကုန်ဝင်၊ စားစရာရှိသမျှ အကုန်စား၊ ဂီတရော ကမျိုးစုံရော တီးမျိုးစုံရော အကုန် ကြည့်ရှု၊ နားထောင် ပျော်ပျော်ပါးပါး နေလိုက်တာ၊ ဘာတွေလဲဆိုတော့ အိပ်မက်ထဲမှာ အကုန်လုံး

စည်းစိမ်ခံတာ။

ဖြုန်းခနဲဆို အိမ်ခေါင်မိုးပေါ်က တစ်ခုခုကျလို့ အိပ်ရာကလဲ လန့်လဲနိုးပါရော၊ အဲဒီ အိပ်မက်ထဲကဟာ တွေ တစ်ခုမှမဟုတ်ဘူး၊ နမြောစရာကောင်းလိုက်တဲ့ အိပ်မက်၊ ခေါင်းအုံးမှောက်ခုံမှောက်ပြီးတော့ နောက် တစ်ခါ ပြန်အိပ်တယ်၊ ဒီလိုအိပ်မက်မျိုး လာဦးမလားလို့ မလာဘူးနော်။

ထိထိုးထားတဲ့လူတွေ ပိုတောင်အိပ်မက်မက်သေး တယ် ဟုတ်လား။ ငွေလေး နှစ်ကျပ်တည်းရယ် အရင်းက၊ ရချင်တာက တစ်ခါတည်းသိန်းပေါင်းများစွာ ရချင် တယ်၊ အရင်းကနှစ်ကျပ်၊ ရချင်တာက သိန်းပေါင်း များစွာ မရသေးဘူး၊ နှစ်ကျပ်တန် စာရွက်ကလေး အိတ်ထဲထည့် စိတ်ကူးယဉ်ယဉ်နဲ့ အကုန်ကူးတာ။

သူကူးတာ မော်တော်ကားလဲ မျိုးစုံဝယ်ပစ်လိုက် တယ်။ စိန်နားကပ်ရော ဘာရော ညာရော အကုန် ဆင်ပြင်လိုက်တာ၊ အဲ .. တော်တော်လေးလဲကြာရော ဟိုကဂဏန်းတွေ ကြေငြာတော့ တစ်လုံးတိုက်၊ နှစ် လုံးတိုက် နောက်နားက အမြီးက အလုံးလေးလဲလွဲ သွားရော ကုန်ရော၊ အဲဒီအိပ်မက် ရေထဲပျော်ကျသွား

တယ်။

သုပိနကူပမာ- အိပ်မက်ထဲ ခံစားရတဲ့ စည်းစိမ် လိုပဲတဲ့၊ လူ့ဘဝရတဲ့ ဟောဒီ ကာမဂုဏ်ဟာ။ ဘုန်းကြီး တို့ပရိသတ် ဒီကနေ့ ဘယ်မှာအိပ်ပျော်နေသလဲဆိုရင် ကိလေသာ အမှောင်ကြီးထဲမှာ အိပ်ပျော်နေတာ၊ ဘယ် မှာအိပ်ပျော်တယ်၊ ကိလေသာ အမှောင်ထဲမှာ အိပ်ပျော် နေတဲ့ ပရိသတ် ကိလေသာတွေ ကုန်ခန်းလို့ ဝိဇ္ဇာဉာဏ် အလင်းရောက်လို့ ဟုတ်လား။ မိုးသောက်ထပြီဆိုတဲ့ အခါကျတော့မှ ခံစားလာခဲ့တဲ့ ကာမဂုဏ်တွေဟာ အိပ်မက်နဲ့ တယ်ပြီးတော့တူတယ်။ ဒီတော့မှသိ။

ကာမာ- ကာမစည်းစိမ်တို့သည်၊ သုပိနကူပမာ- အိပ်မက်နဲ့လဲ တူကြလေကုန်။

## သစ်သီးနဲ့လဲ တူတယ်

ကာမာ-တို့သည်၊ ရုက္ခဖလူပမာ- သစ်သီးနဲ့လဲ တူကြလေကုန်၏။

ကာမဂုဏ်သစ်သီးနဲ့တူတယ်၊ တကာကြီးတွေ အိမ်ရှေ့ သရက်ပင်ကြီးတစ်ပင် စိုက်ထား၊ အသီး တွေခဲနေအောင်သီး၊ အသီးတွေ ခဲနေအောင်သီးနေတဲ့

ထိုသရက်ပင်တော့ သေပေတော့၊ ကာလသားလေး တွေကလာ၊ တော်ကြာ တဖြိုးဖြိုးနဲ့ပစ်သွား၊ ကာလ သမီးတွေကလာ ဝါးလုံးကလေးတွေနဲ့ ရိုက်ချသွားတာ။

ဟိုလူလာလဲပစ်၊ ဒီလူလာလဲပစ်၊ တုတ်နဲ့ပစ်၊ ခဲနဲ့ပစ်၊ လေးနဲ့ပစ်၊ နောက်ဆုံး ဝါးလုံးတွေနဲ့ရိုက်ချ၊ ဘာပြောကောင်းမလဲ၊ သရက်သီးတွေလဲ ကုန်ရော သရက်ပင်ကြီး တစ်ပင်လုံး ကျိုးကျေလို့ ရစရာမရှိဘူး၊ ဘာဖြစ်လို့ ဒီသရက်ပင် နှိပ်စက်ခံရတာလဲ ? အသီး သီးမိလို့။

ဘုန်းကြီးတို့ပရိသတ် – သရက်ပင်ကြီး ဘာဖြူလို့ အနှိပ်စက်ခံရ၊ အသီးသီးမိလို့ နှိပ်စက်ခံရတယ်၊ ဟုတ်လား၊ ဘုန်းကြီးတို့ ပရိသတ် ကိုယ့်အိမ်ကိုပြန်ကြည့်၊ သရက်သီးတွေ ဘယ်လောက်များလဲ၊ များတယ်ဟုတ် လား၊ သတိထား အပစ်ခံရလိမ့်မယ်။

ကာမာ– တို့သည်၊ ရက္ခဖလူပမာ– သစ်သီးနဲ့လဲ တူကြလေကုန်၏ ။

သရက်သီးတစ်လုံးမှ မသီးတဲ့သစ်ပင်၊ ဘယ်သူက ခဲနဲ့ပစ်သေးလဲ ? မပစ်ဘူး၊ အသီးသီးရင် သတိထား၊ ဟိုကဒီက ပစ်တယ်နော်၊ တစ်လုံးမှမသီးတဲ့သရက်ပင်

ဘယ်သူမှ ခဲနဲ့မပစ်ဘူး၊ ဒါကြောင့် ဒီကနေ့ ချမ်းသာ ချင်ရင် အသီးမသီးတဲ့ သရက်ပင်လိုနေကြ၊ အသီး သီးတဲ့ သရက်ပင်လိုသာဆိုရင်တော့ သတိသာထား၊ တုတ်ရော၊ ခဲရော၊ လေးရော၊ ဝါးလုံးရော လာလိမ့်မယ်။ ဟုတ်လား၊ အေး _ ဒါကြောင့် ရုက္ခဖလူပမာ- သစ်သီး နဲ့လဲတယ်ပြီးတော့ တူကြတဲ့ ကာမဂုဏ်။

နောက်တစ်ခါ-

## မီးကျီးတွင်း မီးပုံကြီးနဲ့လဲတူတယ်

ကာမာ-တို့သည်၊ အင်္ဂါရကာသူပမာ- ရဲရဲတောက် နေတဲ့ မီးကျီးတွင်းနဲ့လဲ တူကြလေကုန်၏။

ရဲရဲတောက်နေတဲ့ မီးကျီးတွင်းကြီး၊ လူတစ် ယောက်က ဝဲနာတွေပေါက်နေတယ်၊ ဝဲစိုတွေ၊ ယား လိုက်တာ ဖြင်းဖြင်းနဲ့၊ ဝဲစိုတွေပေါက်လို့ကုပ်၊ ကုပ်လို့ အားမရတော့ တစ်ခါတည်း ဘယ့်နှယ်လုပ်မလဲ၊ အယား ပျောက်အောင်ဆိုပြီးတော့ ရဲရဲတောက်နေတဲ့ မီးပုံကြီး နားချဉ်းကပ်ပြီးတော့ ကင်ကြသတဲ့။

ဝဲနာတွေကို မီးအပူလေး တော်တော်ပေးလိုက်တော့ ဝဲနာတွေ အယားပျောက်လို့ သိပ်ကိုဟန်ကျ နော်၊ မီးနဲ့

ခွာလိုက်ရင် ဘယ့်နှယ်တုန်း၊ ပြန်ယားလာတယ်၊ မီးနဲ့ ကပ်လိုက်တော့ အယားပျောက်သွားတယ်၊ သိပ်ပြီးတော့ မီးနဲ့တို့လိုက်ပြန်ရင်ရော၊ အဲဒီကျတော့လဲ ပူလာလို့ မခံနိုင်ဘူး။

ကာမဂုဏ်စည်းစိမ်ဆိုတာ ဒီအတိုင်းပဲ၊ ဝဲခြောက် ပေါက်နေတဲ့လူ မီးကင်တာမျိုး၊ ဝဲခြောက်ပေါက်နေ တဲ့လူ ဝဲစိုပေါက်နေတဲ့လူ မီးနဲ့ကင်တုန်းလေး အယား ပျောက်တာ၊ မီးနဲ့ဝေးတဲ့အခါ ပြန်ယားတာပဲ မဟုတ် လား။ အေး ... နည်းလွဲနည်းမှားကို လိုက်ပြီးတော့ ဒီ ယားနာကို မီးကင်ပြီးတော့ ဇိမ်ခံနေတာ၊ မီးကင်လို့ ယားနာမပျောက်ဘူး၊ ဆေးတင်မှ ပျောက်တယ်။

ဟောဒီကာမရောဂါ ကိုယ်တွင်းနာကို ကာမဂုဏ် လို့ ခေါ်ဆိုရတဲ့ မီးပုံကြီးနဲ့ ကင်ကင်ပေးလို့ကတော့ ဘယ်တော့မှမပျောက်ဘူး၊ ပိုပြီးတော့ လောင်မယ်သာ မှတ်ထား၊ ဆေးတင်မှ ဟောဒီကာမရောဂါ ကိုယ်တွင်း နာပျောက်တယ်၊ ဟုတ်လား၊ ဒါကြောင့်မို့လို့-

ကာမာ- ကာမစည်းစိမ်တို့သည်၊ အင်္ဂါရကာ သူပမာ- ဝဲနာထလာတဲ့အခါမှာ အယားပျောက်ပေး တဲ့ မီးပုံကြီးနဲ့တူတယ်။

ကာမဂုဏ်ကို ဆင်ခြင်လိုက်။

## မြက်မီးရှူးနဲ့လဲ တူတယ်

ကာမာ- ကာမစည်းစိမ်တို့သည်၊ တိဏုက္ကူပမာ- မြက်မီးရှူးနဲ့လဲ တူကြလေကုန်၏။

မြက်မီးရှူး၊ မြက်ခြောက်ကြီးတွေ အလိပ်လိုက် အလိပ်လိုက်လိပ်၊ ကောက်ရိုးအလိပ်လိုက် အလိပ်လိုက် လိပ်ပြီးတော့ ရေနံတွေဘာတွေဆွတ်၊ အဖျားကနေ မီးတို့၊ အရင်းကကိုင်ပြီးတော့ လယ်တွင်းညအခါသွား၊ ချောင်းထဲမြောင်းထဲသွား၊ ယာခင်းထဲသွား၊ ဘာလုပ်တာ လဲဆို အလင်းရောင်လိုချင်လို့။

ကောက်ရိုးလိပ်ကြီး မြက်ခြောက်လိပ်ကြီးလိပ်ပြီး တော့ မီးရှို့သွားတာ၊ မီးတုတ်ကြီး တဖြည်းဖြည်းနဲ့ မီးကလောင်လောင်လာ၊ အဖျားကနေ အလယ်၊ အလယ် ကနေအရင်း၊ တော်တော်ကြာကျတော့ မီးတွေဟာ လက်နားကပ်နေပြီ။

လက်နားကပ်လာတော့ လက်ကလေးနောက်ရွှေ့ ရွှေ့သွား၊ ဟိုအဖျားကလေးကနေ ကိုင်ထားတယ်၊ လွှတ် မချဘူးနော်၊ ဆုပ်ထားတယ်၊ လွှတ်မချသမျှ အဲဒီ

ပုဂ္ဂိုလ်သတိသာထား၊ လက်ကို မီးလောင်မယ်မှတ်၊ မီးရှူးကို လွှတ်ချလိုက်မှ ဒီပုဂ္ဂိုလ်လက် မီးလောင်တဲ့ ဘေးမှ ကင်းဝေးလိမ့်မယ်။

ဘုန်းကြီးတို့ ပရိသတ်၊ ကာမစည်းစိမ်ဆိုတာ တဖြည်းဖြည်းနဲ့ နီးကပ်လာလေလေ နီးကပ်လာလေလေ လောင်လေလေပဲ၊ မီးရှူးအဖျားနေတုန်းက လက်ပူရဲ့လား၊ မပူဘူး၊ အလယ်ကောင်ရောက်လာတော့ နည်းနည်းပူပြီနော်၊ အရင်းနား လက်နားကပ်လာတော့ ပူပြီမဟုတ်လား၊ လွှတ်ရင်လွှတ် မလွှတ်ရင် အဲဒီလက်ကိုလောင်ပြီ။

ကာမဂုဏ်ဆိုတာ ဝေးရင်အလောင်သက်သာတယ်။ နီးလာရင် တော်တော်ပူလာတယ်။ ကပ်နေပြီဆိုရင် အဲဒါ အလောင်ခံရပြီတဲ့။ မြက်မီးရှူး မလွှတ်နိုင်တဲ့လူ လက်မီးလောင်သလိုပဲ ကာမမစွန့်လွှတ်နိုင်ရင် အလောင်ခံရမယ်တဲ့။ ဒါကြောင့်-

တိဏုက္ကူပမာ၊ ဒီကာမဂုဏ်မြက်မီးရှူးနဲ့လဲတူတယ်။

နောက်တစ်ခါ-

## စဉ်းတီတုံးနဲ့လဲတူတယ်

ကာမာ– ကာမစည်းစိမ်တို့သည်၊ အသိသူနူပမာ– စဉ်းတီတုံးနဲ့လဲ တူကြလေကုန်၏။

စဉ်းတီတုံးလို့လဲ ခေါ်သကိုး၊ စဉ်းတီတုံး လုပ်တဲ့ နေရာမှာတော့ မန်ကျည်းသား အကောင်းဆုံးပဲပြော တယ်။ ဟုတ်လား၊ မန်ကျည်းပင်ပိုင်း၊ ပိုင်းပြီးတော့ လက်နှစ်သစ် လက်သုံးသစ် တစ်ခါတည်း ဝိုင်းနေ အောင်ဖြတ်၊ အဲ ... အဲဒီဥစ္စာ ဘယ်သွားသလဲဆို တော့ ကြက်ရော ဝက်ရော ဘဲရော ဘာရော ညာရော ရှိသမျှသတ္တဝါ အဲဒီပေါ်တင်ပြီးတော့ ဓားနဲ့ချည်း အကုန် ပိုင်းတာပဲ။

စဉ်းတီတုံးပေါ်မှာ ကြက် ဝက် အစရှိတဲ့ သတ္တဝါ ပေါင်းစုံဟာ သွေးချောင်းစီးပြီးတော့ သေကြရသလိုပဲ ဤကာမတဏှာ ရှိသူတိုင်းမှာ ကာမဂုဏ်တွေကြောင့် ဘာဖြစ်တုန်း၊ တော်တော်ကြာ လည်ပင်းအဖြတ်ခံရတယ်၊ တော်တော်ကြာ လက်ဖြတ်ခံရတယ်၊ တော်တော်ကြာ ခြေဖြတ်ခံရတယ်၊ တော်တော်ကြာ ဓားနဲ့သေကြ၊ တော် တော်ကြာ သေနတ်နဲ့သေကြ၊ ဘယ်ပေါ်မှာ သေကြ သလဲဆိုလို့ရှိရင် ကာမဂုဏ်ဆိုတဲ့ စဉ်းတီတုံးပေါ်မှာ

သေကြတာဟုတ်လား။

ကာမဂုဏ်ဆိုတဲ့ စဉ်းတီတုံးပေါ်မှာ ကာမတဏှာဆိုတဲ့ဓားနဲ့ သွေးချင်းချင်းနီပြီးတော့ သေကြတဲ့ သတ္တဝါတွေဟာ မရေနိုင်အောင်ရှိတယ်။ စဉ်းတီတုံးနဲ့တူသတဲ့။ ဒါကြောင့်–

ကာမာ– ကာမစည်းစိမ်တို့သည်၊ အသိသူနူပမာ– စဉ်းတီတုံးနဲ့လဲ ပမာတူကြလေကုန်၏။ ဗဟုဒုက္ခာ– ဆင်းရဲဒုက္ခတွေက များကြလေကုန်၏။ ဗဟုပါယာသာ– ပင်ပန်းမှုတွေက များကြလေကုန်၏။ ဧတ္ထ– ဤကာမစည်းစိမ်တို့၌၊ အာဒီနဝေါ– အပြစ်တွေကသာလျှင်၊ ဘိယျော ဘိယျော– တိုး၍ တိုး၍ များလှပေ၏။

အဲဒါဟာ ကာမာနံအာဒီနဝကထာ၊ ခုနက ကထာစဉ် (၆) ပါးမှာ နံပါတ်စဉ် ဘယ်လောက်က ဟောတာလဲ၊ နံပါတ်စဉ် (၄)က ထားပြီးဟောတယ်။

## မြက်ခင်းစိမ်း မြင်လိုက်ရတဲ့ နွားပျင်းကြီးပမာ

၁။ ဒါန၊

၂။ သီလ၊

၃။ သဂ္ဂ၊

၄။ ကာမာနံအာဒီနဝ၊

၅။ ဒါနကောင်းမှု ပြုရလိမ့်မယ်။ လူ့ချမ်းသာ နတ်ချမ်းသာ ကာမဂုဏ်ပဲ မဟုတ်လား။ သီလဆောက်တည်ရလိမ့်မယ်။ လူ့ချမ်းသာ နတ်ချမ်းသာ၊ ဒါ ကာမဂုဏ်ပဲ မဟုတ်လား။

အဲဒီ ကာမဂုဏ်တွေကို ရလာရင် ဒီအပြစ်တွေ သင့်တတ်တယ်လို့ ဟောတာဟာ ကာမာနံအာဒီနဝ ကထာ။

ဘာနဲ့တူတုန်းဆိုတော့ နွားကြီးတစ်ကောင်၊ မရန်းချင် ရန်းချင်ခြံထဲမှာခွေပြီး အိပ်နေတဲ့နွားကြီး၊ အပျင်းကြီး၊ ရောဂါမိနေတဲ့နွားပျင်းကြီးကို နွားကျောင်းသားက ဘယ့်နှယ်လုပ်တုန်းဆိုတော့ လည်ပင်းကြိုးချည်ပြီးတော့ လယ်ထဲဆွဲခေါ်သွား၊ ဒီနွားကြီး ရုန်းလဲမရုန်းချင်ဘူး၊ ကျန်းမာရေးကလဲ မကောင်းဘူး၊ ပျင်းလဲပျင်း၊ ကျန်းမာရေးကနှိပ်စက်၊ ရောဂါနှိပ်စက်လို့ ကျန်းမာရေးပျက်နေတဲ့ ထိုနွားကြီး လယ်တောထဲဆွဲခေါ်သွား။

အေး ... စိမ်းစိုနေတဲ့ စပါးခင်း ကလေးကို ပြလိုက်တယ်။ စိမ်းစိုနေတဲ့ စပါးခင်းကလေး စိုက်ပြီးစ

ပြလိုက်တော့ ကွင်းပြင်ကြီးကလဲ ကျယ်၊ လေကလေး ကလဲ ဖြူးဖြူး ဖြူးဖြူးနဲ့၊ ထိုနွားပျင်းကြီး ကြည့်ရတော့ စိတ်ထဲ သူတော်တော် ချမ်းသာသွားပုံရတယ်။

စိမ်းနေတဲ့ စပါးခင်းကြီး ကြည့်လဲကြည့်လိုက်ရ ရော စားချင်စိတ်ပေါက်လို့ သွားရည်တမြားမြားဖြစ်ပြီး တော့ လျှာလေးဘာလေးနဲ့ နှုတ်ခမ်းလိမ်းပြီးတော့ စပါးခင်းစားမယ်ဆို ဟန်လဲပြင်လိုက်ရော နွားကျောင်း သားလုပ်တဲ့သူက နှာခေါင်းကြိုး တင်းအောင်ဆွဲပြီးတော့ ကြိမ်လုံးနဲ့ နှာရောင်ကို ခေါက်လိုက်တာ ဒေါင်ခနဲ ဆိုတော့ ဒီနွားကြီး စားရသေးလား၊ မစားရဘူး ဟုတ်လား။

စားရလေမလား အောက်မေ့လို့ စပါးခင်းစိမ်းစိမ်း လေး ရှုကြည့်လိုက်ပါတယ်၊ နမ်းကြည့်လိုက်ပါတယ်၊ နှာခေါင်းကြိုး တင်းအောင်ဆွဲ နှာရောင်ကို ခေါက်ခနဲ ခေါက်လိုက်တော့ ဒီနွားကြီး မစားရတော့ဘူးနော်။

## ကာမာနံ့အာဒီနဝကထာ ကြိမ်လုံးနဲ့ရိုက်

အေး ... ဒါနကထာ သီလကထာ သဂ္ဂကထာ ဆိုတဲ့ စိမ်းစိုညိုနေတဲ့ ဟောဒီမြက်ခင်း စပါးခင်းကြီးကို

ပြလိုက်ပြီးတဲ့အခါ စိမ်းစိုညိုနေတဲ့ ကာမဂုဏ်စည်းစိမ် ဆိုတဲ့ မြက်ခင်း စပါးခင်းကို ပြပြီးတဲ့အခါ ကာမဘုံသား တွေလို့ ခေါ်ဆိုရတဲ့ ယခုနက နွားကြီးနဲ့တူတဲ့ သတ္တဝါ တွေကို နွားကျောင်းသားနဲ့တူတဲ့ ဘုရားရှင်ကိုယ်တော် မြတ်က ဟောဒါ စားစရာသိပ်ကောင်းတယ်ဟော့။

စိမ်းစိုနေတဲ့ မြက်ခင်းကြီး နွားကြီးပြသလို လူ့ စည်းစိမ် နတ်စည်းစိမ်ဆိုတဲ့ မြက်ခင်း စပါးခင်း လဲပြပြီးရော အေး .. မင်းတို့စားမယ် မကြံကြနဲ့ကွဲ့၊ စားရင် ဒီအပြစ် ဒီအပြစ်တွေ ရောက်လိမ့်မယ်ဆိုပြီး တော့ ဒေါင်ခနဲ အဲဒါ နှာရောင်ခေါက်လိုက်တာ၊ ဟုတ်လား။

ကျွမ်းကျင်သော နွားကျောင်းသားနဲ့ တူသော ဘုရားရှင်၊ ကာမဘုံသားတွေဆိုတာက နွားတွေလိုပဲ၊ ကာမဂုဏ်စည်းစိမ်တွေဆိုတာက စိမ်းစိုနေတဲ့ မြက်ခင်း ကြီးနဲ့တူတယ်။ စပါးခင်းကြီးနဲ့တူတယ်၊ ကျွေးတော့ မလိုလိုနဲ့ မကျွေးဘူး၊ စားမလို့လဲလုပ်ရော နှာရောင် ပိတ်ခေါက်လိုက်တော့ နွားကြီး မစားရတော့ဘူး။

ဒီအတိုင်းပဲ၊ ဒါန သီလတွေ ဆောက်တည်ပြုစု ပြီးတော့ ဒါလောက်စိမ်းလန်းစိုပြည်တဲ့ ကာမစည်းစိမ်

တွေ့ရမှာပေါ့လို့ ပြောလဲပြီးရော ဟာ .. အဲဒါတွေ လိုချင်တယ် လိုချင်တယ် ဆိုတဲ့စိတ်တွေ ဖြစ်လာတဲ့ အချိန်မှာ ကာမာနံအာဒီနဝကထာဆိုတဲ့ ကြိမ်လုံးနဲ့ ပိတ်ခေါက်လိုက်တဲ့အခါကျတော့ စိတ်ပျက်စရာကြီးပဲလို့ သံဝေဂတွေ ဖြစ်သွားတယ်။ အဲဒီမှာ အာဒီနဝါနုပဿနာဉာဏ် ဝင်စားတယ်လို့ ဆိုလိုပါတယ်။

**ကာမာနံအာဒီနဝကထာကို စိတ်ဝင်စား**

ကထာက (၄) ပါးနော်။

(၁) ဒါနကထာ၊

(၂) သီလကထာ၊

(၃) သဂ္ဂကထာ၊

(၄) ကာမာနံအာဒီနဝကထာ၊

ဟိုဘက်က–

(၅) နေက္ခမ္မေအာနိသံသကထာ။

ဤမျှ အပြစ်တွေများတဲ့ ကာမဂုဏ်တွေကို စွန့်နိုင်ရင် ဘယ်နည်းဘယ်ပုံ ချမ်းသာတယ်ဆိုတဲ့ အပါယ်လေးပါးမှ လွတ်ကြောင်း ဇာတိ ဇရာ ဗျာဓိ မရဏ မှလွတ်ကြောင်းလို့ခေါ်တဲ့ နေက္ခမ္မေအာနိသံသ

ကို ဘုရားရှင်ကိုယ်တော်မြတ် ဆက်လက်မိန့်ကြားလိုက်တဲ့အခါ စတုသစ္စကထာ မရောက်သေးဘူး။

ကာမမှ လွတ်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ကာမကို စွန့်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာရာချမ်းသာကြောင်း ကောင်းမြတ်တဲ့ကထာလို့ ခေါ်ဆိုကြတဲ့ နေက္ခမ္မေ အာနိသံသ ကထာကို ဆက်လက်၍ ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားလိုက်တဲ့အခါကျတော့ ...

ယခုနက ပရိသတ် အစွန်နားကထိုင်ပြီးတော့ မဟာပုဏ္ဏ ကုန်သည်သည် ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ကထာတွေထဲက ကာမာနံအာဒီနဝကထာ စိတ်ဝင်စားပြီးတော့ ငါသည် ဒီကနေ့ စုဆောင်းထားတဲ့ ကုန်တွေနဲ့တကွ စုဆောင်းရှာဖွေနေတဲ့ ကာမစည်းစိမ်တွေဟာ ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားတော်မူသလို-

(၁) အမဲရိုးခြောက်နဲ့တူတဲ့ စည်းစိမ်တွေ၊

(၂) သွေးသံရဲနေတဲ့ အသားတစ်နဲ့တူတဲ့စည်းစိမ်တွေ၊

(၃) ငှားထားတဲ့ပစ္စည်းနဲ့တူတဲ့ စည်းစိမ်တွေ၊

(၄) အိမ်မက်နဲ့တူတဲ့ စည်းစိမ်တွေ၊

(၅) မြက်မီးရှူးနဲ့တူတဲ့ စည်းစိမ်တွေ၊
(၆) မီးကျီးတွင်းနဲ့တူတဲ့ စည်းစိမ်တွေ၊
(၇) သစ်သီးနဲ့တူတဲ့ စည်းစိမ်တွေ၊
(၈) စဉ်းတီတုံးနဲ့တူတဲ့ စည်းစိမ်တွေ၊
တစ်ခါတည်း သဘောကျပြီးတော့ ...။

## မဟာပုဏ္ဏ လျှောက်ထားပြီ

အထ ခေါ မဟာပုဏ္ဏော ယေန ဘဂဝါ တေနုပသင်္ကမိ၊
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊
ဧကမန္တံ နိသိန္နော ခေါ မဟာပုဏ္ဏော ဘဂဝန္တံ ဧတဒဝေါစ။

အထခေါ–ထိုကဲ့သို့ ကာမာန်အာဒီနဝကထာတရားစကားနာကြားရတဲ့အခါမှာ မဟာပုဏ္ဏော–မဟာပုဏ္ဏခေါ်တဲ့ ကုန်သည်မှူးသည်၊ ယေန– အကြင်အရပ်၌၊ ဘဂဝါ– ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အတ္ထိ– ရှိ၏။ တေန– ထို ဘုရားရှိရာသို့၊ ဥပသင်္ကမိ– ချဉ်းကပ်၏။

ဥပသင်္ကမိတွာ– ချဉ်းကပ်ပြီး၍၊ ဘဂဝန္တံ – ဘုရား

ရှင်ကို၊ အဘိဝါဒေတွာ- ပဉ္စပတိဋ္ဌိတနည်းဖြင့် ကျကျ နန ရှိခိုး၍၊ ဧကမန္တံ - သင့်တော်သောနေရာ၌၊ နိသီဒိ- ထိုင်ပြီ။

ဧကမန္တံ - သင့်တော်သော နေရာမှာ၊ နိသိန္နော ခေါ - ထိုင်ပြီးသော်၊ မဟာပုဏ္ဏော- မဟာပုဏ္ဏ ကုန်သည်မှူးသည်၊ ဘဂဝန္တံ - ဘုရားရှင်ကို၊ ဧတံ၀စနံ- ဤစကားကို၊ အဝေါစ- လျှောက်ထားရာခဲ့လေ၏။

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား။

ဘဂဝါ- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဘိက္ခုသံဃေန- ရဟန်းတော် အပေါင်းနှင့်၊ သဒ္ဓိံ- အတူတကွ၊ သွ္ဝာတနာယ သွေအတနာယ- နက်ဖြန်ဘုဉ်းပေးဖို့ရန်အလို့ငှာ၊ မေ- တပည့်တော်ရဲ့၊ ဘတ္တံ- ဆွမ်းကို၊ ပဋိဂ္ဂဏှာတု- လက်ခံ တော်မူစေချင်ပါသည်ဘုရား။

မနက်ဖြန်နံနက် အရဏ်တက် သံဃာတော် ၅၀၀ နှင့်တကွ တပည့်တော်ရဲ့ဆွမ်းကို လက်ခံတော်မူပါလို့။

မဟာပုဏ္ဏော- မဟာပုဏ္ဏလို့ခေါ်တဲ့ ကုန်သည် မှူးသည်၊ ဘဂဝန္တံ - ဘုန်းတော်ခြောက်ပါးသခင် ဘုရား

ရှင်ကို၊ တော်ဝစန်- ဤဆိုခဲ့တဲ့ စကားကို၊အဝေါစ- ရွှေနှုတ်တော်ကြားအောင် လျှောက်ထားရာလေတော့ သတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## မဟာပုဏ္ဏ ဗုဒ္ဓကို ဆွမ်းသောဇ်ဖြင့် လှူဒါန်းဆက်ကပ်

ကာမာနံအာဒီနဝကထာမှာ စိတ်ဝင်စားသွားတဲ့ မဟာပုဏ္ဏက မနက်ဖြန်နံနက် အရုဏ်တက် ဘုရားနဲ့ သံဃာ ၅၀၀ တပည့်တော်များရဲ့ဆွမ်း လက်ခံပါဘုရား၊ ဝင်ပြီးတော့ လျှောက်တယ်။ လျှောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က-

အဓိဝါသေတိ ဘဂဝါ တုဏှီဘာဝေန။

ဆိတ်ဆိတ်နေ၍ လက်ခံတော်မူခဲ့တယ်။

လက်ခံမှန်းသိတော့ မိမိရဲ့ လှည်းတပ်ကိုပြန်၊ ဇေတဝန်ကျောင်းနဲ့ သာဝတ္ထိအကြား စခန်းချထားတဲ့ လှည်းတပ်ကြီးပြန်ရောက်တော့ မိမိရဲ့ကုန်သည်တွေကို ပြောတယ်-

"ငါ ဘုရားနဲ့သံဃာကို ဆွမ်းဘုဉ်းပေး ပင့်ခဲ့ပြီကွယ်၊ မနက်ဖြန်ခါန်နက် အရုဏ်တက် ဘုရားနဲ့သံဃာ ၅၂၀၀ ဆွမ်းကပ်ရအောင် ပြင်ဆင်ကြပါဟေ့"

လှည်းတပ်ကြီးဝိုင်းပြီးတော့ အလယ်ကောင် မဏ္ဍပ်ကြီးထိုး၊ တစ်ညဥ့်လုံးလုံး လူပေါင်း ၅၀၀ ချက်ကြပြုတ်ကြ လုပ်ကြ ကိုင်ကြနဲ့ အိပ်လို့မပျော်ကြဘူး၊ ဘုရားနဲ့သံဃာ ဆွမ်းကပ်ဖို့ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာဆွမ်းကပ်ဖို့ လှည်းတပ်ကြီးဝိုင်း၊ အလယ်ခေါင် မဏ္ဍပ်ကြီးထိုး၊ နေရာခင်း၊ ချက်ပြုတ်လုပ်ကိုင်ကြတယ်။

အရုဏ်ကျင်း အလင်းကျတော့ ဘုရားနဲ့သံဃာတော်တွေ ကြွလာကြတယ်။ ကြွရောက်တော် မူလာတဲ့ ဘုရားနဲ့သံဃာတော်များကို လှည်းတပ်ကြီးဝိုင်းထားတဲ့ အလယ် ထိုးထားတဲ့မဏ္ဍပ်ရဲ့အောက်မှာ မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ကိုယ်တိုင်ဆက်ကပ်ပါတယ်။ ဒါကြောင့်–

မဟာပုဏ္ဏော– မဟာပုဏ္ဏသည်၊ ဘိက္ခုသံဃေန– ရဟန်းသံဃာတော် အပေါင်းနှင့်၊ သဒ္ဓိံ– အတူတူ၊ ဘဂဝန္တံ– ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ပဏီတေန– မွန်မြတ်စွာသော၊ ပိဏ္ဍ

ပါတေန– ဆွမ်းဖြင့်၊ ခါဒနီယေန– ခဲဖွယ်ဖြင့်၊ ဘောဇနီယေန– ဘောဇဉ်ဖြင့်၊ သဟတ္ထာ– ကိုယ်တိုင်ကိုယ့်လက်ဖြင့်၊ သန္တပေသိ– ရောင့်ရဲစေပြီ၊ သမ္ပဝါရေသိ–.တန်ပြီတန်ပြီလို့ တားရလောက်အောင် လုပ်ကျွေးလေပြီ။

ဘုရားနှင့်သံဃာတော်မြတ်တို့ကို မွန်မြတ်တဲ့ ဆွမ်း ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ့်လက်နဲ့ ကိုယ်ထိလက်ရောက် ဆက်ကပ်ပါသတဲ့။ သံဃာတော်မြတ်တွေက တန်ပြီ တန်ပြီ၊ တော်ပြီတော်ပြီလို့ တားရလောက်အောင် လုပ်ကျွေးပါတယ်။ အားရပါးရ သံဃာတော်အရှင်မြတ်များက တော်ပြီလို့ တားယူရတဲ့အထိကို ကပ်ကြတာ။

## မဟာပုဏ္ဏ ရဟန်းဝတ်ခွင့်တောင်း

အဲဒီလို ဆွမ်းကပ်ပြီးတော့ ဘုရားနဲ့သံဃာ၊ ဘုရားရှင်ကိုယ်တော်မြတ်က လက်တော်ဆေး၊ သပိတ်တော်ဆေးပြီးတော့ ငြိမ်သက်စွာထိုင်နေတာကိုသိတော့–

ဘဂဝန္တံ – ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဩနီတပတ္တပါဏိံ – သပိတ်တော်မှ

ဆေးကြောပြီး သပိတ်တော်မှ ပယ်နုတ်ပြီးတဲ့ လက်တော်ရှိသည်ကို (ဝါ) သပိတ်နဲ့ လက်ဆေးကြောပြီးသည်ကို၊ သံလ္လေခေတွာ- ကောင်းစွာမှတ်သား၍၊ အညတရံ နီစံအာသနံဂဟေတွာ- နိမ့်တဲ့နေရာတစ်ခုကိုယူပြီး၍၊ ဧကမန္တံ- သင့်တော်သောနေရာမှာ၊ နိသီဒိ- ထိုင်၏။

ဧကမန္တံ- သင့်တော်သောနေရာမှာ၊ နိသိန္နံ- ထိုင်၍ နေသော၊ မဟာပုဏ္ဏံ- မဟာပုဏ္ဏကုန်သည်ကို၊ ဘဂဝါ- ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အနုပုဗ္ဗိကထံ- ခုနက ပြောပြထားတဲ့ အနုပုဗ္ဗိကထာ ဒေသနာစဉ် (၆) ပါးကို၊ ကထေသိ- ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေတော့၏။

ဒေသနာဝသာနေ- ထိုအနုပုဗ္ဗိကထာ ဒေသနာနိဂုံးရဲ့အဆုံးမှာ၊ မဟာပုဏ္ဏော- မဟာပုဏ္ဏခေါ်တဲ့ ကုန်သည်မှူးသည်၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ဧတံ ဝစနံ- ဤဆိုခဲ့တဲ့စကား၊ ဆိုလတ္တံ့စကားကို၊ အဝေါစ- လျှောက်ထားရှာလေတော့၏။

ဘန္တေ- ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။

အဟံ- တပည့်တော်သည်၊ ဘဂဝတော- ဘုရား

ရှင်ရဲ့၊ သန္တိကေ– အထံ၌၊ ပဗ္ဗဇ္ဇံ– ရှင်သာမဏေအဖြစ်ကို၊ ဥပသမ္ပဒံ– ရဟန်းရဲ့ဘဝကို၊ လဘေယျံ– ရချင်ပါတော့သည်ဘုရား။

လှည်းကုန်သည်မျိုး မဟာပုဏ္ဏ ဆွမ်းကပ်ပြီးသောအခါမှာ နာကြားရတဲ့ အနုပုဗ္ဗိကထာ ဒေသနာစဉ် (၆) ပါးရဲ့အဆုံး တပည့်တော်သည် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာမှာ ရှင်သာမဏေ ဝတ်ပါရစေတော့၊ ရဟန်းခံပါရစေတော့လို့–

ဘဂဝန္တံ– ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို၊ ဧတဒဝေါစ– ဤဆိုခဲ့တဲ့စကားကို (ဝါ) ရှင်ရဟန်းဘဝ ခွင့်တောင်းတဲ့စကားကို၊ အဝေါစ– ရွှေနှုတ်တော်ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

“သာဓု ... သာဓု ... သာဓုပါဘုရား”

## အာဒီနဝမြင်လို့ အသာဒစင်တယ်

အနုပုဗ္ဗိကထာ ဒေသနာစကားကို နှစ်ကြိမ်နာကြားရတယ်။ ပထမအကြိမ် သံဝေဂဖြစ် သဒ္ဓါတရားဖြစ်လို့ ဘုရားနဲ့သံဃာ လှည်းတပ်ပင့်ပြီးတော့ ဆွမ်းကပ်၊ ဒုတိယအကြိမ် တရားနာပြီးသောအခါမှာ–

အေး .. ကိုယ့်စည်းစိမ်တွေကိုပြန်ကြည့်၊ ယခုနက ပြောခဲ့တဲ့ အပြစ်တွေကိုရှုပြီးတော့ အာဒီနဝကိုမြင်မှ အဿာဒစင်တယ်ဆိုတာ မှတ်ထား။ အာဒီနဝမြင်ရင် ဘာစင်တယ်၊ အဿာဒစင်တယ်၊ အာဒီနဝဆိုတာက အပြစ်၊ အဿဒဆိုတာက သာယာတာ၊ အဿာဒတွေ သိပ်လွှမ်းမိုးနေတယ်၊ သာယာမှုတွေ သိပ်လွှမ်းမိုး နေတဲ့အချိန်လဲပဲ အပြစ်မမြင်ဘူး၊ အပြစ်မြင်ပြီဆိုရင်လဲ ပဲ သာယာမှုဟာ ကုန်တာပဲ။

ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်တို့ဟာ ကိုယ့်စီးပွား ဥစ္စာကို ဘုန်းကြီးတို့ စာထဲကပြောတဲ့အတိုင်း အမဲရိုး ခြောက်လို သွေးသံရဲနေတဲ့ အသားတစ်လို ဘယ်လိုပဲ ပြောပြော အဿဒ ကလေး ရှိနေသမျှတော့ အာဒီနဝက မမြင်သေးဘူး။ အာဒီနဝမမြင်ရင် နိဿရဏ မဖြစ်ဘူး။

အဿာဒ၊

အာဒီနဝ၊

နိဿရဏ၊

ဘယ်နှစ်ချက်လဲ၊ အဿာဒ အာဒီနဝ နိဿရဏ၊ သုံးချက်နော်၊

အဿာဒဆိုတာက အမဲရိုးခြောက်လောက် အရသာ

ရှိရှိ မရှိရှိသိပ်ပြီးတော့ သာယာနေကြတာ၊ အဿာဒ ခေါ်ပါတယ်။ သာယာကြည်နူးနေကြသမျှ ကာလပတ်လုံး အာဒီနဝ-အပြစ်တွေကို မမြင်နိုင်ကြဘူး။ အပြစ်မမြင်တဲ့ပုဂ္ဂိုလ်သည်၊ နိဿရဏ- ထွက်လမ်းမတွေ့ဘူး။

ဘုန်းကြီးပြောတာ ဘယ်နှစ်ချက်လဲ-

(၁) သာယာနေတဲ့ ပုဂ္ဂိုလ်တွေ ဘာမမြင်သလဲ၊ အပြစ်မမြင်ဘူး။

(၂) အပြစ်မရှုနိုင်တဲ့ပုဂ္ဂိုလ်တွေ ဘာတဲ့တုန်း၊ ထွက်လမ်းမရနိုင်ဘူး၊ နိဿရဏ မဖြစ်နိုင်ဘူး။

နိဿရဏလို့ခေါ်တဲ့ ထွက်လမ်းရှာချင်ရင် အပြစ်ရှုပြီးတော့ ရှာရတယ်။ ထွက်လမ်းရှာချင်ရင် ဘာရှုရ၊ အပြစ်ရှုရမယ်။ အပြစ်ကိုရှုတော့ အဿာဒ ကွာသွားတယ်။ အပြစ်ရှုရင် သာယာမှုတွေကုန်ရော ဟုတ်လား။ သာယာနေတယ်ဆိုတာ တရားကိုယ် ကောက်တော့ တဏှာလောဘ၊ အဲဒီသာယာတဲ့ တဏှာလောဘ ကုန်ပြီဆိုရင်တော့ နိဿရဏ၊ အဲဒီအချိန် လွတ်လမ်းရတော့တာပဲတဲ့။

ယခု ကုန်သည်မှူးဖြစ်တဲ့ မဟာပုဏ္ဏ ဘုရားထံရောက်၊ ရဟန်းခံဖို့ ခွင့်တောင်းပြီလား၊ တောင်းပြီတဲ့၊

တောင်းရောပေါ့၊ သူ့လှည်းတပ်မှာရှိနေတဲ့ ပစ္စည်းတွေ၊ ပဟာဒီ ဝါဏိဇရွာမှာ ကျန်နေတဲ့ပစ္စည်းတွေ အကုန်လုံး ကြည့်ပြီးတော့ သူ့စိတ်ထဲ အမဲရိုးခြောက်လိုလဲ သဘော ကျသွားတယ်၊ အသားတစ်လိုလဲ သဘောကျသွားတယ်။

ငှားထားတဲ့ပစ္စည်းလို အိပ်မက်ထဲက ပစ္စည်းလို စဉ်းတီတုံးလို သစ်သီးလို မီးကျီးတွင်းလို မြက်မီးရှူး လို သဘောကျပြီးတော့ ဒါတွေငါစွန့်ရင်စွန့်၊ မစွန့်ရင် ဒုက္ခများမှာ၊ အဿာဒတွေ ကုန်ခန်းပြီ၊ ဘာကြောင့် လဲ အာဒီနဝ ရှုနိုင်လို့ အဿာဒကုန်လာတဲ့ မဟာပုဏ္ဏ သည် ဘုရားထံမှာ ရဟန်းခံသွားလေပြီ။ ဒါကြောင့်–

အလဒ္ဓါခေါ ပုဏ္ဏော ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ အလဒ္ဓါ ဥပသမ္ပဒံ။

မဟာပုဏ္ဏော– မဟာပုဏ္ဏခေါ်တဲ့ ကုန်သည်မှူး သည်၊ ဘဂဝတော– ဘုရားရှင်ရဲ့၊ သန္တိကေ– အထံ၌၊ ပဗ္ဗဇ္ဇံ– ရှင်သာမဏေအဖြစ်ကို၊ ဥပသမ္ပဒံ– ရဟန်းအဖြစ် ကို၊ အလဒ္ဓါခေါ အလဒ္ဓါဝေ– ကောင်းစွာမသွေ ရတော်မူခဲ့ပါပေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## ဝါဏီဓဂါမရှာသည် ဒီကနေ့ ဘာရှာပါလဲ

ရဟန်းဖြစ်သွားပြီဆိုတော့ ဘုန်းကြီးတို့ပရိသတ်များ နေက္ခမ္မလမ်းကြောင်းထဲ ရောက်သွားတာ မဟုတ်လား၊ ခုနက ကထာစဉ် (၆) ပါးမှာ ဒါန သီလ သဂ္ဂကာမာနံ့ အာဒီနဝ ပြီးတော့ နေက္ခမ္မေအာနိသံသ။

ကာမမှ လွတ်မြောက် အကျိုးတရားကို ကောင်းစွာ သဘောကျတော့ ကိုင်း ... စွန့်မဟော့ဆိုပြီးတော့ ရှင်ပုဏ္ဏမထေရ်ဘဝ ပြောင်းသွားတယ်။

ဘဝပြောင်း ရဟန်းဖြစ်ပြီးပြီလဲဆိုရော အဲဒီလှည်းကုန်သည်တွေကို မှာလိုက်သတဲ့။ ဟေ့ ... ဟောဒီလှည်းပေါ်မှာ ပါလာတဲ့ပစ္စည်းတွေကို တချို့လဲမဲ မင်းတို့သုံးကွ၊ တချို့လဲအိမ်ပြန်သွားပြီးတော့ ငါ့ညီဖြစ်တဲ့ စူဠပုဏ္ဏကိုပေးလိုက်ပါကွာ၊ တချို့တဝက်လဲ မင်းတို့သုံး၊ တချို့တဝက်လဲ ငါ့ညီစူဠပုဏ္ဏကို ပေးလိုက်ဆိုပြီးတော့ လှည်းတပ်ကြီးစွန့်ပြီးတော့ သာသနာတော်ထမ်း ရဟန်းဘဝသို့ ပြောင်းသွားတယ်။

ဟောဟို လှည်းတပ်ကတော့ မဟာပုဏ္ဏကိုယ်တော်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်း ထားပစ်ခဲ့ပြီးတော့ တရွေ့ရွေ့နဲ့ လှည်းတွေမောင်းပြီး ပြန်လာ

လိုက်တာ ဟောဒီ ဘုန်းကြီးတို့ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအနီးက ဝါဏိဇရွာကို ပြန်ရောက်လာ တယ်နော်။

"ဝါဏိဇဂါမက ဒီကနေ့ ဘယ်ရွာလဲဗျာ".

"သစ်တော်ရွာပါ ဘုရား"

သစ်တော်ရွာတဲ့ ဟုတ်လား၊ ရှေးတုန်းက ဝါဏိဇ ဂါမသည် ယခုအခါ သစ်တော်ရွာဆိုပြီးတော့ အမည် ပြောင်းသွားပြီ၊ နောက် ခေတ်နှောင်းရင် ဘာရွာဖြစ်ဦး မယ်မသိဘူး၊ နာမည်ဟာ ဒီလိုပဲ ပြောင်းပြောင်း - ပြောင်းပြောင်း၊ တစ်ခေတ်နှောင်း တစ်ခါပြောင်းကိုဗျ။

အဲဒါကြောင့် သစ်တော်ရွာဆိုတဲ့ ဝါဏိဇဂါမ ရွာကို ပြန်လည်ဆိုက်ရောက်လာခဲ့တဲ့အခါ ညီဖြစ်သူက ဟောဒီ ကာမဂုဏ်တွေနဲ့ ထွေးလုံးရစ်ပတ်နေတဲ့အချိန် အစ်ကိုကြီးက ကာမတွေကိုစွန့်လို့ နိဿရဏလမ်း နေက္ခမလမ်းကို ဝင်မြန်းသွားပြီ။

ဒါကြောင့် အစ်ကိုကြီး မဟာပုဏ္ဏ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းမှာပင် ဘုရားရှင်ကိုယ်တော်မြတ်ထံ မှာ ချဉ်းကပ်၊ ကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ်ပြီးတော့ နေခဲ့ပါပြီ။ မဟာပုဏ္ဏမထေရ်

ဘုရားရှင်ကိုယ်တော်မြတ်ထံက ကမ္မဋ္ဌာန်းနည်းခံပြီး တော့ ...

## သပ္ပါယလေးပါးမျှတရင်
## ပရိယတ်ပဋိပတ်ခရီးပေါက်နိုင်

ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ
ပဟိတတ္တော ဝိဟရတိ။

ဧကော- တစ်ယောက်တည်းရယ်၊ ဝူပကဋ္ဌော- ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်လျက်၊ အပ္ပမတ္တော- မမေ့မလျော့၊ အာတာပီ- ကိလေသာမှန် သူပုန်ရန်တွေကို ပူပန်စေတတ် ခန်းခြောက်စေတတ်တဲ့ လုံ့လဝီရိယရှိသည်ဖြစ်၍၊ သတိမာ- သတိတရား လက်ကိုင်ထားလျက်၊ သမ္ပဇာနော- ပညာတရား လက်ကိုင်ထားလျက်၊ ပဟိတတ္တော- နိဗ္ဗာန်ကို စေလွှတ်တဲ့စိတ်ထားရှိသည်ဖြစ်၍၊ ဝိဟရတိ- ပွားများကြိုးကုတ် ကမ္မဋ္ဌာန်းတရား အားထုတ်၍ နေခဲ့ပါပြီ။

အရှင်ပုဏ္ဏမထေရ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းမှာ ကမ္မဋ္ဌာန်းတရား အားထုတ်ပြီးတော့ နေခဲ့တဲ့အချိန် တော်တော်လေးကြာလာတယ်။ ရဟန်း

တရား ရသလားလို့ဆိုတော့ သူ့အတွက် ရဟန်းတရား မရဘူး။

ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်များ သပ္ပါယ (၄) ပါးရှိတယ်။

(၁) ဥတု သပ္ပါယ၊

(၂) အာဝါသ သပ္ပါယ၊

(၃) ပုဂ္ဂလ သပ္ပါယ၊

(၄) ဘောဇန သပ္ပါယ၊

ဥတုသပ္ပါယ - ရာသီဥတု မျှတရမယ်။

ဘယ်လိုမျှတရမလဲဆိုတော့ မိမိရဲ့ခန္ဓာကိုယ်က ခံနိုင်တဲ့ အနေအထားနဲ့ မိမိရောက်ရှိနေတဲ့အရပ်က ရာသီဥတုနဲ့ သင့်တော်ရမယ်။ ခန္ဓာကိုယ် အနေအထား က အပူနဲ့မှ တော်တယ်ဆိုတဲ့လူ အေးတဲ့အရပ် သွားနေ တော့ ဥတုသပ္ပါယ မဖြစ်ဘူး။ ဒီတော့ အလွန်အေးတဲ့ အရပ်မှာ နေနေကျပုဂ္ဂိုလ်သည် ပူတဲ့အရပ်မှာ လာတရား အားထုတ် ချွေးတလုံးလုံးနဲ့ ကြာကြာမထိုင်နိုင်ဘူး။ သမာဓိပျက်တယ်။

ပူပြင်းတဲ့အရပ်မှာ နေနေကျပုဂ္ဂိုလ်က ရေခဲတဲ့ အရပ်မှာ သွားထရားအားထုတ်တော့လဲ အညောင်းမိပြီး

တော့ သေသွားလိမ့်မယ်။ အဲဒါတရားမရနိုင်ဘူး။ သမာဓိ မဖြစ်နိုင်ဘူး။ ဥတုသပ္ပါယဆိုတာ ခန္ဓာကိုယ်က ရာသီဥတုဆောက်တည်ပုံနဲ့ အပြင်အပ ဗဟိဒ္ဓ ဩကာသလောက က ရာသီဥတုတွေဟာ သမနေရမယ်။ မျှနေရမယ်။

ပုဂ္ဂလသပ္ပါယ– အရပ်တစ်ခု ရောက်သွားတဲ့အခါ ပုဂ္ဂိုလ်ရေးရာ ညီညွတ်ပြီးတော့ ပျော်ပျော်ပါးပါး ဖက်လဲတကင်းရှိမှ စိတ်ကြည်လို့ တရားအားထုတ်ဖြစ်တယ်။ ပုဂ္ဂိုလ်ရေးရာလဲ ညီညွတ်မှ ပုဂ္ဂလသပ္ပါယ။

အာဝါသ သပ္ပါယ– နေရာထိုင်ခင်းကလဲ အအေးဒဏ်ကာကွယ်ဖို့ အပူဒဏ်ကာကွယ်ဖို့ လုံလုံခြုံခြုံ ကြည်ကြည်နူးနူး ရှင်ရှင်မြူးမြူးဖြစ်တဲ့ နေရာကလေးမျိုး ရထားမှ အာဝါသ သပ္ပါယ၊ ကျောင်းလေးကလဲပဲ သပ်သပ်ရပ်ရပ် လုံလုံခြုံခြုံရှိမှ ကောင်းတာ၊ မကောင်းတာ မဆိုလိုဘူးနော်၊ သပ်ရပ်တာနဲ့ အသုံးတည့်တဲ့ ကျောင်းလေးဖြစ်ရမယ်။

အေး .. ပြီးတော့ဘာတဲ့လဲ၊ ဘောဇနသပ္ပါယ– ဘောဇဉ်ကလဲ မျှရမယ်။ အအေးလိုရင်အအေး၊ အပူလိုရင် အပူ၊ အငန်လိုရင် အငန်၊ အစပ်လိုရင် အစပ်၊

တော်ရာတော်ရာလေးတွေကို အချိန်မရွေး ရနိုင်တဲ့ နေရာဒေသမျိုး ဖြစ်ရမယ်။

အဲဒီလို သပ္ပါယလေးပါး ညီညွတ်မှ ပရိယတ် လုပ်ငန်း ပဋိပတ်လုပ်ငန်း ခရီးပေါက်ပါတယ်။ သပ္ပါယ လေးပါး မမျှတရင် ပရိယတ် ပဋိပတ် ဘာမှခရီးမတွင် ဖြစ်တတ်တယ်။

## သာဝတ္ထိမှာ သပ္ပါယမဖြစ်တဲ့ ရှင်ပုဏ္ဏ

ယခုအရှင်ပုဏ္ဏမထေရ် သာဝတ္ထိပြည် တစ်ပတ် လည်လှည့်ပြီး အားထုတ်တယ်၊ သူဘယ့်နယ်ဖြစ်သလဲ လို့ဆိုတော့-

အယံ ဇနပဒေါ မယှံ့ အသပ္ပါယော။

သူတွေးတာ။

အယံ ဇနပဒေါ- ဤအရပ်ဒေသသည်၊ မယှံ- ငါ့အတွက်၊ အသပ္ပါယော- မလျောက်ပတ်ပါ။

ဤအရပ်ဒေသဟာ ငါ့ရဲ့ခန္ဓာကိုယ်နဲ့ မလျောက် ပတ်ဘဲရှိတယ်။

အရပ်ဒေသကို သူနဲ့သပ္ပါယမဖြစ်ဘူးလို့ဆိုတယ်။ ဒီအရပ်ဒေသ သပ္ပါယ မဖြစ်ဘူးဆိုတာဘာကြောင့်၊

စဉ်းစားကြည့်ရအောင်။

ဘာကြောင့် သပ္ပါယ မဖြစ်သလဲလို့ဆိုတော့ ပူပြင်းတဲ့အရပ် ဖြစ်ကောင်းဖြစ်မယ်။ အေးလွန်းတဲ့အရပ် ဖြစ်ကောင်းဖြစ်မယ်။ လိုချင်တဲ့ ဆွမ်း ခဲဖွယ်ဘောဇဉ် သူစားချင်တဲ့ ဆွမ်း ခဲဖွယ်ဘောဇဉ် သူ့အတွက်လိုတဲ့ အချိန်မှာ လိုတာရချင်မှရမယ်။ တစ်ခုခုတော့ သူ့အတွက် ချို့ယွင်းနေပြီ။

အယံ ပဒေသော မယှံ အသပ္ပါယော။

အယံပဒေသော- ဤအရပ်ဒေသသည်၊ မယှံ- ငါ့အတွက်၊ အသပ္ပါယော- ဆွမ်းကပဲ မမျှတလေရော့သလား၊ အသပ္ပါယော- ဥတုကပဲ မမျှတလေရော့သလား၊ အသပ္ပါယော- နေရာထိုင်ခင်းတွေကပဲ မမျှတလေရော့သလား။

ဇေတဝန်ကျောင်း နေရာထိုင်ခင်း မမျှတတာတော့ မဖြစ်နိုင်ဘူး။ ဇေတဝန်မှာ မနေလို့ အခြားတောကျောင်း တစ်ခုခုမှာ နေရင်သာပဲ။ နေရာသပ္ပါယ မဖြစ်တာ၊ ဥတုသပ္ပါယ မဖြစ်တာ ဖြစ်ကောင်းဖြစ်မယ်။ သူ့စိတ်ထဲ ကြံစည်တာကတော့ ဒီအရပ် ငါနဲ့မတော်ဘူးလို့ ဒီ အကြံတော့ ပေါ်တယ်။

ပုဂ္ဂလသပ္ပါယတော့ ပျက်စီးနေတာတော့ မဟုတ်ရပါဘူး။ ဥတုရယ် အာဝါသရယ် ဘောဇနရယ် ဒီသုံးခု တစ်ခုခု မဆီလျော်တာကို "အယံပဒေသော မယုံ အသပ္ပါယော" လို့ သူပြောတာ။

ဒီအရပ် ငါနဲ့မတော်ဘူး ငါ့အရပ်ငါပြန်မယ်၊ ငါ့အရပ်က ဘယ်လဲ၊ သစ်တော်ရွာကို ပြန်မလို့၊ ဟုတ်လား၊ သူဘယ်ရွာက သွားတာလဲ၊ သစ်တော်ရွာက သွားတာ၊ ဝါဏိဇဂါမရွာဆိုတာ အဲဒီရွာကို ပြောတာ မဟုတ်လား။

ဒါကြောင့်မို့လို ငါ့အရပ်ငါပြန်မယ်၊ မိမိအရပ်ကို မိမိပြန်မယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကို နှုတ်ဆက်ကန်တော့မယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ထံမှာ ကမ္မဋ္ဌာန်းတောင်းမယ်၊ သာဝတ္ထိကနေ ပြန်တော့မလို့တဲ့။ ဒါကြောင့်-

**ဘုရားရှင်ကို ကန်တော့နှုတ်ဆက်ပြီး တရားတောင်း**

အထခေါ- ထိုအရပ်၌၊ အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏမထေရ်သည်၊ ယေန- အကြင်အရပ်၌၊ ဘဂဝါ- ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အတ္ထိ- ရှိ၏။ တေန-

ထိုဘုရားရှိရာအရပ်သို့၊ ဥပသင်္ကမိ- ချဉ်းကပ်၍ သွားခဲ့လေပြီ။

ဥပသင်္ကမိတွာ- ဘုရားရှင်ကိုယ်တော်မြတ်ရှိရာ အနီးအစပ် ချဉ်းကပ်ပြီး၍၊ ဘဂဝန္တံ- ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကို၊ အဘိဝါဒေတွာ- အလွန် ရိုသေစွာရှိခိုး၍၊ ဧကမန္တံ- သင့်တော်သောနေရာမှာ၊ နိသီဒိ- ထိုင်ခဲ့လေပြီ။

ဧကမန္တံ- သင့်တော်သောနေရာ၌၊ နိသိန္နော- ထိုင်ပြီးသော၊ အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏမထေရ် သည်၊ ဘဂဝန္တံ- ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်ကို၊ ဧတံဝစနံ- ဤစကားကို၊ အဝေါစ- လျှောက်ထား ရှာခဲ့လေပြီ။

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား။ `

အဟံ- တပည့်တော် မဟာပုဏ္ဏမထေရ်သည်၊ ဘဂဝန္တံ- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို၊ သာဓုအာယာစာမိ- ရိုသေစွာ တောင်းပန်လိုက်ရပါတော့ သည်ဘုရား။

ဘန္တေ- အရှင်ဘုရား၊

ဘဂဝါ - ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ မံ- တပည့်တော်ပုဏ္ဏမထေရ်ကို၊ သံခိတ္တေန- အကျဉ်းချုပ်အားဖြင့်၊ ဓမ္မံ- တရားကို၊ ဒေသေတု- ဟောတော်မူပါဘုရား။

ရှင်ပုဏ္ဏမြတ်စွာဘုရားထံ တရားတောင်းတယ်၊ တောင်းတဲ့တရားက ဘယ်လိုလဲ သံခိတ္တေန တဲ့၊ အကျဉ်းချုပ်တဲ့၊ ရှင်ပုဏ္ဏ တရားတောင်းတာ၊ ကျယ်ကျယ်ပြန့်ပြန့်လား၊ အကျဉ်းချုပ်လား၊ အကျဉ်းချုပ်နော်၊ ဘုန်းကြီးတို့ ဟောဒီကျောင်းတော်ရာ ပရိသတ်က ဘုန်းကြီးကို တရားဟောပါလို့ဆိုတော့ အကျဉ်းချုပ်လား၊ ကျယ်ကျယ်ပြန့်ပြန့်လား၊ ကျယ်ကျယ်ပြန့်ပြန့် ဟုတ်လား။

အယံ ပဒေသော မယုံ အသပ္ပါယောလို့ ဆိုလိုက်ရင် တရားသိမ်းရလိမ့်မယ်ထင်တယ်။ ဘယ့်နှယ်တုန်းဗျာ၊ တဖြည်းဖြည်း ညဉ့်ကလေးလဲနက်နက် နက်နက်လဲလာရော ဘုန်းကြီးတို့ပရိသတ်ကြည့်ရတာ တဘက်ကလေးတွေ ပခုံးပေါ်ကနေ ခေါင်းပေါ်ရောက် ရောက်သွားပြီ၊ ခေါင်းပေါ်ရောက် ရောက်သွားပြီး နပ်တွေလဲ တခွီးခွီးနဲ့ ညစ်တာကြားနေရပြီ။ သြော် .. သူတို့တတွေ

အအေးဒဏ် မခံနိုင်ကြဘူး၊ ကိုယ့်ခေါင်းပြောင်တော့ အခြုံမပါဘဲ ဒီအတိုင်းထိုင်ရတာ။

အယံပဒေသော– ဤအရပ်သည်၊ မယှံ– ငါ့အတွက်၊ အသပ္ပါယော– အအေးကမိတယ် ဖုံကထူတယ် မလျောက်ပတ်ဘူး။

ခပ်မြန်မြန်သိမ်းမှဖြစ်မယ်။

အကျဉ်းချုပ်တဲ့။

အယံပဒေသော–ဤအရပ်သည်၊ မယှံ– ငါ့အတွက်၊ အသပ္ပါယော– မလျောက်ပတ်ဘူးတဲ့။

ရှင်ပုဏ္ဏက သာဝတ္ထိဇေတဝန်အရပ် သူနဲ့ မလျောက်ပတ်ဘူးတဲ့။ ဇေတဝန်ကျောင်းရဲ့ တစ်ပတ်လည် သာဝတ္ထိမှာ ပုဏ္ဏမထေရ် သူနဲ့မလျောက်ပတ်ဘူးလို့ဆိုရင် ဘုန်းကြီးတို့က ဟောဒီကျောင်းတော်ရာ တစ်ပတ်လည်က ရာသီဥတုနဲ့ ဖုံတွေ မြူတွေနဲ့ တို့နဲ့ မလျောက်ပတ်ဘူးလို့ဆိုရင် ဘုန်းကြီးတို့က မလွန်ဘူးဗျ၊ ဒီတော့ –

## အာမခံချက်နဲ့ တရားတောင်းတာ

သံခိတ္တေန ခမ္မံ ဒေသေတု။

သံခိတ္တေန ဒြဝါဒေန ဒြဝဒတု။

အကျဉ်းချုပ် တရားတစ်ပုဒ် ဟောပါဘုရား။ အကျဉ်းချုပ် ဩဝါဒဖြင့် ဆုံးမတော်မူပါဘုရား။

ရှင်ပုဏ္ဏက ဘုရားကိုတရားတောင်းတာ။ အကျဉ်းချုပ်ပါ။ အရှင်ပုဏ္ဏက ဘုရားရှင်ကိုယ်တော်မြတ် တရားတောင်းတာက အကျဉ်းချုပ်ရယ်၊ ဘုန်းကြီး ဦးဓမ္မာစာရက ဘုန်းကြီးတရားတောင်းထားတာကတော့ ဒီအတ္တုပ္ပတ် စုံအောင် ဟောပေးပါတဲ့၊ လုပ်ထားတယ်နော်။

ယမဟံ ဘဂဝတော ဓမ္မံ သုတွာ။

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

ယံဓမ္မံ-ယင်းကဲ့သို့ ဟောအပ်တဲ့ အရှင်ဘုရားရဲ့ ဩဝါဒ တရားတော်ကို၊ သုတွာ- တပည့်တော်ကြားနာပြီး၍။

ဧကော- တစ်ယောက်တည်းရယ်၊ ဝူပကဋ္ဌော- ဆိတ်ငြိမ်ရာအရပ်ကိုချဉ်းကပ်လျက်၊ အပ္ပမတ္တော- မမေ့မလျော့၊ အာတာပီ- ကိလေသာမာန် သူပုန်ရန်ကို ပူပန်စေတတ်တဲ့ ဝီရိယရှိသည်ဖြစ်၍၊ သတိမာ- သတိ တရားလက်ကိုင်ထားလျက်၊ သမ္ပဇာနော-ပညာ

တရား လက်ကိုင်ထားလျက်၊ ပဟိတတ္တော- နိဗ္ဗာန်ကို စေလွှတ်ထားတဲ့ စိတ်ထားရှိသည်ဖြစ်၍၊ ဝိဟာရေယျ- ပွားများကြိုးကုတ်အားထုတ်ပြီးတော့ နေမလို့ပါဘုရား။

ရှင်ပုဏ္ဏမထေရ်က မြတ်စွာဘုရားကို တရားတောင်း တော့ရင် သူ့ဘက်က အာမခံပါတယ်။ တပည့်တော် မြတ်စွာဘုရားထံက တရားအကျဉ်းချုပ် နာပြီးရင်၊ ဧကော- တစ်ယောက်တည်းရယ်၊ ဝိဟာရေယျ- နေပါ မယ်ဘုရား။

မြတ်စွာဘုရား တရားအကျဉ်းချုပ်နာပြီးရင် ရှင် ပုဏ္ဏက အများကြီးနဲ့ နေမှာလား၊ တစ်ယောက်တည်း နေမှာလား၊ တစ်ယောက်တည်း နေမှာတဲ့၊ တို့ ကျောင်း တော်ရာက ပရိသတ်ကရော တရားနာပြီးရင် အများကြီး နဲ့နေမှာလား၊ တစ်ယောက်တည်း နေမှာလား၊ အများ ကြီးနဲ့နေမှာ၊ ကွာချင်တိုင်းကွာတယ်။

ဧကော- တစ်ယောက်တည်းရယ်၊ ဝိဟာရေယျ- အားထုတ်ပြီးတော့ နေပါ့မယ်ဘုရား။

အဲဒီအချက်လဲ မမီပြန်ဘူး။ ကွာသွားပြန်ပြီ။ ရှင်ပုဏ္ဏလိုဖြစ်ဖို့တော့ နီးလာပြီထင်တယ်။

ဝူပကဋ္ဌော- ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့၊

ဝိဟာရေယျ– ပွားများကြိုးကုတ် အားထုတ်နေမလို့ပါ ဘုရား။

ဒုတိယအဆင့် လျှောက်ပြန်တယ်။ တစ်ယောက် တည်းနေမလို့၊ ပထမစကား၊ ဒုတိယစကားက ဆိတ်ငြိမ် ရာအရပ်မှာ တပည့်တော် နေမလို့ပါဘုရား၊ ရှင်ပုဏ္ဏ က ဘုရားထံ တရားတောင်းပြီးတော့ ဆိတ်ငြိမ်ရာနေ မယ်တဲ့၊ ဘုန်းကြီးတို့ပရိသတ်ကတော့ ဆူညံတဲ့ နေရာ မှာနေမှာ၊ မကွာဘူးလား၊ ဖြစ်တော့မယ်၊ ရှင်ပုဏ္ဏလို လူတွေ။

## ရှင်ပုဏ္ဏနဲ့တော့ ကွာချင်တိုင်းကွာ

ဟောဒီအရပ်က ဝါဏိဇဂါမ သစ်တော်ရွာက အရှင်ပုဏ္ဏ ထူးထူးချွန်ချွန် ထွက်တယ်ဟော့၊ သာသနာ့ သမိုင်း ပြောင်မြောက်တယ်ဟော့ဆိုပြီးတော့ လက်မထောင် နေကြတဲ့ ဘုန်းကြီးတို့ ပရိသတ်က ရှင်ပုဏ္ဏက တစ်ယောက်တည်း နေမယ်၊ သူတို့က အများကြီးနဲ့ စုရုံးစုရုံးနဲ့ နေကြမယ်။ ရှင်ပုဏ္ဏက ဆိတ်ငြိမ်တဲ့နေရာမှာ နေမယ်၊ သူတို့က ဆူညံဆူညံနဲ့ နေကြမယ်။ နီးလာပြီ ရှင်ပုဏ္ဏလိုတော့ ဖြစ်တော့မှာပဲ၊ ပြောဦးမယ်။

ဧကော ဝူပကဋ္ဌော အပ္ပမတ္တော– တဲ့။

အပ္ပမတ္တော– မမေ့မလျော့၊ ဝိဟာရေယျ– ဗွားများ ကြိုးကုတ် အားထုတ်နေမလို့ပါဘုရား။ အပ္ပမတ္တော– မြတ်စွာဘုရားထံက တရားနာပြီးရင် တပည့်တော် မမေ့ မလျော့နေပါမယ် တဲ့။

ရှင်ပုဏ္ဏက မမေ့မလျော့နေမယ်၊ တို့ပရိသတ်က မေ့မေ့လျော့လျော့ နေကြမယ်။ သိပ်မကွာလိုက်ဘူးနော်၊ ပွတ်ကာသီကာလေး ကွာသွားတယ်။

အပ္ပမတ္တော– မမေ့မလျော့၊ ဝိဟာရေယျ– ဗွားများ ကြိုးကုတ် အားထုတ်နေမလို့ပါဘုရား၊ အာတာပီ– ကိလေသာမာရ် သူပုန်ရန်တွေကို ပူပန်စေတတ် ခန်း ခြောက်စေတတ်တဲ့ လုံ့လဝီရိယ ရှိသည်ဖြစ်၍၊ ဝိဟာ ရေယျ– အားထုတ်ပြီးတော့ နေမလို့ပါဘုရား။

လုံ့လဝီရိယ ပြင်းပြင်းထန်ထန်နဲ့ တပည့်တော် အားထုတ်ပြီးနေမလို့ပါဘုရား။ တို့ တရားနာပရိသတ် ကတော့ နာပြီးတဲ့တရား ဘာမှအားမထုတ်ဘဲနဲ့ ခပ် ပျင်းပျင်းကလေးနဲ့ နေမလို့ပါဘုရား၊ မကွာဘူးလား၊ ပွတ်ကာသီကာလေး ကွာတယ်၊ သိပ်မကွာဘူးနော်၊ ပြောဦးမယ် နောက်တစ်ချက်–

၆

အာတာပီ ပဟိတတ္တော အပ္ပမတ္တော အာတာပီ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော–

ပဟိတတ္တော– နိဗ္ဗာန်ကို စေလွှတ်တဲ့စိတ် ခန္ဓာကိုယ်ထဲကိုလွှတ်တဲ့စိတ် ထားရှိသည်ဖြစ်၍၊ ဝိဟာရေယျံ– ပွားများကြိုးကုတ် အားထုတ်နေပါ့မယ်ဘုရား။

## ကွာခြားချက်တွေ

မဟာပုဏ္ဏမထေရ် တရားနာပြီးရင် သူ့စိတ်ကို ခန္ဓာထဲမှာထားမယ်၊ ပုဏ္ဏမထေရ်က တရားနာပြီးရင် စိတ်ဘယ်မှာထား၊ ခန္ဓာထဲမှာထားမယ်တဲ့၊ ခန္ဓာထဲမှာ ထားပြီး ရှုရင်းနဲ့ ခန္ဓာကလွှတ်လဲသွားရော စိတ်သည် နိဗ္ဗာန် မရောက်ဘူးလား၊ ခန္ဓာ– ခန္ဓာ့ဒုက္ခမှ လွှတ်တဲ့ နေ့သည် နိဗ္ဗာန်ရောက်လိမ့်မယ်။ ဒါကြောင့် တပည့်တော် စိတ် ခန္ဓာထဲထား နိဗ္ဗာန်ပို့မလို့ပါဘုရား။

ဘုန်းကြီးတို့ ကျောင်းတော်ရာပရိသတ်က မိမိတို့ ရဲ့စိတ်ကို ဘယ်မှာထားမလဲ၊ စိတ်ကို ကိုယ့်အိမ်မှာ ပြန်ထားမယ် ဟုတ်လား၊ ဒကာမကြီးတွေက ဒကာကြီးတွေထံထားမယ်၊ ဒကာကြီးတွေစိတ်က ဒကာမကြီး

တွေထံ ထားမယ်၊ ဒီလိုလား၊ ရှင်ပုဏ္ဏမထေရ်က ခန္ဓာထဲမှာထားမယ်၊ နိဗ္ဗာန်ကိုပို့လိုက်မယ်။

မကွာဘူးလား။

ဘယ်နှစ်ချက် ကွာသွားတုန်း။

အဲဒီကစ ကွာနေပြီ၊ ဘယ်နှစ်ချက် ကွာသွားသလဲလို့ဆိုတော့ ဘယ်နှစ်ချက် ကွာမှန်းကိုမသိဘူး၊ အဲဒါကလဲ ကွာတာတစ်မျိုးပဲ။

၁။ ရှင်ပုဏ္ဏက ဆိတ်ငြိမ်ရာမှာနေမယ်၊ တို့ပရိသတ်က ဆူညံရာမှာနေမယ်။

၂။ ရှင်ပုဏ္ဏက တစ်ယောက်တည်းနေမယ်၊ တို့ပရိသတ်က လူစုလူဝေးနဲ့နေမယ်။

၃။ ရှင်ပုဏ္ဏက မမေ့မလျော့နေမယ်၊ ဘုန်းကြီးတို့ပရိသတ်က မေ့မေ့လျော့လျော့နေမယ်။

၄။ ရှင်ပုဏ္ဏမထေရ်က ဝီရိယသန်သန်နဲ့ နေမယ်၊ ဘုန်းကြီးတို့ ပရိသတ်က ပျင်းပျင်းရိရိနေမယ်။

၅။ ရှင်ပုဏ္ဏစိတ်က ခန္ဓာထဲမှာထားမယ်၊ ဘုန်းကြီးတို့ပရိသတ်ကတော့ အိုးနဲ့အိမ်နဲ့ သားနဲ့သမီးနဲ့ ထားမယ်။

ဘယ်နှစ်ချက်ကွာလဲ၊ ဧကော ဝူပကဋ္ဌော အပ္ပ

မတ္တော အာတာပီ ပဟိတတ္တော တဲ့။ ငါးချက် ဟုတ်ကဲ့လား၊ ဧကောရယ်၊ ဝူပကဋ္ဌောရယ်၊ အပ္ပမတ္တော ရယ်၊ အာတာပီရယ်၊ ပဟိတတ္တောရယ် ငါးချက်နော်၊ အဲဒါ ယောဂီရဲ့ အင်္ဂါငါးပါးလို့ နားလည်ပါ။ တရား အားထုတ်မယ့် ယောဂီမှန်ရင် ဤအင်္ဂါရပ်များနဲ့ ပြည့်စုံ ရမယ်။

## ယောဂီတို့ လက်ကိုင်ထားရမယ့်အချက်များ

၁။ ဧကော–တစ်ယောက်တည်းနေနိုင်ရမယ်။
၂။ ဝူပကဋ္ဌော–ဆိတ်ငြိမ်တဲ့အရပ်မှာ နေနိုင်ရမယ်။
၃။ အပ္ပမတ္တော– နာပြီးသားတရားကို မေ့မပစ်ရဘူး။
၄။ အာတာပီ–ဝီရိယသန်ရမယ်။
၅။ ပဟိတတ္တော– မိမိရဲ့စိတ်ကို ခန္ဓာထဲမှာထားရမယ်။

ဘယ်နှစ်ချက်လဲ၊ ငါးချက်၊ အဲဒီငါးချက်သည် ယောဂီရဲ့ အင်္ဂါငါးပါး၊ တရားရချင်တဲ့ ပုဂ္ဂိုလ်သည် ဤအင်္ဂါငါးချက်နဲ့ ပြည့်စုံနေရမယ်။ ဒီအင်္ဂါငါးချက်နဲ့ ပြည့်စုံသူသည် တရားအားထုတ်တဲ့ပုဂ္ဂိုလ် ပီပီပြင်ပြင် ဖြစ်တယ်၊ တရားရနိုင်တယ်၊ ဒီအင်္ဂါငါးချက်နဲ့ မပြည့်စုံရင် တရားရဖို့မလွယ်ဘူး။

တရားလဲရချင်သေးတယ် တစ်ယောက်တည်းလဲ မနေနိုင်ဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ တရားလဲ ရချင် သေးတယ် ဆိတ်ငြိမ်တဲ့နေရာကြတော့ အမယ်လေး သရဲခြောက်မှာလိုလို ဘာလိုလို ကြောက်နေကြတယ် ဆိုတော့ နေဖြစ်ဦးမလား၊ မရဘူးနော်။

တရားလဲရချင်သေးတယ် ဟိုဟာမေ့ ဒီဟာမေ့ ခြောက်ချက်ပြောလိုပြော လေးချက်ပြောလိုပြော ဆိုတော့ ဘယ့်နှယ်တုန်း၊ တရားရဖို့မလွယ်ဘူး မှတ်ထား၊ မမေ့နဲ့၊ အပ္ပမတ္တော– မမေ့မလျော့နာတဲ့ တရားလဲမမေ့နဲ့၊ ခန္ဓာရဲ့ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်သဘောကိုလဲပဲ အပ္ပမာဒနဲ့ တင်ပြီးတော့ ဆင်ခြင်ထား။

## လူပျင်းရဲ့ ဆင်ခြေပေးချက်များ

တရားရချင်တယ်၊ ဝီရိယနည်းသေးတယ်ဆိုတော့ ဘယ့်နှယ်လုပ်မလဲ၊ ချမ်းတော့လဲ ချမ်းလွန်းလို့ ကွေးကြဦးစို့၊ ပူတော့လဲပူလွန်းလို့ အမယ်လေး ရေကလေး ချိုးကြဦးစို့၊ ဘယ်အချိန်သွားအားထုတ်မလဲ၊ ချမ်းပြန်တော့လဲ မနက် ၃ နာရီ ၄နာရီထပါဟဲ့ဆို ချမ်းလို့ မထဘူး၊ မနက် ၉ နာရီ ၁၀ နာရီမှ ထလာတယ်။

၉ နာရီ ၁၀ နာရီလောက်ကျတော့ နေတွေက ပူလာပြန်ပြီ ဆိုပြီးတော့ ဘာမှမလုပ်ပြန်ဘူး၊ တော်တော် လေးလဲကြာရော ၁၁ နာရီလောက်ကျတော့ ထမင်းက ဆာလာပြန်ပြီ ဘာမှမလုပ်ပြန်ဘူး၊ စားပြီးပြန်တော့ ဗိုက်တင်းအဆီရစ်လို့ အိပ်လိုက်ဦးမယ်၊ ဘာမှ မလုပ်ပြန် ဘူး၊ ဘယ်အချိန် သွားလုပ်မလဲ။

အိပ်ရာကနိုးလာပြန်တော့လဲ ကျောကြီးစင်းပြီး တော့ ထမင်းဆီရစ်တာရယ်၊ အိပ်ရေးကောင်းကောင်း မဝတာရယ်၊ ကျောမှာ တံဆိပ် ဖျာရာနှိပ်ပြီးတော့ တစ်ခါတည်း ညနေကို စောင်းသွား၊ ညနေလေးစောင်း တော့ မထူးပါဘူးကွာ နောက်ကျသွားပြီဆိုပြီးတော့ အဲဒါ ဘာမှမလုပ်ပြန်ဘူး။

အဲဒါကြောင့် ချမ်းပြန်တော့ ချမ်းလွန်းလို့၊ ပူပြန် တော့လည်း ပူလွန်းလို့ ဟုတ်လား၊ ဆာတော့လဲ ဆာ လွန်းလို့၊ ဝတော့လဲ ဝလို့၊ ထမင်းဆီရစ်ပြန်ပြီ၊ စောတော့ လဲ စောလွန်းလို့၊ နောက်ကျတော့လဲ မထူးပါဘူးဆိုပြီး တော့ ဒါ ပျင်းတဲ့လူရဲ့ ဆင်ခြေဟုတ်လား၊ (၆) ချက် နော်။

အာတာပီ ဝီရိယသန်ဆိုတာ ဒီလိုမဟုတ်ဘူး။

ချမ်းလဲပဲ ကြိုးစား၊ ပူလဲပဲကြိုးစား၊ ဆာလဲအားထုတ်၊ ထမင်းဆီရစ်လဲပဲ မိုတ်ပြီးတော့ အားထုတ်၊ ဒီလို၊ စောရင်လဲ စောသလိုထလုပ်၊ နောက်ကျလဲ ရှိတဲ့ အချိန်လေး မိသမျှအချိန်လေးကိုလုပ်လိုက်၊ ဒီလိုမှ၊ အဲဒါ ယောဂီရဲ့အင်္ဂါများ၊ မှတ်သားမိပါစေ၊ တရားရနိုင်တဲ့ အဲဒါ အင်္ဂါ (၅) ပါးနော်။

## ကြွေချိုလို ကျင့်ကြ

ဒီကနေ့ တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ရှင်ပုဏ္ဏမထေရ်ရဲ့ နယ်ပယ်မှာရှိကြတဲ့ ရှင်ပုဏ္ဏရဲ့ တပည့်ဒကာ ဒကာမတွေ၊ ကျောင်းတော်ရာ တစ်ပတ်လည် သစ်တော်ရွာတစ်ပတ်လည်က ဒကာ ဒကာမတွေက ရှင်ပုဏ္ဏရဲ့ ဆွေတွေ မျိုးတွေ မလျော့ကြနဲ့။

ရှင်ပုဏ္ဏမထေရ်ဟာ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်တယ်၊ တို့ဆရာတော်ကဲ့သို့ ငါတို့လဲပဲ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်မယ်၊ ရှင်ပုဏ္ဏမထေရ် သူမြတ်က တစ်ယောက်တည်းနေတယ်၊ တရားရချင်တယ်ဆိုတဲ့ ဟောဒီရှင်ပုဏ္ဏရဲ့ တပည့် ဒကာ ဒကာမတွေကလဲပဲ

တစ်ယောက်တည်း နေနိုင်အောင် ကြိုးစားရမယ်။

တရားရချင်ရင် တစ်ယောက်တည်း နေနိုင်ရမယ်တဲ့၊ နေနိုင်ပါ့မလား၊ မနေနိုင်ဘူး၊ သိတယ်ဟုတ်လား၊ ဒီလူတွေ တစ်ယောက်တည်းကို နေကိုမနေနိုင်ဘူး၊ တစ်ယောက်တည်း နေရရင် စကားပြောမယ့်လူ မရှိလို့ ပျင်းကိုနေတာ သူတို့က။

ဘုန်းကြီးတို့ ပြောနေကျပါ၊ ကြွံချိုလိုကျင့်ကြ၊ ကြွံချိုလိုကျင့်ဆိုတာလေ၊ အဲဒီတိပ်ခွေတွေ ဒီမရောက်ဘူးလား၊ ကြွံချို ဘယ်နှစ်ချောင်းလဲ၊ တစ်ချောင်းတည်း၊ ဘယ်နေရာပေါက်သလဲ၊ အေး ထိပ်အလယ်တည့်တည့်မှာပေါက်တယ်။

ဘယ်လောက်ရှည်သလဲ။

ဘယ်လောက် သေချာသလဲဆိုတာ ဟုတ်လား၊ မိမိခန္ဓာထဲက ရုပ်နာမ် ဘယ်နှစ်မျိုးရှိတယ်ဆိုတာ သိဖို့အသာထား၊ မျက်စိနဲ့ ပြူးကြည့်ရင် မြင်ရတဲ့ကြွံချိုကြီး ဘယ်နေရာပေါက်တယ် ဘယ်လောက်ရှည်တယ်ဆိုတာ ဘုန်းကြီးတို့ပရိသတ် မမှတ်မိဘူး။

အေး .. ကြွံဟာ နဖူးအလယ်တည့်တည့်မှာ ချို

တစ်ချောင်းပေါက်တယ်၊ မျက်လုံးရဲ့အောက်နား နှာခေါင်းရဲ့အထက်နား တစ်ချောင်းပေါက်တယ်၊ အဲဒါ တစ်ထွာပတ်ဝန်းကျင်မှာပဲရှိတယ်၊ အဖျားကမကောက်ဘူး၊ ခပ်ဖြောင့်ဖြောင့်ကလေးပဲ၊ တောထဲသွားချင်တိုင်းသွား အဲဒီကြံ့ကြီး ချုံမငြိဘူးနော်။ တောထဲသွားတော့ ချိုတစ်ချောင်းတည်းလဲပေါက်တယ်၊ ဖြောင့်လဲဖြောင့်တယ်ဆိုတော့ ချုံမငြိဘူးဗျ၊ သက်သာတယ်။

## ကြံ့ချိုလား ကျွဲချိုလား

ကျွဲကြီးတွေကျတော့ ချိုနှစ်ချောင်း အဖျားက ကောက်နေတယ်၊ တောထဲဝင်လိုက်လို့ရှိရင် ဟိုချုံငြိ ဒီချုံငြိ မငြိဘူးလား၊ ငြိတယ်။

တို့ပရိသတ် ကြံ့ချိုလိုလား၊ ကျွဲချိုလိုလား၊ အို ကျွဲချိုနဲ့တူတဲ့လူတွေ ငြိရုံတင်မကဘူး သူတို့က ခတ်တောင်ခတ်လိမ့်ဦးမယ်။ ကျွဲချိုက အဖြားကောက်နေတော့ မခတ်ဘူးလား၊ ခတ်တယ်။ ဘယ်လိုလူ ပိုခတ်သလဲ၊ ဘုန်းကြီး ပိုခတ်တယ်။ ကျွဲချိုကနော်။

ကျောင်းတော်ရာကလူတွေ ကျွဲချိုလိုပဲဆိုရင်တော့ သူတို့က ဘုန်းကြီးခတ်မယ့်လက္ခဏာ ဖြစ်နေပြီ မလုပ်

ကြပါနဲ့၊ ဘုန်းကြီးတော့ မခတ်ကြပါနဲ့၊ ကိုယ့်အိမ်ကလူ ကိုယ့်ဟာကိုယ်ခတ်ကြပါ။

ဆိုလိုတဲ့ အဓိပ္ပာယ်က တစ်ယောက်တည်း နေရင် ဘယ်မှမငြိဘူး၊ ဘယ်သူ့မှလဲ မခတ်ဘူး၊ နှစ်ယောက် သုံးယောက် စုနေရင် ဟိုငြိ ဒီငြိ အဲဒါက သံယောဇဉ်နဲ့ ငြိတာ၊ သံယောဇဉ်နဲ့ဆိုတော့ တခါတည်း ဟိုခတ်ဒီခတ်နဲ့ မကျေနပ်ချက်တွေ့လာတယ်၊ ကျွဲချိုလိုက ဟုတ်လား။ အဲ ဆတ်ချို သမင်ချိုလိုဆိုရင် ပိုဆိုးသွားမယ်။

ဒီကနေ့တို့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ ကြွဲချိုလို ကျင့်ရမယ်၊ တရားရချင်ရင် ငြိတာနဲ့ခတ်တာ မှတ်ထားနော်၊ ငြိတာက တစ်ယောက်နဲ့ တစ်ယောက် တွယ်တာတဲ့သဘော။ ခတ်တယ်ဆိုတာက မကျေနပ် ချက်တွေ ဖြစ်ဖြစ်လာတာ၊ ဟုတ်ဘူးလား။

တရားအားထုတ်ကြမလို့တဲ့ ယောဂီ(၁၀)ယောက် လောက် စုအားထုတ်၊ အဲငြိတဲ့နေရာလဲငြိ ခတ်တဲ့နေရာ လဲခတ် ထင်ပါရဲ့။ (၁၀)ယောက်လောက်စု အားထုတ်၊ တစ်ယောက်နဲ့ တစ်ယောက်မျက်စောင်းလေးထိုး၊ တော် တော်ကြာကျတော့ ဟိုမကျေနပ်၊ ဒီမကျေနပ် တရားရ ဖို့ဝေးရော။

## အမ်ဘီဘီအက်စ်ဘွဲ့ရ ယောဂီတစ်ဦး

ဘုန်းကြီးတွေ့ဖူးတဲ့ ဒကာကြီးတစ်ယောက်ဟာ ခေတ်ပညာတတ် အမ်ဘီဘီအက်စ်–ဘွဲ့ရတဲ့ ဒကာကြီးတစ်ယောက်၊ ဘယ်လိုတုန်းဆိုလို့ရှိရင် သူကတရားအားထုတ်တဲ့ အခါမှာ ကမ္မဋ္ဌာန်းတရားပြတဲ့ ဆရာတော်ရဲ့ ရှေ့တည့်တည့် ဓမ္မပလ္လင်ရှေ့က နေရာကလေးမှာ သူထိုင်နေကျ။

တစ်နေ့သော အခါကျတော့ သူကအပေါ့အပါးသွားနေတဲ့ အတွက်ကြောင့် ရိပ်သာက သံချောင်းကလေး ခေါက်လိုက်တာ၊ သူထိုင်နေကျ နေရာကို အချိန်မီ မရောက်ဘူး နောက်ကျသွားတယ်၊ နောက်ကျသွားတော့ ယောဂီအသစ်က ဒီနေရာ–ဒီလူကြီးထိုင်နေကျဆိုတာ မသိဘူး ဝင်ထိုင်နေရော။

ဒီနေရာ ဒီလူကြီးထိုင်နေကျဆိုတာ မသိဘူး၊ ယောဂီအသစ်က ဝင်ထိုင်နေတော့ သူ့နေရာထိုင်လေး ကိုင်ပြီးတော့ တက်လာ၊ သူ့နေရာ သူများဝင်ထိုင်နေ တာတွေ့တော့ ဒုံး ဒုံး ဒုံး နဲ့ ကြမ်းကို တစ်ခါတည်း ခြေထောက်တွေနဲ့ ဆောင့်ပြီးတော့ ဆင်းသွားတယ်၊ ဟုတ်လား။

ဟိုမှာထိုင်နေတဲ့လူ ၅၀ ကျော် ၆၀ အကုန်လုံး မျက်လုံးပြူးပြီးတော့ အဲဒီလူကို ဝိုင်းပြီးတော့ ကြည့်ကြတယ်။ ဘာများ ဖြစ်တာပါလိမ့်မလဲ၊ ကြမ်းကို ဆောင့် နင်းပြီးတော့ ဆင်းသွားတယ်။ ကြည့်စမ်းသူ့ခြေထောက် ဆောင့်နင်းသွားတာနဲ့ပဲ ကျန်တဲ့ ယောဂီလေးငါးခြောက်ဆယ်တို့ရဲ့ သမာဓိတွေဟာ အကုန်ပျက်ကုန်တယ်။

သမာဓိ ပျက်ရုံတင်မကဘူး၊ ပလ္လင်ပေါ်က ဆရာတော်က 'မျက်စိမှိတ် စဉ်းစားကြဟေ့၊ ဘယ်လိုတဲ့လဲ နှာသီးဝ ထွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိရာအရပ် သတိကပ်ကြ'လို့ ပြောတယ်။ ရှေ့က ထိုင်နေတဲ့ ယောဂီ (၅၀)ရဲ့ သတိဟာ နှာသီးဝ ထွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိတဲ့နေရာ မရှိဘူး၊ ဟိုလူကြီး ကြမ်းနဲ့ ဖနောင့်နဲ့ ထိတဲ့နေရာ ရောက်နေတယ်၊ ဘာပြုလို့ ဆောင့်နင်းသွားပါလိမ့်မလဲနဲ့ ဒီလိုဖြစ်နေတယ်၊ အမှတ်က အဲဒီ ရောက်သွားပြီ။

အဲဒါ ဘာဖြစ်တာလဲ၊ ခတ်တာဟုတ်လား၊ ငါ့နေရာထိုင်ရရိုးလားဟဲ့ ဆိုပြီးတော့ ကြမ်းဆောင့်နင်းသွားတာ၊ ခတ်တာ မဟုတ်လား။ အဲဒါကြောင့် တစ်ယောက်

တည်း အားထုတ်ရင် ခတ်စရာမလိုဘူး၊ သူ့နေရာလေးနဲ့သူ တစ်ယောက်တည်းအားထုတ်တော့ ဒီလိုခတ်စရာ ရှိသေးလား၊ မရှိဘူး။ လေးငါးဆယ်ယောက် စုအားထုတ်လို့ အဲဒီလို ဖြစ်တာနော်။

တစ်ယောက်က ရှူရင်း ရှူရင်းနဲ့ သမာဓိလေးရတော့မယ် ကြံတယ်၊ ဟိုဘက်က တစ်ယောက်ကနေ တခါတည်း အဟမ်း အဟမ်းတွေကြီး နင်းကန်လုပ်နေတော့ ဒီဘက်က သမာဓိလဲ ကုန်ပြန်ရော မဟုတ်လား။

အဲ လူတစ်ယောက်က တံခါးပိတ် ကိုယ့်အခန်းထဲ ကိုယ်ထိုင်နေတယ်၊ ရှေ့နားက လမ်းလျှောက်တဲ့လူက ဖိနပ်တဖျပ်ဖျပ်နဲ့ ရှဲခနဲ ရှဲခနဲတိုက်တိုက်လျှောက်သွားတော့ အခန်းထဲကလူက ဘယ်နှယ်တုန်း၊ သမာဓိပျက်တယ်၊ လမ်းလျှောက်တာ ဖိနပ်တောင်နိုင်အောင် မသယ်နိုင်ဘူး။ ဒီယောဂီ ဘယ်လိုလဲ၊ ဟော အခန်းထဲကနေ စိတ်ထဲကတွေးတာ၊ အဲဒီလိုလာတာ။

တစ်ယောက်တည်း အားထုတ်ရင် အကောင်းသား အများစု အားထုတ်ရင် ဒီအတိုင်းချည်းပဲ။ ဒါကြောင့် ဘုရားက–

ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ကြွချိုလို ကျင့်ကြဟော့လို့ ပြောတာ။

ရှင်ပုဏ္ဏရဲ့တပည့်ဒကာ ဒကာမတွေ တရားရချင်ရင် ဘယ်လိုနေကြမယ်၊ တစ်ယောက်တည်းကျင့်။ ကျင့်ကြမလား၊ သဘောတူရင် ငြိမ်ပြီးတော့ နေလိုက်ကြ၊ ဟုတ်လား။

ရှင်ပုဏ္ဏမထေရ်ကတော့–

## ယောဂီရဲ့ အင်္ဂါ(၇)ပါး

ဘန္တေ–ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

ဧကော–တစ်ယောက်တည်းရယ်၊ ဝူပကဋ္ဌော–ဆိတ်ငြိမ်တဲ့ နေရာချဉ်းကပ်၍၊ အပ္ပမတ္တော–မမေ့မလျော့၊ အာတာပီ–ဝီရိယနဲ့တကွ၊ သတိမာ–သတိနှင့်တကွ၊ သမ္ပဇာနော–ပညာနဲ့တကွ။

ဘုန်းကြီးတို့ ပရိသတ်များ ထည့်လိုက်ဦး နှစ်ပိုဒ်လောက်။

သတိမာ– သတိနဲ့တကွ၊ သမ္ပဇာနော– ပညာနဲ့တကွ။

ဘယ်နှစ်ချက်တိုးပေးရ၊ ယခုနက ပြောထားတာ ငါးခု၊ ယခုနှစ်ခု ထပ်တိုးထည့်လိုက်။

သတိမာ– သတိတရားလက်ကိုင်ထားလျက်။

ဘာတရား လက်ကိုင်ထား၊ သတိတရားကို လက်ကိုင်ထားလျက်။

သတိမာ၊ ရုပ်–ဝေဒနာ–သညာ–သင်္ခါရ– ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးကို ကောင်းစွာထင်ရှားစေတဲ့ သတိတရားကို လက်ကိုင်ထားလျက်။ သမ္ပဇာနော၊ ထင်ရှားလာတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တွေကို ဆင်ခြင်နိုင်တဲ့ ပညာတရား လက်ကိုင်ထားလျက်။

သတိ ပညာ ကာယာနုပဿနာ ရှုတဲ့ပုဂ္ဂိုလ်တွေ ရုပ်တရားကောင်းကောင်း ထင်ရှားရမယ်။

ဝေဒနာ နုပဿနာ ရှုတဲ့ပုဂ္ဂိုလ်တွေ ခံစားမှုကောင်းကောင်း ထင်ရှားရမယ်။

စိတ္တာနုပဿနာ ရှုတဲ့ပုဂ္ဂိုလ်တွေ သိမှုကောင်းကောင်း ထင်ရှားရမယ်။

အဲဒီ ကာယဝေဒနာ စိတ်ကိုထင်ရှားအောင် လုပ်ပေးတာ၊ သတိထင်ရှားလာတဲ့အတွက်ကြောင့် ကာယဝေဒနာ စိတ်တို့ရဲ့ အပေါ်မှာ ဆင်ခြင်ပြီးတော့ကာ နေတာက ပညာ။

သတိပညာ နှစ်လုံးထည့်လိုက်တော့ အားလုံး(၇)

ချက်ဖြစ်သွားတယ်၊ ဒါဟာ ယောဂီရဲ့ အင်္ဂါ(၇)ပါး လို့ ပြောပါတယ်နော်။ အဲဒီလို ယောဂီအင်္ဂါ (၇) ပါး အပြည့်အစုံ လက်ကိုင်ထားပြီးတော့ တပည့်တော်အား ထုဘ်မလို့။ တရား တိုတို ကျဉ်းကျဉ်း လိုရင်းမိအောင် ဟောလို့-

အာယသ္မာ ပုဏ္ဏော- အရှင်ပုဏ္ဏမထေရ်သည်။ ဘဂဝန္တံ- ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဧတံဝစနံ- ဤ ဆိုခဲ့တဲ့စကားကို၊ အဝေါစ- ရွှေနားတော်ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

'သာဓု - သာဓု - သာဓု ပါဘုရား'

## ရှင်ပုဏ္ဏမထေရ်အား တရားဟောတော်မူခြင်း

ကိုင်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာဟောလိမ့်မလဲ၊ ရှင်ပုဏ္ဏကို နားထောင်ကြည့်ပါ။

သန္တိခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမုပသံဟိတာ ရဇနိယာ၊ တံ စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿတံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒီသမုဒယာ ဒုက္ခသမုဒယော

ပုဏ္ဏာတိ ဝဒါမိ။

ပုဏ္ဏ–ချစ်သားပုဏ္ဏ၊ စက္ခုဝိညေယျာ–စက္ခုဝိညာဉ် လို့ခေါ်ဆိုရတဲ့ မြင်သိစိတ်ဖြင့် သိအပ်ကုန်သော၊ ဣဋ္ဌာ– အလိုရှိအပ်ကုန်သော၊ ကန္တာ–နှစ်သက်အပ်ကုန်သော။ မနာပါ–စိတ်နှလုံးကို ပွားစေတတ်ကုန်သော၊ ပိယရူပါ– ချစ်အပ်သာယာအပ်တဲ့ စကားရှိကုန်ထသော၊ ကာမူ ပသံဟိ တာ–ကိလေသာ ကာမနှင့်ယှက်စပ်၍ နေကြကုန် သော၊ရဇနီယာ–တပ်မက်ဖွယ်ရာ ကောင်းလှစွာကုန်သော၊ ရူပါ– အဆင်းမျိုးစုံ ရူပါရုံတို့သည်၊ သန္တိ–ရှိကြလေ ကုန်၏။

ပုဏ္ဏ–ချစ်သားပုဏ္ဏ။

တံ–ထိုတပ်မက်ဖွယ်ရာကောင်းတဲ့ အဆင်းမျိုးစုံ ရူပါရုံကို၊ ဘိက္ခု– ရဟန်းတော်သည်၊ စေအဘိနန္ဒတိ– အကယ်၍များ တဏှာရာဂနဲ့ နှစ်သက်မိခဲ့သည်ဖြစ်ပါ ငြားအံ့၊ စေအဘိဝဒဟိ–အကယ်၍သာယာဘွယ် ကောင်း လိုက်တာလို့ ပြောဆိုမိသည် ဖြစ်ပါငြားအံ့၊ စေအဇ္ဈော သာယတိဋ္ဌတိ၊ အကယ်၍ သက်ဝင်နစ်မြုပ်ပြီးတော့ တည်ခဲ့မိသည် ဖြစ်ပါငြားအံ့၊ တံ–ထိုစက္ခု ပသာဒသို့ ထိခိုက်ထင်မြင်လာတဲ့ ရူပါရုံကို၊ အဘိနန္ဒတော– တဏှာ

ငန်းဖမ်း၊ စွဲလမ်းနှစ်သက်နေသော၊ အဘိဝဒတော-သာယ်ယာဘွယ်ကြီးဟုနှုတ်မှပြောဆိုနေသော၊ အဇ္ဈောသာယတိဋ္ဌတော-သက်ဝင်နှစ်မြုပ်၍ တည်နေသော၊ တဿ-ထို ပုဂ္ဂိုလ်အား၊ နန္ဒီ-နှစ်သက်ခြင်း စွဲမက်ခြင်းဆိုတဲ့ နန္ဒီရာဂ လို့ခေါ်တဲ့ တဏှာလောဘသည်။ ဥပ္ပဇ္ဇတိ-ဖြစ်လေတော့ ၏။

ပုဏ္ဏ-ချစ်သားပုဏ္ဏ။

နန္ဒီသမုဒယာ-နန္ဒီရာဂ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကြောင့်၊ တဿ- ထိုနန္ဒီရာဂ ဖြစ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်အား၊ ဒုက္ခသမုဒယော- ဒုက္ခတွေဖြစ်ပြီ။

ဣတိ-ဤသို့၊ အဟံ-ငါဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝဒါမိ-ဟောကြားတော်မူခဲ့ ပါပေတော့၏။

ဣတိ-ဤသို့၊ ဘဂဝါ-ဘုရားရှင်ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ ပုဏ္ဏံ-အရှင်ပုဏ္ဏမထေရ်ကို ဧတံ ဝစနံ-ဤဆိုခဲ့သော စကားကို၊ အဝေါစ-ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက် ပါပေသတည်း။

'သာဓု - သာဓု - သာဓုပါဘုရား'

## ဝဋ္ဋသစ္စာ(၂)ပါး ဝိဝဋ္ဋသစ္စာ (၂)ပါး

ဤ ပါဠိတော် တစ်ခုလုံးမှာ လိုရင်းက 'နန္ဒီသမုဒယာ-ဒုက္ခသမုဒယော' အဲဒါလိုရင်း။

နန္ဒီသမုဒယာ-ဒုက္ခသမုဒယော။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဤ မျက်မှောက်ရောက်နေတဲ့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ကျေးဇူးရှင်ကြီးဖြစ်တဲ့ ရှင်ပုဏ္ဏမထေရ်အား ဟောတော်မူလိုက်တဲ့ သစ္စာနှစ်ပါး။ သစ္စာဘယ်နှစ်ပါးလဲ-နှစ်ပါး။ နှစ်ပါးတစ်တွဲ တစ်တွဲ ဟောတယ်နော်။

ဝဋ္ဋသစ္စာနှစ်ပါး-ဝိဝဋ္ဋသစ္စာ ၂ ပါး။

သံသရာဝဋ်ထဲ ဖြစ်တဲ့သစ္စာနှစ်ပါးက သမုဒယနဲ့ ဒုက္ခ။

ဝိဝဋ္ဋသစ္စာသံသရာ ဝဋ်ရဲ့အပြင်ဘက်ဖြစ်တဲ့ သစ္စာနှစ်ပါးက မဂ္ဂနဲ့နိရောဓ။

ယခုဘာသစ္စာ ဟောသလဲဆိုရင် ဝဋ္ဋသစ္စာနှစ်ပါးကို ဟောပါတယ်၊ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ။ ဘာသစ္စာနဲ့ ဘာသစ္စာ၊ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာဘုရား၊ ပါဠိတော်လိုရင်း ကောက်ပါဆိုတော့-

နန္ဒီသမုဒယာ ဒုက္ခသမုဒယော။

အေး–ဘုန်းကြီးတို့ ပရိသတ်မြန်မာလို သံပေါက်တွေ ရှစ်လုံးဖွဲ့တွေတော့ မကြာမကြာ တရားဟောဆရာတော်များ ချပေးလို့ နောက်လိုက် ဆိုဖူးလိမ့်မယ်။ မြတ်စွာဘုရားရဲ့ ပါဠိတော်အရင်းအတိုင်းချပေးတာ လိုက်ဆိုဖူးတာ ရှိကောင်းမှ ရှိလိမ့်မယ်၊ ရှိရင်လဲနည်းမယ်ပေါ့။

အဲဒါကြောင့် ရှင်ပုဏ္ဏမထေရ်ရဟန္တာဖြစ်အောင် ဟောလိုက်တဲ့ တရားတော်တွေထဲက ပါဠိတော်နှစ်ပိုဒ်၊ ဝဋ္ဋသစ္စာကို ဆိုကြည့်စမ်းပါ။ ဘုန်းကြီးတိုင်ပေးလိမ့်မယ်နော်။ အေး–တရားနာရင်းနဲ့ ဆီးငန်သီးကလေးတွေစားတော့လဲ–အိပ်ချင်ပြေသပေါ့၊ ဟောဒီ သစ္စာနှစ်ချက်ကိုဟောတဲ့ ပါဠိတော်လေးများ ရွတ်လိုက်ရတော့လဲပဲ စလေဆီးသီးလေးစားရတာထက် အရသာရှိတယ်နော်။ လိုက်ဆို–

'နန္ဒီသမုဒယာ၊ ဒုက္ခသမုဒယော'

သုံးခေါက်ညီညီဆို။

ဟုတ်ပြီ–မကြာခင် ရှင်ပုဏ္ဏလို ဖြစ်တော့မယ်၊ ဟောဒီလူတွေ၊ နန္ဒီသမုဒယာ–ဒုက္ခသမုဒယော၊ ဘယ်လောက်ကောင်းသလဲ ။

နန္ဒီသမုဒယာ– နန္ဒီရာဂဖြစ်တယ်ဆိုတဲ့အကြောင်းကြောင့်၊ ဒုက္ခသမုဒယော–ဒုက္ခတွေဖြစ်တော့မယ်။

နန္ဒီရာဂဖြစ်ရင် ဒုက္ခဖြစ်ပြီတဲ့။ နန္ဒီဆိုတာ နှစ်သက်တာ၊ ရာဂဆိုတာက စွဲမက်တာ။ နှစ်သက်ပြီးရင် စွဲသွားရော၊ နှစ်သက်ပြီးရင်စွဲတယ်။ အဲဒီ နှစ်သက်တယ် စွဲသွားတယ်ဆိုတာ ဟာ ဒုက္ခဖြစ်ဖို့စတာ၊ နှစ်သက်တာ စွဲမက်တာဟာ ဘာဖြစ်ဖို့လဲ–ဒုက္ခဖြစ်ဖို့။

ဘုန်းကြီးတို့ ပရိသတ်ကိုယ်တွေ့ပဲမဟုတ်လား။ အေးဟုတ်တယ်၊ သူတို့ကိုယ်တွေ့ပြောတာ။ နှစ်သက်လို့ စွဲမက်လို့ သူတို့တွေ ဒုက္ခဖြစ်နေကြတာ၊ နှစ်သက်ခဲ့တာတွေ စွဲမက်ခဲ့တာတွေ ကိုယ့်ဟာကိုယ်ပြန်ကြည့်ပေါ့။ ကိုယ်နှစ်သက်ခဲ့တာ ဘာလဲ–ကိုယ်စွဲခဲ့တာဘာလဲ၊ ဒုက္ခကို နှစ်သက်ခဲ့တာ၊ ဒုက္ခကို စွဲခဲ့တာ ဟုတ်လား။

## အာဒီနဝကို မမြင်ရင် နိဿရဏမဖြစ်

ဒကာကြီးတွေက ဒကာမကြီးတွေ နှစ်သက်တာ မဟုတ်ဘူးနော်၊ အဲဒါကို မပြောဘူး။ ဒကာမကြီးတွေကလဲ ဒကာကြီးတွေနှစ်သက်တာ စွဲမက်တာ၊ အဲဒါကိုမပြောဘူး၊ နှစ်သက်သလား–မနှစ်သက်သလား တော့

အဲဒါကိုတော့မသိဘူး၊ ဒုက္ခကို နှစ်သက်ပြီး ဒုက္ခကို ဖွဲ့တယ်ဆိုတာတော့ သေချာတယ်။

နန္ဒီသမုဒယာ၊ နှစ်သက်မိသည်၏ အဖြစ်ကြောင့်။

ဘုန်းကြီးတို့ ပရိသတ်များ

ဒုက္ခသမုဒယော၊ ဒုက္ခတွေဖြစ်ပြီ။

နန္ဒီရာဂဖြစ်ရင် ဒုက္ခဖြစ်ပြီ၊ ဘာကိုနှစ်သက်တာလဲလို့ဆိုတော့

စက္ခုဝိညေယျာ–ရူပါ–ဣဋ္ဌာ ကန္တာ–မနာပါ–ပိယရူပါ ကာမုပသံဟိတာ ရဇနီယာ။

အဲဒါနှစ်သက်တာ၊ နှစ်သက်တယ်ဆိုတာ ရူပါရုံကို နှစ်သက်တယ်၊ အဆင်းကိုနှစ်သက်တယ်၊ လှတယ်ဆိုတဲ့အဆင်းကို နှစ်သက်တယ်၊ မလှပေမယ့်လဲ ကိုယ့်ဟာကိုယ် လှအောင်ဖန်ဆင်းပြီးတော့ နှစ်သက်တယ်။

ဒါကြောင့် ဘုန်းကြီး ခုနကပြောခဲ့တယ် မဟုတ်လား၊ နန္ဒီရာဂနဲ့ ဖန်ဆင်းလို့ရှိရင် ခုနက တဲကုပ်ပျက်ထဲက လူကလဲ စကြာမင်းရော စကြာဒေဝီရော အိမ်ရှေ့ဥပရာဇာရော အကုန်ဖြစ်တယ်၊ နန္ဒီရာဂက ဖန်ဆင်းတာ။

အဲဒါဘာကို ဖန်ဆင်းသလဲဆိုရင် ဒုက္ခအစုအပုံ

ကြီးကို ဖန်ဆင်းတာ။ ဤ တဲအိုပျက်ထဲက ထွက်ကို မထွက်နိုင်ဘူး၊ အဿာဒကြောင့်၊ ဘာကြောင့်လဲ၊ အဿာဒကြောင့်။ အဿာဒကြောင့် အာဒီနဝကို သူမမြင်ဘူး အမဲရိုးကိုက်နေတာ အဲဒါ အဿာဒကြောင့် ဘာမမြင်သလဲ၊ အာဒီနဝမမြင်ဘူး၊ အာဒီနဝမမြင်ရင် နိဿရဏ မဖြစ်ပါ၊ ဖြစ်ရဲ့လား မဖြစ်ဘူး။

စက္ခုဝိညေယျာ- မျက်စိနှစ်လုံးနဲ့ မြင်အပ်ကုန်သော၊ ဣဋ္ဌာ-အလိုရှိအပ်ကုန်သော၊ ကန္တာ-နှစ်သက်အပ်ကုန်သော၊ မနာပါ-စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော၊ ပိယရူပါ-ချစ်အပ်တဲ့ သဘောရှိကုန်သော၊ ကာမူပသံဟိတာ-ကိလေသာ ကာမနဲ့ စပ်ယှက်၍ နေကြကုန်သော၊ ရဇနိယာ-တပ်မက်ဖွယ် ကောင်းလှစွာသော၊ ရူပါ-အဆင်းမျိုးစုံရူပါရုံတို့သည်၊ သန္တိ-ရှိကြလေကုန်၏။

ရူပါရုံနော်။

တံ-ထိုရူပါရုံကို၊ စေ အဘိနန္ဒတိ-အကယ်၍ နှစ်သက်နေသည် ဖြစ်ပါငြားအံ့၊ စေအဘိဝဒတိ၊ အကယ်၍များတဏှာဒိဋ္ဌိနဲ့ ယူစွဲမိသည် ဖြစ်ပါငြားအံ့၊ စေအဇ္ဈောသာယတိဋ္ဌတိ- အကယ်၍ သက်ဝင်မျိုသိပ်ပြီးတော့ထားခဲ့မိသည် ဖြစ်ပါငြားအံ့၊ တဿ-တံအဘိနန္ဒတော၊

ထိုရူပါရုံကို နှစ်သက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်အား၊ နန္ဒီ-နှစ်သက်ခြင်း စွဲမက်ခြင်းဆိုတဲ့ နန္ဒီရာဂသည်။ ဉပ္ပန္နတိ ဖြစ်လေတော့၏။

နန္ဒီသမုဒယာ-ဤတဲအိုပျက်က မခွာနိုင်လောက်အောင် နှစ်သက်နေတဲ့ နန္ဒီရာဂကြောင့်၊ ဒုက္ခသမုဒယော-ချစ်သားတို့လောကမှာ ဒုက္ခတွေ များနေပါတယ်လို့၊ အဟံ- ငါဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဝဒါမိ-ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## နှစ်သက်စွဲလမ်းမိလို့ ဒုက္ခဖြစ်ရတာ

နန္ဒီသမုဒယာ အပိုဒ်အရ တဏှာလောဘကို တရားကိုယ်ကောက်။

ဒုက္ခသမုဒယာအရ တည့်တည့်ပြောရရင် ခန္ဓာငါးပါးကိုကောက်။ ပရမတ္ထတရား တည့်တည့်ပြောတော့ နန္ဒီသမုဒယာမှာ တဏှာလောဘ။

ဒုက္ခသမုဒယောအရ ခန္ဓာငါးပါး၊ မြင်တိုင်းမြင်တိုင်း နှစ်သက်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခဖြစ်လိမ့်မယ် မှတ်ထားနော်၊ မြင်တိုင်း မြင်တိုင်း နှစ်သက်တဲ့ ပုဂ္ဂိုလ်

ဟာဘာဖြစ်၊ဒုက္ခဖြစ်တယ်။ နှစ်သက်တယ်လိုလားတယ် ဆိုတာ တရားကိုယ်အားဖြင့် နန္ဒီရာဂ တဏှာလောဘ၊ သူကတော့လှတယ်၊ အလိုရှိအပ်တယ် သာယာဖွယ် ရှိတယ်ဆိုပြီးတော့ သုခသဘောထင်လို့ နှစ်သက်တာပဲ၊ တကယ်တော့ သူရတာက ဒုက္ခကိုရတာ။

ဒီကနေ့ ဘုန်းကြီးတို့ပရိသတ် ကိုယ်နှစ်သက်လို့ ကိုယ်ဒုက္ခဖြစ်နေတာ၊ ကိုယ်လက်တွေ့ပဲနော်၊ နန္ဒီ သမုဒယာ ဒုက္ခသမုဒယောပါ၊ နန္ဒီရာဂကြောင့် ဒုက္ခ ဖြစ်တယ်။ မြန်မာလိုပြောရင် နှစ်သက်မိလို့ စွဲတယ်၊ စွဲတဲ့အတွက်ကြောင့် ဒုက္ခဖြစ်ရတာ။

တဏှာနဲ့ ခန္ဓာငါးပါးကို ဝဋ္ဋသစ္စာနှစ်ပါး မြတ်စွာ ဘုရားက ဟောတယ်။ ရူပါရုံနဲ့ ပတ်သက်လို့ ဒီလို ဟောရင် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ကျန်တဲ့အာရုံငါးပါးမှာကော ထိုနည်းလည်းကောင်း ထို နည်းလည်းကောင်းနဲ့သွား။

ကျန်တဲ့အာရုံငါးပါးမှာလဲပဲ ဟို – ရွှေမန်းတင်မောင် ပြောသလိုပေါ့၊ ကျန်လူတွေ ထိုနည်းလည်းကောင်း၊ ကျန်လူတွေ ထိုနည်းလည်းကောင်း ဆိုသလိုပေါ့။ သဒ္ဒါရုံကို နှစ်သက်မိရင် ဒုက္ခဖြစ်မယ်၊ ဂန္ဓာရုံကို

နှစ်သက်မိရင် ဒုက္ခဖြစ်မယ်၊ ရသာရုံကို နှစ်သက်မိရင် ဒုက္ခဖြစ်မယ်၊ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်မိရင် ဒုက္ခဖြစ်မယ်၊ ဓမ္မာရုံကို နှစ်သက်တဲ့လူတွေ ဒုက္ခဖြစ်မယ်၊ အာရုံ မြောက်ပါး နှစ်သက်တယ် စွဲမက်တယ်ဆိုတဲ့ နန္ဒီရာဂ ဖြစ်ရင် ဒုက္ခဖြစ်မယ်။ ဒါကြောင့်-

နန္ဒီသမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိဝဒါမိ။

ချစ်သားပုဏ္ဏ-

နန္ဒီရာဂကြောင့် ဒုက္ခဖြစ်တယ်လို့ ငါဘုရား ဟောပါတယ်။

## နန္ဒီရာဂ ချုပ်အောင်

ဝဋ္ဋသစ္စာနှစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် ဒီလို ဟောခဲ့ပြီးတဲ့အခါ ဝိဝဋ္ဋသစ္စာပိုင်းကျတော့-

သန္တိ စ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တံ စေ ဘိက္ခု နာဘိနန္ဒတိ နာဘိဝဒတိ၊ နာဇ္ဈော သာယတိဋ္ဌတိ။ တဿ တံအနဘိနန္ဒတော အနဘိဝ ဒတော အနဇ္ဈောသာယ တိဋ္ဌတော နန္ဒီ နိရုဇ္ဈတိ၊ နန္ဒီနိရောဓာ ဒုက္ခနိရောဓာ ပုဏ္ဏာတိဝဒါမိ။

ပုဏ္ဏာ- ချစ်သားပုဏ္ဏာ။

စက္ခုဝိညေယျာ- မျက်စိနှစ်လုံးဖြင့် မြင်အပ်ကုန်သော၊ ဣဋ္ဌာ- အလိုရှိအပ်ကုန်သော၊ ကန္တာ- နှစ်သက်အပ်ကုန်သော၊ မနာပါ- စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော၊ ပိယရူပါ- ချစ်အပ်တဲ့သဘောရှိကုန်သော၊ ကာမူပသံဟိတာ- ကိလေသာ ကာမနဲ့ ယှက်စပ်၍နေကြကုန်သော၊ ရဇနိယာ- တပ်မက်ဖွယ်ရာ ကောင်းလှစွာကုန်သော။

ရူပါ- ရူပါရုံတို့သည်လည်းကောင်း၊သဒ္ဒါ- သဒ္ဒါရုံတို့သည်လည်းကောင်း၊ ဂန္ဓာ- ဂန္ဓာရုံတို့သည်လည်းကောင်း၊ ရသာ- ရသာရုံတို့သည်လည်းကောင်း၊ ဖောဋ္ဌဗ္ဗာ- ဖောဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်း၊ ဓမ္မာ- ဓမ္မာရုံတို့သည် လည်းကောင်း၊ သန္တိ-ရှိကြလေကုန်တော့၏။

ပုဏ္ဏာ- ချစ်သားပုဏ္ဏာ။

တံ- ထိုရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ အာရုံတရားတွေကို၊ စေနာဘိနန္ဒတိ- အကယ်၍ မနှစ်သက်ဘူးဆိုရင်၊ စေအနဘိ

ဝဒတိ- အကယ်၍ တဏှာဒိဋ္ဌိနဲ့ မယှဉ်စွဲမိဘူးဆိုပါရင်၊ စေအနဇ္ဈောသာယတိဋ္ဌတိ- အကယ်၍ တဏှာနဲ့ မြိုသိပ်ပြီးတော့ မထားကြဘူးဆိုပါရင်၊ နန္ဒီ- နန္ဒီရာဂသည်၊ နိရုဇ္ဈတိ- ချုပ်လေတော့၏။

တံ- ထိုအာရုံခြောက်မျိုးကို၊ အနဘိနန္ဒတော- မနှစ်သက်သော၊ အနဘိဝဒတော- တဏှာဒိဋ္ဌိဖြင့် မယှဉ်စွဲမိသော၊ အနဇ္ဈောသာယာတိဋ္ဌတော- တဏှာနဲ့ မြိုသိပ်ပြီးမထားသော၊ တဿ- ထိုရူပါရုံ အစရှိတဲ့ အာရုံခြောက်ပါး မနှစ်သက်မစွဲမက်တဲ့ ပုဂ္ဂိုလ်အား၊ နန္ဒီ- နန္ဒီရာဂသည်၊ နိရုဇ္ဈတိ- ချုပ်ငြိမ်းလေတော့၏။ နန္ဒီနိရောဓာ- နန္ဒီရာဂ ချုပ်ငြိမ်းသည်၏ အဖြစ်ကြောင့်၊ ဒုက္ခနိရောဓောတိ- ဒုက္ခတွေ ချုပ်ငြိမ်းတယ်လို့၊ အဟံ- ငါဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဝဒါမိ- ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသည်။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## ရုပ်တရားကို ရုပ်တရားမှန်းသိအောင် ဘယ်လိုလုပ်မလဲ

မြင်တယ်ဆိုတဲ့နေရာမှာ ဘုန်းကြီးတို့ပရိသတ်များ

မျက်စိနှစ်လုံးနဲ့မြင် ဆိုတဲ့နေရာမှာ သတိ ပညာ မပါလို့ ရှိရင် လှတယ် မလှဘူး အဲဒီလို မြင်တယ်၊ သတိကပ်လိုက်တဲ့ အခါကျတော့ မျက်စိနဲ့မြင်တာဟာ လှ မလှ မဟုတ်တော့ဘူး၊ ရုပ်တရား။

သတိနဲ့ ဟောဒီအသိကပ်ပြီးတော့ ကြည့်လိုက်ရင် မျက်စိနဲ့မြင်တာ မှန်သမျှ၊ နားနဲ့ကြားတာ မှန်သမျှ လှမလှ၊ ကောင်း မကောင်း မဟုတ်တော့ဘူး။ ရုပ်တရား လို့သိသွားတယ်၊ သတိကပ်ကြည့်ရင် မြင်တဲ့အရာဝတ္ထု မှန်သမျှသည်၊ ဘာတရား၊ ရုပ်တရား။

အဲဒီအသိ သတိမှာ ပညာထပ်ထည့်လိုက်တော့-

ရူပံ အနိစ္စံ တဲ့။

ဒီရုပ်တွေဟာ အနိစ္စ၊

သတိကပ်လိုက်ရင် ရုပ်လို့သိတယ်၊ ပညာထပ် ထည့်လိုက်တဲ့ အခါကျတော့ ရုပ်သည် အနိစ္စလို့ သိသွားတယ်၊ ဟုတ်လား။

ရုပ်သည် အနိစ္စပဲလို့ သိလဲသွားရော နှစ်သက်ခြင်း စွဲမက်ခြင်းဆိုတဲ့တဏှာလောဘဝင်ရောက်ခွင့်ရဦးမလား။

နန္ဒိနိရောဓာ- နန္ဒီရာဂ ချုပ်ငြိမ်းသွားပြီ၊ နန္ဒီ ရာဂချုပ်ငြိမ်းသွားရင် အဲဒီပုဂ္ဂိုလ် ဒုက္ခဖြစ်ဦးမလား။

ရုပ်လို့လဲ သိလိုက်တယ်၊ ရုပ်တရား အနိစ္စလို့လဲ သိလိုက်တယ်၊ ဒီလူ ဒုက္ခဖြစ်ဦးမလား။

တဏှာလောဘ ချုပ်တဲ့အတွက်ကြောင့် ထိုပုဂ္ဂိုလ် ဒုက္ခလဲချုပ်တယ်၊ အသံတို့ အနံ့တို့ အရသာတို့ ကျန်တဲ့အာရုံတွေ ထိုနည်းလည်းကောင်း ထိုနည်းလည်း ကောင်း သပြေခက်လှန်လိုက်တာ၊ ဒီတော့-

နန္ဒီနိရောဓာ ဒုက္ခနိရောဓော

ဝိဝဋ္ဋသစ္စာပါဠိ ဘုန်းကြီးတို့ပရိသတ် ဆိုရလိမ့် ဦးမယ်။ ဆိုပါ-

"နန္ဒီနိရောဓာ ဒုက္ခနိရောဓော"

ဆိုပါ သုံးခေါက်-

နန္ဒီနိရောဓာ- နန္ဒီရာဂချုပ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခနိရောဓာ- ဒုက္ခတွေ ချုပ်ငြိမ်းတယ်။

ဝိဝဋ္ဋသစ္စာ၊ အဲဒါက နန္ဒီရာဂ ချုပ်အောင် သတိ ပညာနဲ့ လုပ်ရတယ်၊ သတိနဲ့အသိကပ် ရုပ်လို့နားလည် တယ်၊ ပညာထပ်ထည့်လိုက်တော့ ရုပ် အနိစ္စ လို့ နားလည်တယ်။

မျက်စိနဲ့ မြင်ရတာ လှတာ မလှတာ မဟုတ်ဘူး။

ရုပ်တရား အနိစ္စဖြစ်တော့မယ်၊ နားနဲ့ကြားသမျှ အသံရုပ်တရားအနိစ္စ၊ အဲဒီလို သတိနဲ့ အသိတွေ မြင်တိုင်းကြားတိုင်းမှာ ဝင်ရောက် ဝင်ရောက်သွားခဲ့ရင် သတိပညာတရားတွေက မဂ္ဂသစ္စာ ဖြစ်လိမ့်မယ်။ နန္ဒီရာဂငြိမ်းချုပ်သွားတာက နိရောဓသစ္စာ ဖြစ်ပါလိမ့်မယ်။

သစ္စာဘယ်နှစ်ပါး ရပြီလဲ၊

သတိပညာမဂ္ဂသစ္စာ၊ နန္ဒီရာဂချုပ်ငြိမ်းတာက နိရောဓသစ္စာ၊ ဝိဝဋ္ဋသစ္စာပိုင်းက နှစ်ပါး၊ ဝဋ္ဋသစ္စာပိုင်းက နှစ်ပါး၊ ပေါင်းလိုက်ရင် လေးပါး နေပါတယ်နော်။

ဝဋ္ဋသစ္စာပိုင်းမှာ–

နန္ဒီသမုဒယာ ဒုက္ခသမုဒယောလို့ ဆိုရတယ်။

ဝိဝဋ္ဋသစ္စာပိုင်းကျတော့ နန္ဒီနိရောဓာ ဒုက္ခနိရောဓော လို့ ဆိုရတယ်။

သစ္စာလေးပါး အပြည့်အစုံပါတဲ့တရား ဟောပြီးတဲ့အခါကျတော့မှ–

## သုနာပရန္တတိုင်းသွား၍ အားထုတ်လိုကြောင်း

ပုဏ္ဏ– ချစ်သားပုဏ္ဏ၊

ဓေဝံ– ဤသို့၊ မယာ– ငါဘုရားရှင်ကိုယ်တော်မြတ်

သည်၊ သံခိတ္တေန- အကျဉ်းချုပ်ဖြစ်သော၊ ဣမိနာ ဩဝါဒေန- ဤ အဆုံးအမ ဩဝါဒတရားဖြင့်၊ ဩဝဒိတော- ဆုံးမအပ်ပြီးသော၊ တွံ- သင်သည်၊ ကတရသ္မိံ ဇနပဒေ- အဘယ်ဇနပုဒ် အဘယ်အရပ်ဒေသ အဘယ်ဌာနၝ၊ ဝိဟရိဿသိ- ချစ်သားပုဏ္ဏ နေမလို့ ပါလဲ။

ငါဘုရားဟောအပ်တဲ့ အကျဉ်းချုပ်တရား နာကြား ပြီးရင် ချစ်သားပုဏ္ဏ ဘယ်အရပ်ဒေသ ဘယ်နေရာသွား ပြီးတော့ ချစ်သားအားထုတ်မလဲ။

ဣတိ- ဤသို့၊ ဘဂဝါ- ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်သည်၊ အာယသ္မန္တံ မဟာပုဏ္ဏံ- အရှင် မဟာပုဏ္ဏမထေရ်ကို၊ ဝေါ်ဝစန်- ဤစကားကို၊ အပုစ္ဆိ- သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

"သာဓု .... သာဓု .... သာဓုပါဘုရား"

ချစ်သား ငါဘုရားရဲ့တရား နာကြားပြီးတော့ ဘယ်အရပ်သွားအားထုတ်နေမလို့လဲ ဘုရားမြတ်စွာ မေးတဲ့အခါမှာ ရှင်ပုဏ္ဏ မထေရ်သူမြတ်က-

အတ္ထိ ဘန္တေ သုနာပရန္တော နာမ ဇနပဒေါ၊ တတ္ထာဟံ ဝိဟရိဿာမိ။

ဘန္တေ – ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

သုနာပရန္တေ ဇနပဒေ – သုနာပရန္တ တိုင်းအရပ်သည်၊ အတ္ထိ– ရှိပါပေတော့သည်ဘုရား။ တတ္ထ တသ္မိံ ဇနပဒေသေ– ထိုသုနာပရန္တခေါ်တဲ့တိုင်း၌၊ အဟံ– တပည့်တော်သည်၊ ဝိဟရိဿာမိ– ဝိပဿနာတရားပွားများကြိုးကုတ် အားထုတ်ပြီးတော့ နေမလို့ပါအရှင်ဘုရား။

"သာဓု ... သာဓု ... သာဓုပါဘုရား"

ရှင်ပုဏ္ဏ တရားနာပြီးတော့ ဘယ်အရပ် သွားမလို့ပါလိမ့်၊ သုနာပရန္တတိုင်းကို ကြွမယ်တဲ့။

ပါဠိတော်တချို့က 'သုန' ဆိုတဲ့ပုဒ် မပါဘူး။ အပရန္တတိုင်းလို့ တချို့ပါဠိမှာရှိတယ်။ အချို့ပါဠိကျတော့ သုနဆိုတဲ့ပုဒ် ပါလာတယ်။ သုနာပရန္တတိုင်းလို့ ဆိုတယ်။ အပရန္တတိုင်းပဲဆိုဆို၊ သုနာပရန္တတိုင်းပဲဆိုဆို ဤစကားနှစ်ခုဟာ ဤတိုင်းတစ်ခုတည်းကို နာမည်နှစ်မျိုး ပြောနေတာ၊ အတူတူပဲ။

ဓမ္မပဒတို့ အင်္ဂုတ္တိုရ်တို့ကျတော့ အပရန္တတိုင်းလို့သုံးတယ်။ ဟောဒီ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော်ကျတော့ သုနာပရန္တတိုင်းလို့ သုံးပါတယ်။

ကမ္ဘာ့မြေပုံ ချကြည့်ရင်လဲပဲ ဟုတ်လား၊ ဗုဒ္ဓသာသနိက ပထဝီဝင်မြေပုံတွေချပြီးတော့ ကြည့်မယ်ဆိုရင်လဲပဲ တချို့ကျမ်းက အပရန္တတိုင်း ဒီလောက်ပဲရေးတယ်။ တချို့ကျမ်းက သုနာပရန္တတိုင်းလို့ ဒီလိုရေးတယ်၊ အတူတူပဲလို့မှတ်ပါ၊ တခြားစီမဟုတ်ဘူး။

## ရဲရဲရင့်ရင့် လျှောက်ထားခြင်း

ယခု ရှင်ပုဏ္ဏမထေရ် လျှောက်နေတာကတော့-

အတ္ထိ ဘန္တေ သုနာပရန္တော နာမ ဇနပဒေါ၊ တတ္ထာဟံ ဝိဟရိဿာမိ။

သုနာပရန္တတိုင်းမှာ တပည့်တော်အားထုတ်ပြီးတော့ နေမလို့ပါဘုရား။ သာဝတ္ထိကနေ သုနာပရန္တတိုင်း သွားအားထုတ်မယ် ဆိုကတည်းကိုက ရဲရင့်တဲ့ 'သီဟနာဒ' စကားကို လျှောက်ထားတာတဲ့။ သာဝတ္ထိကနေ သုနာပရန္တတိုင်းဆိုတာ အလွန်ခရီးကွာဝေးတဲ့ အရပ် သွားအားထုတ်ရမယ်။ ဒါလောက် ဝေးကွာတဲ့ သုနာပရန္တတိုင်းစွန်ပြည်ဖျား အရပ်ကိုသွားမယ်ဆိုတာဟာ ရဲရင့်တဲ့ စကားကို ဆိုခြင်းမို့လို့ 'သီဟနာဒ' ခေါ်တယ်။

တို့ ဟောဒီလယ်ကိုင်း ကျောင်းတော်ရာတစ်ပတ်

လည်က ဒကာ ဒကာမတွေ၊ ဆိုကြပါစို့၊ ဒကာကြီး တွေ ရှင်ပုဏ္ဏမထေရ် ကြည်ညိုလွန်းလို့ ပုဏ္ဏလို တရားအားထုတ်တော့မယ်ဆိုရင် ခေါင်းရိတ်ပြီးတော့ သင်္ကန်း ပတ်လဲပြီးရော။ ကမ္မဋ္ဌာန်းတရား ဆရာတော် တစ်ပါးပါးထံတောင်း၊ တပည့်တော်အားထုတ်မလို့ပါ ဘုရား။

ဒကာကြီး ဘယ်သွားအားထုတ်မလဲလို့မေးရင် တို့ ဒကာကြီးတွေက ဘယ်လိုပြောမလဲ၊ အိမ်ပြန်ပြီးတော့ အားထုတ်မလို့၊ ဟုတ်လား၊ ရှင်ပုဏ္ဏက သုနာပရန္တ တိုင်းသွားမလို့၊ မကွာဘူးလား၊ ကွာချင်တိုင်းကို ကွာနေ တော့တာပဲ၊ စပ်လို့ကို မရဘူး။

သုနာပရန္တတိုင်းကိုရှင်ပုဏ္ဏ သွားမယ်ဆိုတဲ့စကား လိုပဲ ဒီကနေ့ တို့ လယ်ကိုင်းကျောင်းတော်ရာ တစ်ပတ် လည်က ဒကာ ဒကာမတွေက တရားအားထုတ်မယ်၊ ဟို မြန်မာပြည်ရဲ့ မြောက်ပိုင်းအစွန်အဖျားကျတဲ့ နယ်စပ် ဒေသ တောင်တန်းကြီးတွေရဲ့ အကြားမှာသွားပြီးတော့ အားထုတ်မယ်၊ အဲဒီလိုမျိုးပြောရင် ဒီစကားဟာ ရဲရင့် တဲ့စကား၊ 'သီဟနာဒ' စကားလို့ မဆိုနိုင်ဘူးလား၊ ဆိုနိုင်တယ်။

အဲဒါ နံ့ပါတ်တစ်၊ သီဟနာဒကို ဆိုခြင်းဟာ ခြသေ့်ဟောက်သလို ရဲရင့်တဲ့စကားကိုပြောတာ၊ သုနာပရန္တတိုင်း သွားမယ်ဆိုတာကိုက ရဲရင့်တဲ့စကားကို ပြောနေပြီ။ သုနာပရန္တတိုင်းဟာ ဘယ်လိုတိုင်းလဲဆိုတာ လာလိမ့်မယ်။

## သုနာပရန္တတိုင်းသားတို့ရဲ့ အပြုအမူ

စဏ္ဍာ ခေါ ပုဏ္ဏ သုနာပရန္တကာ မနုဿာ။

ဖရုသာ ခေါ ပုဏ္ဏ သုနာပရန္တကာ မနုဿာ။

ပုဏ္ဏ- ချစ်သားပုဏ္ဏ။

သုနာပရန္တကာ- သုနာပရန္တတိုင်း၌ နေကြကုန်သော၊ မနုဿာ- လူတို့သည်၊ စဏ္ဍာ- ကြမ်းတမ်းကြလေကုန်၏။ ဖရုသာ- ရုန့်ရင်းကြလေကုန်၏။ သုနာပရန္တတိုင်းက လူတွေက လူကြမ်းတွေဆိုပါလား။ သုနာပရန္တတိုင်းက လူတွေက စဏ္ဍာ- ကြမ်းတမ်းတယ်တဲ့၊ ဖရုသာ- တယ်ပြီးတော့ ရုန့်ရင်းတယ်တဲ့။ ပါဠိတော်အတိုင်း ပြောနေတာနော်၊ ဘုန်းကြီး ဒီအထဲ အပိုမပြောသေးဘူး။

အဲဒီလို ကြမ်းတမ်းတဲ့အရပ်ကို သွားမယ်ဆိုတာ

ဟာ သီဟနာဒတစ်ပါး၊ ရဲရင့်တဲ့စကားကိုပြောတာ။ ဘယ့်နှယ်တုန်း ဟောဒီကျောင်းတော်ရာ တစ်ပတ်လည်က လူတွေ ဤစဏ္ဍာဖရုသာဆိုတာနဲ့ ဘယ့်နှယ်တုန်း။

သုနာပရန္တကာ– သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေဟာ၊ စဏ္ဍာ– ကြမ်းတမ်းကြလေကုန်၏။ ဖရုသာ– ရုန့်ရင်းကြလေကုန်၏။

ဘယ်တုန်း၊ ဘာရုန့်ရင်းတာလဲ၊ ရှင်းလင်းကြည့်လိုက်၊ လွယ်လွယ်လေးပဲ၊ ဘုရားသာသနာမရောက်ခင်တုန်းက ဘုရားသာသနာကလဲ ရှင်ပုဏ္ဏဆီကို မရောက်မချင်း သာသနာမရောက်သေးဘူး။ ဟုတ်လား။

ရှင်ပုဏ္ဏမထေရ်သူမြတ် ဤအရပ်မရောက်မချင်း ဤအရပ်ကို သာသနာရောက်ပြီလား၊ မရောက်သေးဘူး၊ ဘုရားအဆုံးအမ မရသေးတဲ့အတွက်ကြောင့် ဒီလူတွေ စဏ္ဍာ– ကြမ်းတမ်းနေတာ၊ ဖရုသ– ရုန့်ရင်းနေတာ။

ချစ်သားပုဏ္ဏ၊ မင်းဒီအရပ်ကို သွားမယ်ဆိုတာ သီဟနာဒ ရဲရင့်တဲ့စကားကို ပြောခြင်း။

စဏ္ဍာ ခေါ် ပုဏ္ဏ သုနာပရန္တကာ မနုဿာ၊ ဖရုသာ ခေါ် ပုဏ္ဏ သုနာပရန္တကာ မနုဿာ။ သစေ တံ ပုဏ္ဏ သုနာပရန္တကာ မနုဿာ အက္ကောသိဿန္တိ

မရိဘာသိဿန္တိ။ တတ္ထ တေ ပုဏ္ဏ ကိန္တိ ဘဝိဿတိ။

ပုဏ္ဏ- ချစ်သားပုဏ္ဏ။

သစေ- အကယ်၍များ၊ သုနာပရန္တကာမနုဿာ- သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တို့သည်၊ တံ- ချစ်သား ပုဏ္ဏကို၊ အက္ကောသိဿန္တိ- ဆဲရေးကြကုန်သည် ဖြစ်ပါငြားအံ့။ ပရိဘာသိဿန္တိ- ခြိမ်းခြောက်ကြကုန် သည်ဖြစ်ပါငြားအံ့။

သုနာပရန္တတိုင်းကပုဂ္ဂိုလ်တွေက ကြမ်းကြမ်းတမ်း တမ်း၊ ချစ်သားပုဏ္ဏ ရောက်သွားလို့ရှိရင်လေ ဘုန်းကြီး မမြင်ဖူးတော့ ဆဲတတ်သတဲ့။ အက္ကောသိဿန္တိ- ဆဲကြ လိမ့်မယ်။ ဘုန်းကြီးမြင်မှ မမြင်ဖူးဘဲ။

## မမြင်ဖူးတော့ ဘီလူးထင်

ဘုန်းကြီးတို့ မြန်မာပြည် သာသနာဝင်မှာ ဖတ် ကြည့်တော့ ခုနက သထုံဆိုတဲ့အရပ်မှာ သောဏ၊ ဥတ္တရတို့ လာတယ်မဟုတ်လား။ ရဟန္တာသုံ့မြတ် သောဏ၊ ဥတ္တရတို့ သာသနာပြုကြွတယ်နော်။ အဲဒီ သထုံ သုဝဏ္ဏတို့ကို သောဏ၊ ဥတ္တရတို့ကြွ၊ ပင်လယ် ထဲကနေ သဘော်နဲ့။

ကမ်းပေါ်လဲတက်ရော ကုန်းပေါ်ကလူတွေက သောကာ၊ ဥတ္တရမထေရ်ကြီးတွေ ကြွလာတာကို ဘုန်းကြီးတွေလို့ မသိဘူး၊ ဘီလူးတွေထင်ပြီးတော့ အဲဒီမှာ တချို့က ခဲနဲ့ပစ်တယ်ဆိုပဲ။ ဘယ့်နှယ်တုန်း သုဝဏ္ဏဘုံ အရပ်၊ ပထမ ဘီလူးတွေ လွှမ်းမိုးနေတော့ ဘုန်းကြီးတွေ ကြွလာတာ ဘီလူးတွေက ဘုန်းကြီးယောင်ဆောင်လာတာထင်၊ ခဲနဲ့ပစ်တာတဲ့။ ဒါကြောင့်မို့လို့–

ပုဏ္ဏ– ချစ်သားပုဏ္ဏ။

သုနာပရန္တာ–သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တို့သည်၊ သစေအက္ကောသိဿန္တိ– သင်ချစ်သားကို အကယ်၍များ ဝိုင်းဆဲကြမယ်ဆိုရင်။ သစေပရိဘာသိဿန္တိ– အကယ်၍ များ ခြိမ်းခြောက်ကြမယ်ဆိုရင်–

ဘုရား တရား သံဃာ ဘာမှမသိသေးတဲ့အချိန် ပစ္စန္တရဋ္ဌတိုင်းပြည်ရဲ့ အစွန်းကိုဗျ၊ ခြိမ်းခြောက်မယ်၊ ဆဲရေးမယ်ဆိုရင်–

တတ္ထ တေ ပုဏ္ဏ ကိန္တိ ဘဝိဿတိ။

တတ္ထ– ထိုခြိမ်းခြောက်ကြရာ ဆဲရေးကြရာ၌၊ တွံ– သင်သည်၊ ကိန္တိ– အဘယ်သို့လျှင်၊ တေ– သင့်အား၊ ကိန္တိ– အဘယ်သို့လျှင်၊ ဘဝိဿတိ–

ဖြစ်အံ့နည်း။ တွံ- သင်သည်၊ ကိန္တိ- အဘယ်သို့လျှင်၊ ကရိဿသိ- ပြုအံ့နည်း။

ခြိမ်းခြောက်တဲ့ နေရာမှာ ဆဲရေးတဲ့ နေရာမှာ ချစ်သား ပုဏ္ဏ ဘယ်လိုလုပ်မလဲ။ ချစ်သားရဲ့ စိတ်ထဲမှာ ဘယ်လိုများ ဖြစ်သွားပါလိမ့်မလဲ။ သုနာပရန္တတိုင်း ရောက်လျှင်မင်းကို ဝိုင်းဆဲကြမယ်၊ ခြိမ်းခြောက်ကြမယ် ဆိုရင် ချစ်သား ဘယ်လိုလုပ်မလဲ။

## ဆဲရုံဆဲတာ ခဲနဲ့မပစ်သေးဘူး

ဒီတော့ ရှင်ပုဏ္ဏမထေရ်သူမြတ်က-

သစေ မံ ဘန္တေ သုနာပရန္တကာ မနုဿာ

အက္ကောသိ ဿန္တိ ပရိဘာသိဿန္တိ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

အကယ်၍များ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေဟာ တပည့်တော်ကို ဆဲရေးကြမယ်၊ ခြိမ်းခြောက်ကြမယ် ဆိုလို့ရှိရင်-

တတ္ထ မေ ဧဝံ ဘဝိဿတိ။

ထိုကဲ့သို့ ခြိမ်းခြောက်တဲ့နေရာမှာ ဆဲရေးတဲ့ နေရာမှာ တပည့်တော်စိတ်ထဲ ဒီလိုသဘောထားပါမယ်

ဘုရား။

ဘဒ္ဒကာ ဝတိမေ သုနာပရန္တကာ မနုဿာ

သုဘဒ္ဒကာ ဝတိမေ သုနာပရန္တကာ မနုဿာ၊ နထိမေ ပါဏိနာ ပဟာရံ ဒေန္တိ။

ဘန္တေ – အရှင်ဘုရား

သုနာပရန္တကာ– သုနာပရန္တ တိုင်းသူတိုင်းသား သုနာပရန္တတိုင်း၌ နေကြတဲ့ပုဂ္ဂိုလ်တို့သည်၊ ယံယသ္မာ ကာရဏာ– အကြင်အကြောင်းကြောင့်၊ မေ– တပည့်တော်အား၊ ပါဏိနာ– လက်ဝါးဖြင့်၊ ပဟာရံ– ပုတ်ခတ် ခြင်းကို၊ နဒေန္တိ နကရောန္တိ– မပြုလုပ်ကြပါကုန်သေးဘုရား။

တသ္မာ– ထို့ကြောင့်၊ သုနာပရန္တာ– သုနာပရန္တတိုင်း၌ နေကြကုန်သော၊ ဣမေမနုဿာ– ဤလူတို့သည်၊ ဘဒ္ဒကာဝတ– တော်ကြပါပေကုန်သည်ဘုရား၊ သုဘဒ္ဒကာဝက– အလွန့်အလွန် လိမ္မာကြပါကုန်သည်ဘုရား။

ဧဝမေတ္ထ ဘဂဝါ ဘဝိဿတိ။

ဧဝမေတ္ထ သုဂတ ဘဝိဿတိ။

ဘုန်းတော်ကြီး၍ ကောင်းသောစကားကို ဆိုတော်

မှုတတ်သော မြတ်စွာဘုရား။

အကယ်၍ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေက တပည့်တော်ကို ဆဲရေးကြမယ် ခြိမ်းခြောက်ကြမယ် ဆိုရင် သုနာပရန္တတိုင်းသားတွေ တော်ကြပါတယ်၊ လိမ္မာကြပါတယ်၊ လက်နဲ့မှ မပုတ်ခတ်ကြသေးဘဲ၊ ဆဲရုံသာ ဆဲတယ်လို့ တပည့်တော် သဘောထားပြီးတော့ သည်းခံပါ့မယ် မြတ်စွာဘုရား။

ဣတိ– ဤသို့၊ အာယသ္မာပုဏ္ဏော– အရှင်ပုဏ္ဏ မထေရ်သည်၊ ဘဂဝန္တံ – မြတ်စွာဘုရားသခင်ကို၊ ဧတံ ဝစနံ– ဤစကားကို၊ အဝေါစ– ရှေနားတော်ကြား အောင် လျှောက်ထားရှာလေတော့သတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

ချစ်သားပုဏ္ဏကို ဆဲကြမယ်၊ ခြိမ်းခြောက်ကြမယ် ဆိုရင် ဘယ်လိုသဘောထားမလဲ။ မှန်လှပါဘုရား သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေဟာ တပည့်တော်ကို နှုတ်နဲ့ဆဲရုံသာ ဆဲပါသေးတယ်၊ လက်နဲ့မှ ဝိုင်းမပုတ်ခတ် ကြသေးဘဲ၊ အလွန် တော်ကြပါပေတယ် ဘုရားလို့ တပည့်တော်ရဲ့စိတ်ကို သည်းခံပြီးတော့ ခွင့်လွှတ်ပါ့မယ် ဘုရား။

သာသနာပြုမယ့် ရှင်ပုဏ္ဏရဲ့စိတ်ဓာတ် နည်းယူစရာကောင်းတယ်နော်။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က တစ်ဆင့်တက် ပါဠိတွေအသာထား။

## လက်နဲ့ပုတ်ခတ်ရုံသာ ခဲနဲ့မပစ်သေးဘူး

ချစ်သားပုဏ္ဏ၊ တကယ်လို့များ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေက သင်ချစ်သားကို လက်ဝါးဖြင့် ကိုယ်ထိလက်ရောက် ပုတ်ခတ်ကြမယ်ဆိုရင် ဘယ်လိုသဘောထားမလဲ၊

မှန်လှပါဘုရား ...။ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေတော်ကြပါတယ်၊ လိမ္မာရေးခြား ရှိလှပါတယ်၊ ဆင်ခြင်တုံတရား ရှိကြပါပေတယ်၊ အလွန့်အလွန် စိတ်နှလုံးကောင်းကြပါပေတယ်။ ဘာကြောင့်လဲဆိုရင် တပည့်တော်ကိုလက်နဲ့သာ ပုတ်ခတ်ကြသေးတာ၊ ခဲနဲ့မှ ပစ်မထုတ်ကြသေးဘဲနဲ့၊ ဒီတော့ သုနာပရန္တတိုင်းသားတွေဟာ လိမ္မာရေးခြား စိတ်နှလုံးကောင်း ရှိကြပါပေတယ် အရှင်ဘုရား။ ဤကဲ့သို့ တပည့်တော်စိတ်ကို ချုပ်တည်းပြီး သည်းခံမှုနဲ့ ခွင့်လွှတ်ကျေနပ်ပါမယ်ဘုရား။

## ခဲနဲ့ပစ်ရုံသာပစ်တာ တုတ်နဲ့မရိုက်သေးဘူး

ချစ်သားပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေ ချစ်သားကို ခဲနဲ့ဝိုင်းပစ်ကြမယ်ဆိုရင် ချစ်သားပုဏ္ဏ ဘယ်လိုသဘောထားမလဲ၊

မှန်လှပါ၊ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေ တပည့်တော်ကို ခဲနဲ့ဝိုင်းပြီးတော့ ပစ်ကြမယ် ပေါက်ကြမယ်ဆိုရင် သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေ တော်ကြပါတယ်၊ လိမ္မာကြပါတယ်၊ အလွန့်အလွန် စိတ်နှလုံးကောင်းကြပါတယ်။ ဘာကြောင့်လဲ ခဲနဲ့ပစ်ရုံသာ ပစ်သေးတယ်၊ တပည့်တော်ကို တုတ်နဲ့မှ မရိုက်သေးဘဲ အလွန်တရာ တော်ကြပါတယ်ဘုရား၊ ဤကဲ့သို့ တပည့်တော်ရဲ့စိတ်ကို ချုပ်တည်းသည်းခံပြီးတော့ သူတို့ကို ခွင့်လွှတ်ပါ့မယ်။

ချစ်သားပုဏ္ဏ ...၊ အကယ်၍ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေ ချစ်သားကို တုတ်နဲ့ဝိုင်းပြီးတော့ ရိုက်ကြမယ်ဆိုလို့ရှိရင် ချစ်သားပုဏ္ဏစိတ်ထဲ ဘယ်လိုများသဘောထားမလဲ။

မှန်လှပါဘုရား ..၊ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေက တပည့်တော်ကို တုတ်နဲ့ရိုက်ရုံသာ ရိုက်ကြသေး

တာ၊ ဓားလက်နက်နဲ့မှ ဝိုင်းပြီးတော့ မထိုးကြသေးဘဲ၊ တော်ကြပါတယ်၊ လိမ္မာကြပါပေတယ်လို့ တပည့်တော် သဘောထားပါ့မယ် မြတ်စွာဘုရား။ တုတ်နဲ့ရိုက်ရုံသာ ရိုက်သေးတယ်၊ ဓားနဲ့ထိုးမှ မထိုးကြသေးဘဲ၊ အလွန်တော်ကြပါပေတယ်လို့ တပည့်တော် သဘောထားသည်းခံခွင့်လွှတ်ပါ့မယ်ဘုရား။

ချစ်သားပုဏ္ဏ ...၊ အကယ်၍ ဓားနဲ့ဝိုင်းထိုးကြမယ်၊ ခုတ်ကြမယ်ဆိုရင် ချစ်သားပုဏ္ဏ ဘယ်လိုသဘောထားမလဲ။

မှန်လှပါ၊ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေ တော်ကြပါတယ်၊ လိမ္မာကြပါတယ်၊ စိတ်နှလုံး ကောင်းကြပါတယ်၊ တပည့်တော်ကို ဓားနဲ့ထိုးရုံသာ ထိုးပါတယ်၊ ထက်သောဓားနဲ့ အသေမှ မသတ်ကြသေးဘဲနဲ့၊ အလွန်တရာ တော်ကြပါပေတယ် မြတ်စွာဘုရားရယ်လို့ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေကို သည်းခံခြင်း ခွင့်လွှတ်ခြင်းဖြင့် တပည့်တော် သည်းခံပါ့မယ်။

ချစ်သားပုဏ္ဏ၊ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေက ချစ်သားကို ဓားနဲ့ဝိုင်းခုတ်ကြမယ်ဆိုရင် ချစ်သားဘယ်လိုသဘောထားမလဲ။

မှန်လှပါဘုရား၊ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေက တပည့်တော်ကို ဓားနဲ့ခုတ်တာ သေအောင်မှ မခုတ်သေးဘဲ၊ တော်ကြပါပေတယ်၊ လိမ္မာကြပါပေတယ်လို့ သည်းခံခွင့်လွှတ်နေပါမယ် ဘုရား။

## သေအောင်သတ်မယ်ဆိုရင်ကော

အကယ်၍ သေအောင်သတ်လိုက်ရင် ချစ်သားပုဏ္ဏ ဘယ်လိုသဘောထားမလဲ။

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

တတ္ထ မေ ဧဝံ ဘဝိဿတိ။

တတ္ထ-ထိုကဲ့သို့ တပည့်တော်ကိုဝိုင်းပြီးတော့ အသေသတ်ကြတယ်ဆိုတဲ့နေရာမှာလဲပဲ၊ မေ- တပည့်တော်ရဲ့၊ စိတ္တံ-စိတ်သည်၊ ဧဝံ- ဤသို့၊ ဘဝိဿတိ- ဖြစ်ပါလိမ့်မယ်ဘုရား။

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

ဘဂဝတော- ဘုရားရှင် ကိုယ်တော်မြတ်ရဲ့၊ သာသနေ- သဒ္ဓမ္မ သုံးဖြာ သာသနာတော်ထဲမှာ၊

ကာယေစ- ခန္ဓာကိုယ်၌လည်းကောင်း၊ ဇီဝိတေစ- အသက်၌လည်းကောင်း၊ ဧကေစ္စေ- အချို့ကုန်သော၊ သာဝကာ- တပည့်သားတို့သည်၊ အင်္ဂယမာနာ- ငြီးငွေ့ကြကုန်သည်ဖြစ်၍၊ ဟရာယမာနာ- ရှုံ့ရှာကြကုန်သည်ဖြစ်၍၊ ဇိဂုစ္ဆမာနာ-စက်ဆုတ်ရွံရှာကြကုန်သည်ဖြစ်၍၊ သတ္ထဟာရကံ- အသက်ကိုသတ်နိုင်တဲ့ အသက်ကို ဆောင်နိုင်တဲ့ ဓားလက်နက်ကို၊ ပရိယေသန္တိ- ရှာမှီးကြပါကုန်သည် မြတ်စွာဘုရား။

မြတ်စွာဘုရားသာသနာမှာ တချို့တချို့ ပုဂ္ဂိုလ်တွေဟာ တရားအားထုတ်ရင်း အားထုတ်ရင်းနဲ့ အသက်နဲ့ခန္ဓာကိုယ် ငြီးငွေ့ရွံမုန်းပြီးတော့ ဓားတွေ လက်နက်တွေကိုင်၊ ကိုယ့်အသက် အဆုံးစီရင်ကြပါတယ်ဘုရား။

ဘုန်းကြီးတို့ ပရိသတ်များ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် အသုဘကမ္မဋ္ဌာန်း ဟောလိုက်တဲ့အခါ ရဟန်းအပါး (၅၀၀) အသုဘကမ္မဋ္ဌာန်းတရား နာကြားပြီးတော့သွား။

ထို အသုဘကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် ပွားများအားထုတ်ကြတဲ့ ရဟန်းအပါး (၅၀၀) တို့သည် အသက်ထင်ရှားရှိစဉ်မှာပင်လျှင် မိမိတို့ရဲ့ ဟောဒီခန္ဓာကိုယ်ကြီး

ကို သုဿန်တစ သချိုင်းဝက အသုဘအကောင်ကြီးကဲ့သို့ ရှုံရှာမုန်းတီး စက်ဆုပ်တဲ့စိတ်တွေ ပြင်းထန်စွာဖြစ်ပြီး တော့လာလိုက်တာ သံဝေဂဉာဏ် နိဗ္ဗိန္ဒဉာဏ် မဟုတ် ဘဲနဲ့ဒေါမနဿ ဖြစ်ကုန်ကြတယ်။ မိမိခန္ဓာကိုယ် သိပ်ရှုံ ရှာမုန်းတီးပြီးတော့ ဒေါမနဿ ဖြစ်သွားကြသတဲ့။ မှတ်ထားနော်။

နိဗ္ဗိန္ဒဉာဏ်သည် ဒေါမနဿနဲ့ ရောတတ်တယ်။ အိမ်နေရတာ ငြီးငွေ့ပါပြီကွာ၊ သားနဲ့သမီးနဲ့နေရတာ ငြီးငွေ့ပါပြီ ပြောကြတယ်။ ငြီးငွေ့တာ မဟုတ်ဘူး၊ စိတ်ညစ်တာ၊ အဲဒါ နိဗ္ဗိန္ဒနဲ့ဒေါမနဿနဲ့ ရောရောပြီးတော့ ပြောမိတတ်တယ်။

## သုနာပရန္တတိုင်းသားတွေကိုတောင် ကျေးဇူးတင်ရဦးမယ်တဲ့

ဟောဒီ ကိုယ်တော်အပါး (၅၀၀) အသုဘကမ္မဋ္ဌာန်း အားထုတ်တယ်၊ အသက်ထင်ရှားရှိစဉ် တစ်ကိုယ်လုံး အသုဘထင်တယ်၊ သံဝေဂဉာဏ်၊ နိဗ္ဗိန္ဒဉာဏ် မဟုတ်ဘဲ နဲ့ ဒေါမနဿဖြစ်ပြီးတော့ ဒါလောက်ရှုံစရာကောင်း တဲ့ ကိုယ်ကြီးနဲ့နေရတာ စိတ်ညစ်ဖို့ ကောင်းတယ်၊

သေကြစို့ဆိုပြီးတော့ အသုဘကမ္မဋ္ဌာန်း အားထုတ်တဲ့ ကိုယ်တော်တွေ အဲဒါလည်ပင်း ဓားနဲ့လှီးပြီးတော့ သေလိုက်ကြတာ မနည်းဘူး။ အသုဘ ကမ္မဋ္ဌာန်း အားထုတ်ရင်းနဲ့ ကိုယ့်ကိုယ်ကို ရွံမုန်းပြီးတော့ ဓားနဲ့ လှီးပြီးတော့ သေသွားကြတာ အများကြီး။

ဝက္ကလိမထေရ်တို့လဲပဲ ဓားနဲ့လှီးဖူးတယ်။ ဂေါဓိက မထေရ်လဲ ဓားနဲ့လှီးဖူးတယ်။ ဆန္နမထေရ်လဲ လည်ပင်း ဓားနဲ့လှီးဖူးတယ်။

တရားအားထုတ်ရင်းနဲ့ နိဗ္ဗိန္ဒလိုလိုနဲ့ ဒေါမနဿ ဖြစ်ပြီးတော့ လှီးကြတာ။

ရှင်ပုဏ္ဏက မြတ်စွာဘုရားကို လျှောက်တယ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဘုရား သာသနာမှာ တရားအားထုတ်ရင်းနဲ့ ငြီးငွေ့ပြီးတော့ တချို့ ကိုယ်တော်တွေ ကိုယ့်လည်ပင်းကို ဓားနဲ့လှီးကြ သေးတာပဲ ဘုရား။ ဟောဒီ သုနာပရန္တတိုင်းက ပုဂ္ဂိုလ်တွေက တပည့်တော်ကို ဓားနဲ့ခုတ်၍ အသေသတ် မယ်ဆိုရင် ဒါလောက်ရွံရှာမုန်းတီး စက်ဆုပ်စရာကောင်း တဲ့ခန္ဓာကိုယ်ကြီးကို လှီးဖြတ်ဖို့ရန်အတွက် ဓား မရှာရ ဘဲနဲ့ သုနာပရန္တတိုင်းသားတွေထံကနေ ဒီအခွင့်အရေး

အလိုလိုရတာ ကျေးဇူးတောင် တင်ရဦးမယ်တဲ့။ တပည့်တော် ခွင့်လွှတ်ပါတယ်၊ သည်းခံပါတယ်တဲ့။

ရှင်ပုဏ္ဏရဲ့စိတ်ဓာတ်နော်၊ တို့ ဟောဒီ လယ်ကိုင်းကျောင်းတော်ရာ ပွင့်ဖြူဆိုတဲ့ တစ်ပတ်လည်က ဒကာဒကာမတွေ ရှင်ပုဏ္ဏရဲ့ တပည့် ဒကာဒကာမတွေ မဟုတ်ပါလား၊

ရှင်ပုဏ္ဏရဲ့ တပည့် ဒကာ ဒကာမတွေဆိုတော့ ရှင်ပုဏ္ဏမထေရ်လို သဘောထားကြ။ ဝိုင်းဆဲမယ် ဆိုလို့ ရှိရင် ခဲနဲ့မှ မပစ်သေးဘဲ တော်ပါသေးတယ်၊ ခဲနဲ့ပစ်ရင် တုတ်နဲ့မှမရိုက်သေးဘဲပဲ၊ တုတ်နဲ့ရိုက်ရင် လက်သီးနဲ့မှ ထိုးမှမထိုးသေးဘဲပဲ၊ လက်သီးနဲ့ ထိုးပြန်တော့ ဓားနဲ့မှ မခုတ်သေးဘဲပဲ၊ ဓားနဲ့ခုတ်ပြန်တော့ အသေမှ မသတ်သေးဘဲပဲ၊ အသေသတ်လိုက်တော့လဲ အို .... ဒါလောက် ရွံမုန်းစရာ ကောင်းတဲ့ခန္ဓာ ဓားနဲ့ထိုးသေခွင့်ရလိုက်တာပဲ ကောင်းတယ်။

ဘုန်းကြီးတို့ ပရိသတ် ဘယ့်နှယ်တုန်း၊ အဲဒီလို သဘောထားနိုင်ပါ့မလား၊ မလာတော့ဘူး၊ စကားပြန်ကို မလာတော့ဘူး။ သာသနာ မရောက်သေးခင်ကလဲ ဘယ်လိုလဲ၊ ကြမ်းတမ်းလိုက်ကြတာ၊ ရှင်ပုဏ္ဏရဲ့ သာသနာ

ပြုချက်အရ ယဉ်ကျေးပြီဆိုတော့လဲ ခံနိုင်ရည်ရှိလိုက်ကြတာ၊ တရားနာတာတောင်မှ ဘယ်လောက်ပင်ချမ်းချမ်း မိုးလင်းအောင် နာမလို့တဲ့။ ကိုယ်က မဟောနိုင်ဘူး။ သူတို့ကနာမလို့ ဆိုတော့ ခက်နေတယ်။

## ရှင်ပုဏ္ဏကို သုနာပရန္တတိုင်းကြွရန် ခွင့်ပြုပြီ

အဲဒါကြောင့်မို့လို့ ကိုယ်က ဟောဒီမှာ သပြေခက်လှန်နေရတာ၊ ခု ဘယ်နှစ်ခက်လောက် လှန်ပြီးသွားပြီ သိရဲ့လား။ ရှင်ပုဏ္ဏမထေရ်ရဲ့ သီဟနာဒ (၇)ချက်ကို ဘုန်းကြီး ဟောဒီမှာ ပါဠိတစ်ချက်ရွတ်ပြီးတော့ လှန်လိုက်တာ ပါဠိတော် (၇) ပိုဒ်လုံး ကုန်သွားပြီ။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က–

သာဓု သာဓု ပုဏ္ဏ။

ပုဏ္ဏ–ချစ်သားပုဏ္ဏ၊ သာဓု သာဓု–ကောင်းပါပေစွ၊ ကောင်းပါပေစွ။

သက္ခိဿသိ ခေါ တွံ ပုဏ္ဏ ဣမိနာ ဒမူပသမေန သမန္နာဂတော သုနာပရန္တသ္မိံ ဇနပဒေ ဝိဟာရိတုံ။

ပုဏ္ဏ– ချစ်သားပုဏ္ဏ၊ ဣမိနာ ဒမူပသမေန– ဤမိမိရဲ့စိတ်ကို ဆုံးမခြင်းလို့ခေါ်ဆိုရတဲ့ ခန္တီတရား၊ ဒေါသ

ကို ငြိမ်းအောင်ပြုတတ်တဲ့ ခန္တီတည်းဟူသော ငြိမ်းချမ်းရေးတရားနှင့်၊ သမန္နာဂတော- ပြည့်စုံ၍ နေသော၊ တွံ- သင်သည်၊ သုနာပရန္တ သို့ ဇနပဒေ- သုနာပရန္တခေါ်တဲ့အရပ်၌ (ဝါ) သုနာပရန္တတိုင်းလို့ ခေါ်ဆိုရဟဲ့ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်တွေရဲ့အရပ်၌၊ ဝိဟာရိတုံ- ကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ်ပြီးတော့ နေဖို့ရန်အလို့ငှာ၊ သက္ခိဿသိ- စွမ်းနိုင်ပါလိမ့်မယ်။

ဤလို သည်းခံနိုင်ရင် ဒီအရပ်မျိုး ချစ်သားပုဏ္ဏနေဖို့ရန် စွမ်းနိုင်ပြီ။

ယဿ ဒါနိ တွံ ပုဏ္ဏ ကာလံ မညသီတိ။

ချစ်သားပုဏ္ဏ၊ သွားချိန်ကျရင် ကိုယ့်အထာ ကိုယ်သိပြီ၊ ကြွပေတော့လို့။

ဣတိ- ဤသို့၊ ဘဂဝါ- ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အာယသ္မန္တံ ပုဏ္ဏံ- အရှင်ပုဏ္ဏမထေရ်ကို၊ အဝေါစ- ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

ဘုရားရှင်ရဲ့ ကျေနပ်စွာ ခွင့်ပြုချက်ကို ရယူပြီးသောအခါ အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏမထေရ်

သည်၊ ဘဂဝတောဘာသိတံ– ဘုရားရှင်ဟောကြားအပ်သော ကမ္မဋ္ဌာန်းတရားနှင့် အဆုံးအမ ဩဝါဒများကို၊ အဘိနန္ဒိတွာ– အလွန်နှစ်သက်၍၊ အနုမောဒိတွာ– ဝမ်းမြောက်ဝမ်းသာရှိ၍၊ အာသနာဥဋ္ဌာယ– နေရာမှ ထပြီးတော့၊ ဘဂဝန္တံ– ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို၊ အဘိဝါဒေတွာ– အလွန်ရိုသေစွာရှိခိုး၍၊ ပဒက္ခိဏံကတွာ– လက်ယာရစ်လှည့်လည်၍၊ သေနာသနံ– ဇေတဝန်တိုက်မှာ မိမိနေခဲ့တဲ့ ကျောင်းအိပ်ရာနေရာကို၊ သံသာမေတွာ– သိမ်းဆည်းသိုမှီး၍၊ ပတ္တစီဝရံ– သပိတ် သင်္ကန်းကို၊ အာဒါယ– ယူဆောင်ပြီး၊

ယေန– အကြင်အရပ်၌၊ သုနာပရန္တောဇနပဒေါ– သုနာပရန္တ ခေါ်တဲ့တိုင်းအရပ်သည်၊ အတ္ထိ–ရှိ၏။ တေန– ထိုတိုင်းရှိရာအရပ်သို့၊ စာရိကံပက္ကာမိ– ခရီး ထွက်သွားပြီ။ အနုပုဗ္ဗေန– အစဉ်အားဖြင့်၊ စာရိကံစရမာနော– ခရီးဒေသစာရီ လှည့်လည်ကြွချီတော်မူခဲ့သည်ရှိသော်၊ ယေနသုနာပရန္တောဇနပဒေါအတ္ထိ၊ အကြင် အရပ်၌ သုနာပရန္တ ဇနပုဒ်ရှိတယ်။ တံ ... ထိုသုနာပရန္တ ခေါ်တဲ့ တိုင်းအရပ်သို့၊ အဝသရိ– ကောင်းစွာမသွေ ဆိုက်ရောက်၍လာခဲ့ ပါပေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## ရှင်ပုဏ္ဏ ပထမဆုံး တရားအားထုတ်တဲ့အရပ်

သုနာပရန္တခေါ်တဲ့ တိုင်းအရပ်ကို ရှင်ပုဏ္ဏမထေရ် သူ့မြတ် ကောင်းစွာမသွေ ဆိုက်ရောက်ပြီးတော့ လာခဲ့ပြီ။ ဘုရားရှင်ကိုယ်တော်မြတ်ထံက ကမ္မဋ္ဌာန်းတောင်း ညြဝါဒခံယူပြီးမှ ကြွလာတဲ့ ရှင်ပုဏ္ဏမထေရ် ရောက်လာပြီနော်။

သုနာပရန္တတိုင်းအရပ် ရောက်လာပြီ ဆိုတော့ ရှင်ပုဏ္ဏမထေရ် ဝါဏိဇဂါမရွာရဲ့အနီး ပထမဆုံး သူ ကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ်တဲ့အရပ်သည် "အဇ္ဈုဟတ္တ ပဗ္ဗတ" လို့ ဥပရိပဏ္ဏာသအဋ္ဌကထာဆိုတယ်။ သံယုတ် အဋ္ဌကထာထဲက သဠာယတနဝဂ္ဂ သံယုတ်အဋ္ဌကထာ ပုဏ္ဏသုတ္တန်ဆိုတာ ရှိသေးတယ်။ ထိုပုဏ္ဏသုတ္တန်ကတော့ "အဗ္ဗုဟတ္ထပဗ္ဗတ၊ အဗ္ဗုဟတ္ထ ပဗ္ဗတ၊ အဟတ္ထပဗ္ဗတ" (သံ၊ ဋ္ဌ၊ ၃။ ၂၂) လို့ဆိုပြီးတော့ မူကွဲ ဒီလိုပြတယ်။

ဥပရိပဏ္ဏာသအဋ္ဌကထာ (၂၃၅) မှာကတော့ အဇ္ဈုဟတ္ထပဗ္ဗတ၊ အဇ္ဈုဟတ္ထ တောင်ထိပ်မှာတက်ပြီး

တော့ တရားအားထုတ်ပါတယ်တဲ့။ ထို အဇ္ဈုပဟတ္တ တောင် ဆိုတာကတော့ ဟောဘုန်းကြီး ဦးဓမ္မာစာရ ပြုစုတဲ့ ကျောင်းတော်ရာသမိုင်းအရ စကုမြို့ရဲ့ အရှေ့ ဘက်နားက ဘာတဲ့လဲ အဲဒီရေပုတ်ရွာရဲ့ အနီးအနားက ရွှေမြင်တင်တောင်တဲ့၊ အဲဒါ အဇ္ဈုပဟတ္တတောင်ပဲတဲ့။

ထို ရွှေမြင်တင်တောင်ထိပ် ရေပုတ်ရွာအနီးနော်။ ရှေးတုန်းက ထိုတောင်သည် အဇ္ဈုပဟတ္တတောင်၊ ထို တောင်ထက်မှာ ရှင်ပုဏ္ဏမထေရ် ကမ္မဋ္ဌာန်းတရား ပွားများ ကြိုးကုတ် အားထုတ်လျက် ရှိနေပြီလို့ မှန်းပြီးတော့ အာရုံယူ ကြည်နူးကြ။ "စကုရှေ့တွင်၊ ရွှေမြင်တင်၊ ရှေ့ပင်အဇ္ဈုပဟတ္တ"

သူက ဆောင်ပုဒ်ကလေးလဲ ထည့်ထားသေးတယ်။ အဲဒီ အဇ္ဈုပဟတ္တပဗ္ဗတ အဇ္ဈုပဟတ္တတောင်ထိပ်မှာ ကမ္မဋ္ဌာန်း တရား ပွားများကြိုးကုတ် အားထုတ်၊ ဝါဏိဇဂါမရွာကို ဆွမ်းခံကြွ၊ ထိုစဉ်က ထိုရေပုတ်ရွာ ရှိမယ်ဆိုရင် အဲဒီ ရေပုတ်ရွာ ဆွမ်းခံကြွပေါ့ဗျာ။

ထိုနေရာကနေပြီးတော့ တရွေ့ရွေ့နဲ့ ကမ္မဋ္ဌာန်း တရား အားထုတ်တယ်။ တောကျောင်းနေတယ်ဆိုတဲ့ ပုဂ္ဂိုလ် တောကျောင်းတစ်ခုထဲမှာ စွဲစွဲမြဲမြဲ မှန်မှန်နေခဲ့

တယ်။ တစ်တောဝင် တစ်တောထွက် တစ်တောဝင် တစ်တောထွက်၊ တစ်တောင်ဆင်း တစ်တောင်တက်နဲ့ ဒီလိုနေလေ့ရှိမှ ပျော်ရတာ။ ဘာကြောင့်လဲ တစ်ကျောင်းတည်း ကြာကြာကြီးနေရင် ကျောင်းသံယောဇဉ် ဖြစ်တတ်သကိုဗျ။

## ရှင်ပုဏ္ဏ ဒုတိယမြောက် တရားအားထုတ်တဲ့အရပ်

ဒါကြောင့် ဒီတောနဲ့ ဒီတောင် ခဏနေပြီးတော့ ရွှေ့၊ ဒုတိယတစ်ခါ ဘယ်ရွှေ့သွားသလဲဆိုရင် "သမုဒ္ဒဂိရိ ဝိဟာရ" တဲ့။ သမုဒ္ဒဂိရိခေါ်ဆိုရတဲ့ တောင်ထိပ်မှာ ကျောင်းကလေးရှိပါတယ်။ ထိုကျောင်းကလေးမှာ ကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ်တယ်။

ထိုသမုဒ္ဒဂိရိကတော့ ဆရာတော်ရေးထားတဲ့ ခုနက ကျောင်းတော်ရာသမိုင်းကျမ်းအရ ပြောရလို့ရှိရင် မင်းဘူး- မန်းရေနံအနီးက "ကြာကန်ရွာ" ဒီလိုဆိုတယ်။ အဲဒီနေရာမှာ အောက်ကျောင်း၊ ခုနက ရွှေမြင်တင်တောင်ထိပ်က အထက်ကျောင်းလို့ ဒီလိုဆိုပါသတဲ့။ အဲဒါ ဒုတိယတရားအားထုတ်တဲ့နေရာ။

အဲဒီကနေတစ်ခါရွှေ့ဦး၊ ထိုနေရာကတစ်ဖန် ရွှေ့

ပြန်တော့ ဘယ်နေရာရွှေ့သွားသလဲ၊ "မာတုလဂီရိ" ဆိုတာကို ရွှေ့တယ်။ မာတုလဂီရိဆိုတာကတော့ ဒီကနေ စကုမြို့ရဲ့ အလယ်ကောင်က "ထီးကြီးဘုရား" တည်ထားတဲ့နေရာသည် မာတုလဂီရိပဲတဲ့။

ထီးကြီးဆိုတာ ရှေးတုန်းက ထေရ်ကြီးလို့ ဆိုသတဲ့။ ထေရ်ကြီးက ဘယ်မထေရ်ကြီးလဲဆိုတော့ ရှင်ပုဏ္ဏဆိုတဲ့ မထေရ်ကြီး သီတင်းသုံးသွားတဲ့ နေရာသည် ထေရ်ကြီး အရပ်။ ထေရ်ကြီးအရပ်ကနေ ထီးကြီးအရပ်၊ ထိုနေရာ ဘုရားတည်လိုက်တော့ ထီးကြီးဘုရားတဲ့။ အဲဒါ မာတုလဂီရိလို့ ဆိုပါတယ်တဲ့။

ကိုင်း ... အဲဒီနေရာမှာ ငှက်သံတွေက အလွန်ဆူညံတဲ့အတွက်ကြောင့်မို့လို့ တတ္ထ သကုဏသံဃော ဥဿန္နော၊ ရတ္တိဉ္စ ဒိဝါစ သဒ္ဒေါ ဧကာဗဒ္ဓေါဝ အဟောသိ။ ငှက်သံတွေက နေ့ရော ညရော ဆူညံဆူညံပြီးနေတော့ တရားအားထုတ်လို့ မဖြစ်ပြန်ဘူး။ ဟုတ်လား၊ ခုနက သမုဒ္ဒဂီရိမှာကတော့ ဘာသံတွေဆူညံလဲ၊ ရေလှိုင်းတွေက တောင်ခြေကို တဖြုန်းဖြုန်း ရိုက်နေသတဲ့။ သူက မန်းချောင်းရဲ့ကမ်းပါးကိုဗျ။ ဟို

တစ်ဖက်က ရောဝတီမြစ်။

ဒီတော့ ရေလှိုင်းတွေက တဖြုန်းဖြုန်း တဖြုန်းဖြုန်းနဲ့ တောင်ခြေကို တိုးရိုက်နေတော့ အသံတွေက ဆူလို့ ထိုနေရာအားထုတ်လို့ တစ်ဖက်က မဖြစ်ဘူး။

တောင်ခြေက ကျောက်တွေက အယကန္တပါသာဏ သံစားတဲ့ ကျောက်တွေဆိုပါလား။ တစ်နည်းပြောရရင် သံကဲ့သို့ မာကျောပြီးတော့ ဆူးတောင်ကြီးတွေ ထနေတဲ့ကျောက်၊ စကြံလျှောက်ရရင် ခြေဖဝါး တယ်စူးတယ်၊ စကြံလျှောက်လို့လဲ ခြေဖဝါးစူးတယ် ဟန်မကျဘူး။ သမုဒ္ဒရာရေလှိုင်းလို့ ခေါ်ဆိုရတဲ့ ခုနက ချောင်းတွေ မြစ်တွေက လှိုင်းတွေက တဖြုန်းဖြုန်း ပုတ်တော့ အသံတွေက ဆူလို့လဲ အားထုတ်လို့ မဖြစ်ဘူး။

ဒါနဲ့ပဲ သမုဒ္ဒဂီရိကနေ ထွက်ခွာတော့ မာတုလဂီရိကို ရောက်ပါတယ်။ သမုဒ္ဒဂီရိ လှိုင်းတံပိုးသံတွေ ဆူညံတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ သမာဓိ ပျက်တယ်။ ဒါကြောင့် လှိုင်းတံပိုးသံတွေ ငြိမ်သက်ပါစေသတည်းလို့ အဓိဋ္ဌာန်ပစ်ခဲ့သတဲ့။ အဲဒီနေ့ကစပြီးတော့ လှိုင်းသံ တံပိုးသံတွေ ငြိမ်သွားလိုက်တာ ဒီကနေ့အထိပဲ ဘာသံမှ မကြားတော့ဘူး။

## ရှင်ပုဏ္ဏ တတိယမြောက်တရားအားထုတ်တဲ့အရပ်

ရှင်ပုဏ္ဏမထေရ်ရဲ့ တန်ခိုးနော်၊ ရဟန္တာမဖြစ်သေးပေမယ့် ထိုကဲ့သို့သော အဘိညာဉ်တန်ခိုးတော့ ရနေပြီဆိုတာ ဤအဓိဋ္ဌာန်မှုကိုကြည့်ပြီးတော့ ထင်ရှားတယ်။

အေး မာတုလဂိရိ "သကုဏာသံဃော ဥဿန္နော" ဆိုတဲ့စကားအရ ငှက်သံတွေ ဆူညံလို့ အားထုတ်လို့ မဖြစ်ပြန်၊ ငှက်သံတွေကျတော့ ငြိမ်စေသတည်းဆိုလို့ ဟိုသက်ရှိတွေ ငြိမ်အောင်လုပ်ထားလို့ ဘယ်ကောင်းပါ့၊ အသက်မဲ့ဖြစ်တဲ့ ရေလှိုင်းငြိမ်စေသတည်းဆိုတော့ ငြိမ်သွား၊ ဒါက အပြစ်မရှိဘူး၊ တော်သေးတယ်။

ငှက်တွေ ငြိမ်စေသတည်း၊ ဘာသံမှ မထွက်နဲ့ ဆိုတော့ အာပဲစေ့နေရမလို ဖြစ်နေတယ်။ အဲဒါကြောင့် ငှက်များတော့ မဆူညံစေနဲ့လို့ အဓိဋ္ဌာန်မမှုတော့ဘူး၊ ငှက်တွေပျော်ပျော်ပါးပါးနေပါစေ၊ ငါ ဒီနေရာက ခွဲခွာသွားတာကောင်းတယ် ဆိုပြီးတော့ "မကုလကာရာမ" ဆိုတဲ့ ကျောင်းတိုက်ကို ပြောင်းရွှေ့သွားတယ်တဲ့၊ ဟုတ်လား၊ မကုလကာရာမကျောင်းတိုက်ကတော့ ယခု "ကျောင်းတော်ရာနေ့ရာပဲ"။ ကျောင်းတော်ရာစေတီကြီးရဲ့ နေရာပဲတဲ့နော်။

မူပြီ၊ အဘိညာဉ် ခြောက်ပါးနဲ့ ရဟန္တာဖြစ်တော်မူပြီး ပြီ။ ဘယ်နေရာလဲ၊ ဟောဒီ ကျောင်းတော်ရာစေတီ တော်မြတ်ကြီး တည်ထားတဲ့ မကုလကာရာမဆိုတဲ့ ကျောင်းတိုက်ကြီးရဲ့နေရာ၊ ဤနေရာမှာ ကိစ္စပြီးလို့ မကုလကာရာမမှာနေ၊ ရွာသူရွာသားတွေကို တရားဟော ပြီးတော့ ချီးမြှောက်ပြီးတော့နေရင်း တစ်နေ့သော အခါ–

ညီဖြစ်သူက အစ်ကိုရဲ့ရာထူး သူကဆက်ခံရတာ၊ ကုန်းကြောင်းခရီးသွားတဲ့အခါ လှည်းနဲ့ကုန်သန်းရောင်း ဝယ်ရေးထွက်၊ ရေကြောင်းခရီးသွားတဲ့အခါ သင်္ဘော နဲ့ ကုန်သန်းရောင်းဝယ်ရေးထွက်၊ ရေကြောင်းခရီး သင်္ဘောနဲ့ ကုန်ကုန်သန်း ရောင်းဝယ်ရေး ထွက်သွားတဲ့ အခါမှာ လူပေါင်း (၅၀၀) လောက် သင်္ဘောကြီးနဲ့ ထွက်ကြတယ်။

ထွက်ရင်းထွက်ရင်းနဲ့ ဘုန်းကြီးတို့ပရိသတ်များ ထမင်းစားဖို့ရန် အချိန်ရောက်ပြီဆိုတော့ ကျွန်းကလေး တစ်ကျွန်းကို ညီတော်ဝင်ကပ်သတဲ့။ ပင်လယ်ထဲ သင်္ဘောနဲ့ ထွက်ခါနီးပြီ ဆိုကတည်းကို ကြည့်စမ်း၊ အစ်ကိုကြီး မဟာပုဏ္ဏကို အိမ်ပင့်ပြီးဆွမ်းကပ်၊ “အစ်ကိုကြီး၊ ညီတော်တို့ ပင်လယ်ထဲ သင်္ဘောခရီးနဲ့

ခရီးထွက်မလို့”

## ရှင်ပုဏ္ဏတို့ စန္ဒကူးတော ရောက်ကြသောအခါ

ဘန္တေ သမုဒ္ဒေါနာမ အသဒ္ဒေယျော အနေကန္တရာယော ဓိဝိတသံသယော၊ အမေ့ အာဝဇ္ဇေယျာထ။

အရှင်ဘုရား၊ သမုဒ္ဒရာခရီးဆိုတာ စိတ်ချလက်ချမဖြစ်နိုင်ဘူး။ အန္တရာယ်သိပ်များတယ်။ အသက်မှာသံသယရှိရတယ်။ ဒါကြောင့် တပည့်တော်များ ထွက်ခါနီးအစ်ကိုကြီး တိုင်တည်ပစ်ခဲ့ပါတယ်။ အစ်ကိုကြီးဘုရားညီတော်တို့သွားရာခရီး ဟောဒီတောင်ထိပ်ကနေ ကြည့်နေပါ။ မှာကြားပြီးတော့ ညီတော်များ သင်္ဘောနဲ့ပင်လယ်ခရီး ရောင်းဝယ်ရေး ထွက်ကြတာ။

ထမင်းစားချိန်ကျတော့ ကျွန်းကလေးတစ်ကျွန်းဝင်ကပ်၊ သင်္ဘောကြီးကပ်ပြီးတော့ ထမင်းချက်မလို့တဲ့။ မားတွေနဲ့လူတွေ တက်ပြီးတော့ ထင်းရှာ၊ ထင်းရှာတော့ဟိုခုတ်ဒီခုတ်နဲ့ လျှောက်ခုတ်တဲ့အခါကျတော့ သစ်ပင်ကြီးတစ်ပင် မားနဲ့ခုတ်ကြည့်လိုက်တာ တစ်ခါတည်းရဲခနဲ အသားတွေ ထွက်လာတယ်။

နီရဲနေတဲ့ အသားတွေတွေ့တော့ နှာခေါင်းနဲ့

ရှုကြည့်တော့ မွှေးလိုက်တာ၊ သာရဂန္ဓ အနှစ်ရှိတဲ့ အသားတွေ၊ အနှစ်ရှိတဲ့အသားတွေ မွှေးလိုက်တာဟေ့ ဆိုပြီးတော့ သူတို့သဘော်သားတွေ တိုင်ပင်ညှိနှိုင်းတွက်ပြီး တော့ ထိုအနှစ်ရှိတဲ့ အသားတွေကို တပြုံတိုက်ကြီး ခုတ်ကြတယ်။

တို့ ဒီအကျိုးငှာထွက်ပြီးတော့ လာခဲ့ဟာ စီးပွားရေး အလို့ငှာ ထွက်ပြီးတော့လာခဲ့တာ၊ အလွန်မွှေးတဲ့ အနှစ်ပြည့်တဲ့ အသားတွေကိုရတာ တို့အတွက်တော့ ဒါလာဘ်ကြီးတစ်ခုပဲ၊ ခုတ်ကြစို့ဆိုပြီးတော့ အဲ စန္ဒကူး အနီနှစ်တွေ တစ်ခါတည်း အကုန်လုံး တဖြုန်းဖြုန်းနဲ့ ခုတ်ကြ၊ လက်လေးသစ်လောက်ရှိတဲ့ အပိုင်းကလေး တစ်ပိုင်းသည်ပင်လျှင် အဖိုးတစ်သိန်း၊ တန်သကိုး။ တန်ဖိုးက ဒါလောက်ကြီးမားတယ်။

## ဇာတာဆောင်ဘီလူးတို့ နှောင့်ယှက်ဖျက်ဆီးကြပြီ

ဒါနဲ့ စန္ဒကူးတွေခုတ်ရင်း ခုတ်ရင်းနဲ့ ထိုစန္ဒကူး တောက ဘီလူး ကြီးစိုးတဲ့တော၊ ဘီလူးတွေက တို့ သစ်တောဖျက်တဲ့ အကောင်တွေဆို စိတ်ဆိုးပြီးတော့ အဲဒီတောထဲမှာ သတ်မယ်လို့ ကြံကြတယ်။ ဘီလူးတွေက

သတ်မယ်လို့ကြံ၊ နောက်တော့ စိတ်ထဲ တွေးသတဲ့။ ဒီလူတွေသတ်လို့ ဒီတောထဲ အကုန်လုံးပုပ်စော်နံကုန်မှာ မဖြစ်ဘူး၊ လူတွေက (၅၀၀) ကျော်ကြီးတောင်၊ ကိုင်း သင်္ဘောနဲ့ သူတို့ စန္ဒကူး တွေတင်ပြီးတော့ ထွက်တဲ့အခါ ရေလယ်ကောင်ကျမှ ရေလှိုင်းတွေထအောင် လုပ်ပြီးတော့ သင်္ဘောနှစ်သတ် မယ်။

သင်္ဘောသားတွေ ထမင်းချက်ပြုတ်စားသောက်ပြီးတော့ သင်္ဘောကြီးနဲ့အပြည့် စန္ဒကူးနှစ်တွေတင်ပြီးတော့ ပင်လယ်ထဲ တစ်ခါတည်းထွက်။ တော်တော်လေး ရောက်ရှိပြီလဲဆိုရော ဘီလူးတွေက တောထဲကနေပြီးတော့လေတွေလွှတ်လိုက်တယ်။ ရေလှိုင်းတွေ တဖြုန်းဖြုန်းနဲ့ ထလာတယ်။ သင်္ဘောကြီး မြုပ်လုလု ဖြစ်လာတယ်။ ဘီလူးတွေက ဘေးနားကဝိုင်းပြီးတော့ ဒီကောင်တွေ သေပေတော့ဆိုပြီး နှစ်အောင်လုပ်ကြတယ်။ အဲဒီအချိန်မှာ သင်္ဘောသားတွေဟာ ဘာလုပ်ကြတုန်း–

အဟ္ကနော အတ္တနော ဒေဝတာနံ နမဿန္တိ တဲ့။
အတ္တနော အတ္တနော ဒေဝတာနံ နမဿန္တိ။

သင်္ဘောသားတွေဟာ မိမိ မိမိတို့ရဲ့ နတ်တွေကို ရှိခိုးကြတယ်။ သေဘေးနဲ့ကြုံတော့။

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

ဘယတဇ္ဇိတာ– သေဘေးဖြင့် ခြောက်လှန့်ခံရ တတ်ကုန်သော၊ မနုဿာ– လူတို့သည်၊ ဗဟုံ– များစွာ၊ သရဏံ– ကိုးကွယ်ခြင်းသို့၊ ယန္တိ– ရောက်ကြလေကုန်၏။

ပဗ္ဗတာနိစ– တောင်တို့ကိုလဲပဲ၊ သရဏံ– ကိုးကွယ်ခြင်းသို့၊ ယန္တိ– ရောက်ကြလေကုန်၏။ ဝနာနိစ– တောတို့ကိုလဲပဲ၊ သရဏံ– ရှိခိုးခြင်းသို့၊ ယန္တိ– ရောက်ကြလေကုန်၏။ အာရာမရုက္ခစေတျာနိ– ဥယျာဉ်၊ အရာမ်–သစ်ပင်၊ စေတီ၊ နတ်စင်တို့ကိုလဲပဲ၊ သရဏံ– ရှိခိုးခြင်း ကိုးကွယ်ခြင်းသို့၊ ယန္တိ– ရောက်ကြလေကုန်၏။

ဘေးဒုက္ခတစ်ခုခု ကြုံတဲ့အခါ သတ္တဝါတွေ ကိုးကွယ်ရာရှာတော့ တောရှိခိုး၊ တောင်ရှိခိုး၊ ရေရှိခိုး၊ မြေရှိခိုး၊ ကောင်းကင်ရှိခိုး၊ သစ်ပင်ရှိခိုး၊ နတ်ရှိခိုး၊ အဲဒီလို မိရာဖမ်း ရှိခိုးကြတယ်။

## မဟာပုဏ္ဏမထေရ် ကြွရောက်လာပြီ

အားကိုးရာမဲ့လို့ ဒီလိုရှိခိုးနေတုန်း ညီတော်ဖြစ်တဲ့

စူဠပုဏ္ဏကတော့ အစ်ကိုကြီးကို ထွက်ခါနီးကတည်းက တိုင်တည်ထားခဲ့တာ၊ အစ်ကိုကြီး ညီတော်တို့တော့ပင်လယ်ထဲ ဒုက္ခများကုန်ကြပြီ၊ အစ်ကိုကြီး ကယ်မှဖြစ်တော့မှာပဲလို့ တမ်းတ၊ ဖြုန်းခနဲဆို ကောင်းကင်ကနေမဟာပုဏ္ဏမထေရ် ကြွလာတယ်။

သူတို့သင်္ဘောသားတွေ ဒုက္ခများနေတဲ့ လှေကြီးရဲ့အထက်နား ကောင်းကင်မှာ ဘွားခနဲရပ်တော့ ဘီလူးတွေက ကိုယ်တော်ကြီးကြွလာသဟော့ဆို အကုန်ပြေးကုန်ကြတယ်။ ဘီလူးတွေ ပြေးကုန်တော့မှ လေလှိုင်းတွေရေလှိုင်းတွေ ငြိမ်သွား။

သင်္ဘောသားတွေ သင်္ဘောထဲရောက်နေတဲ့ ရေတွေကိုပက်ကြ၊ လှေဦးကနေ သင်္ဘောဦးကနေ အစ်ကိုကြီးက မတ်မတ်ရပ်ပြီး မကြောက်ကြနဲ့လို့ အားပေးပြီးတော့ မင်းတို့ဘယ်သွားချင်ကြတုန်း၊ တပည့်တော်များလာတဲ့လမ်းပဲ ပြန်ပါတော့မယ်ဘုရား၊ အစ်ကိုကြီးအဓိဋ္ဌာန်ပြု သင်္ဘောဦးကနေ အသာလေးဆောင့်ပြီးတော့ စောင်းပြီးတော့ ဖိပြီးတော့ နင်းလိုက်တာ လှေကြီးဟာ သင်္ဘောကြီးဟာ ရှဲရှဲ ရှဲရှဲနဲ့လာတဲ့ကမ်းပါးကိုပြန်ပြီးတော့ ကပ်တယ်တဲ့။ ဝါဏိဇဂါမရွာကို အစ်ကို

ကြီးရဲ့ ကျေးဇူးနဲ့ အကုန်လုံး ချမ်းသာစွာနဲ့ ပြန်လည်ရောက်ရှိကြတယ်။

ကိုယ့်ရွာကို ပြန်ရောက်တော့ သင်္ဘောပေါ်ပါလာတဲ့ စန္ဒကူးနှစ်တွေကို ဝေပုံချတာ၊ စန္ဒကူးနှစ်တွေကို ဝေပုံချတော့ သင်္ဘောသား(၅၀၀) တစ်ယောက်တစ်ပုံစီ တစ်ယောက်တစ်ပုံစီချ၊ တစ်ယောက်နည်းနည်း၊ နည်းနည်းနဲ့ အသက်သခင် ကျေးဇူးရှင်ဟဲ့ဆိုပြီးတော့ မဟာပုဏ္ဏမထေရ်ကြီးအတွက်လဲ ဝေပုံချပေးတယ်။

ဒီကနေ့ကစပြီးတော့ တို့အသက် ကယ်ဖော်ရတဲ့ အစ်ကိုကြီး မဟာပုဏ္ဏ ရဟန္တာကြီး မဟာပုဏ္ဏဆို တစ်ရွာလုံးကဝိုင်းပြီးတော့ အုန်းအုန်းကျွက်ကျွက်နဲ့ ကိုးကွယ်လိုက်ကြတာ၊ စောစောကတော့ ကိုးကွယ်ရကောင်းမှန်း တယ်ပြီးတော့ သိပုံမပေါ်ဘူး။ ဟုတ်လား။ သူတို့သဘောမှ ကယ်ပေးတယ်ဆိုတဲ့ အချိန်ကျမှ ကိုးကွယ်ကြတာ။

ဘယ့်နှယ်တုန်း၊ ဒီကနေ့ တို့ပရိသတ်ကကော ဘယ်လိုလဲ၊ တို့တရားနာ ပရိသတ်ရဲ့ စီးပွားရေး၊ ကြီးပွားရေး ကျန်းမာရေး ချမ်းသာရေး အသက်ဘေး ဘာညာ ကာကွယ်စောင့်ရှောက်ပေးတယ်ဆိုတဲ့ ပုဂ္ဂိုလ်

ကျရင် ရှန်းရှန်း ရှန်းရှန်းနဲ့ ကိုးကွယ်ကြတယ်နော်။ ဘာမှ လုပ်မပေးဘူးဆိုတဲ့ ဘုန်းကြီးကျတော့ တယ်ဟုတ်ချင်မှ ဟုတ်တာ။

အခု မဟာပုဏ္ဏမထေရ်ကိုကြည့်ပေါ့။ ရှင်ပုဏ္ဏနဲ့ တကွ ဝါဏိဇဂါမရွာသားတွေ အကုန်လုံးဟာ သူ့အသက်ကယ်တယ်ဆိုတဲ့အချိန်ကျမှ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် စန္ဒကူးတောင် တစ်ပုံပုံပေးလိုက်သေးတယ်။

## မဟာပုဏ္ဏမထေရ် သာသနာစတင်ပြုတာ

အဲဒီနေ့ကစပြီးတော့ ရွာသူရွာသား အကုန်လုံးဟာ ဘုန်းကြီးတို့ ပရိသတ်များ သရဏဂုံသီလ ဆောက်တည်ဖြစ်ကြတယ်။ ပါဠိတော်အတိုင်း ပြောရလို့ရှိရင်တော့ အမျိုးသား (၅၀၀)၊ အမျိုးသမီး (၅၀၀) သရဏဂုံသီလ ဆောက်တည်ကြပါတယ်တဲ့။ ဒီလိုဆိုပါတယ်။

ဒါကြောင့် ပါဠိတော်မှာ–

တေနေဝန္တရဝဿေန တိဿော ဝိဇ္ဇာသစ္ဆာကာသိ။

တေနေဝန္တရဝဿေန– ထိုနှစ် ဝါတွင်းမှာပင်လျှင်၊ အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏ မထေရ်သည်မြတ်သည်၊

တိဿောဝိဇ္ဇာ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသ ဝက္ခယ ခေါ်ဆိုရတဲ့ ဝိဇ္ဇာသုံးပါးတို့ကို၊ သဏ္ဌာကာသိ- ကောင်းစွာမသွေ မျက်မှောက်ပြုတော်မူခဲ့လေပြီ။

ပဉ္စမတ္တာနိ ဥပါသကသကာနိ- ငါးရာသော ဒကာ ယောက်ျားတို့ကို၊ ပဋိဝေဒေသိ- သရဏဂုံတည် ကြောင်း ငါးပါးသီလတည်ကြောင်း ဥပါသကာ ဖြစ် ကြောင်း စကားကောင်းကို ကောင်းစွာ လျှောက်ကြားစေ ခဲ့ပြီ။ ပဉ္စ မတ္တာနိဥပါသိကာသတာနိ- ငါးရာသော ဒကာမတွေကို လဲပဲ၊ ပဋိဝေဒေသိ- ဗုဒ္ဓဘာသာ ကောင်းစွာဖြစ်ကြောင်း စကားကောင်းကို ကောင်းစွာ မသွေ လျှောက်ကြား ရှာစေခဲ့ပါပေသတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

ရှင်ပုဏ္ဏမထေရ် သာသနာပြုတာကိုကြည့်၊ ကြည့် လိုက်တော့ တန်ခိုးကစတယ်၊ ရှင်ပုဏ္ဏ သာသနာပြုတာ တန်ခိုးနဲ့စပြုတယ်နော်။

အဲဒီနောက်ကျတော့မှ သီလ သမာဓိ ပညာက လိုက်လာတာ။

ဒီတော့ လောကမှာ သာသနာပြုတဲ့နေရာမှာ တန်ခိုး ဣဒ္ဓိပါဒ်များလဲ လိုသေးတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်လာ

တယ်မဟုတ်လား။ ဘုန်းကြီးတို့ကျတော့ ဘာတန်ခိုး မှမရှိတော့ဟုတ်လား၊ ဘာမှ ဖြစ်ချင်မှဖြစ်လိမ့်မယ်။ ဟာ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဆိုတဲ့ ကိုယ်တော်ကျတော့ လာလိမ့်မယ်။

ရှင်ပုဏ္ဏမထေရ်က လူပေါင်း ဒကာ (၅၀၀)၊ ဒကာမ (၅၀၀) မင်းတို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုကြ ဟေ့ဆိုတော့ တပြုံလုံး လိုက်အော်တာ၊ ပါဏာတိပါတာ ဝေရမဏီ လုပ်ကြဟေ့ဆိုတော့ အဲဒီလူ (၁၀၀၀) ဒကာ (၅၀၀) ဒကာမ (၅၀၀) အကုန်လုံး ငါးပါးသီလ ဆောက်တည်ကြတယ် မဟုတ်လား။

## တန်ခိုးနဲ့ သာသနာပြုခဲ့တာ

တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေက ကိုင်း- တစ်ညလုံး ဟောဒီစေတီရင်ပြင်မှာ ကျောင်းတော်ရာစေတီကြီးရဲ့ ရင်ပြင်မှာ ချမ်းချမ်းအေးအေး သေချင်လဲသေပါစေ၊ ဂုဏ်တော်တစ်ထောင်စိပ်၊ မိုးလင်းရင် ရွှေအိုးကြီးရလိမ့် မယ်ဆိုရင် ဘယ့်နှယ်တုန်း မလုပ်နိုင်ကြဘူးလား၊ လုပ်မှာပါ၊ ဒီပရိသတ် ကိုယ်သိပါတယ်။ ဟုတ်လား၊ တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်က အဲဒီလို ခိုင်းလို့ရှိရင် လုပ်မှာ၊

အကုန်လုံး .. ဂုဏ်တော်တစ်ထောင်ဆိုလဲ ချလိုက်တာပဲ၊ အရက် တစ်သက်လုံးဖြတ်ဆိုလဲ ဖြတ်လိုက်တာပဲ။

တရားသဖြင့် တစ်ခါတည်းဟောနေတဲ့ ဘုန်းကြီးကျတော့ သုရာမေရယ မဇ္ဇပမာဒ ရှေ့သာ တစ်ခါတည်းကောင်းအောင်ဆိုသွားတာ၊ ကွယ်ရာကျတော့ အရက်ပြတ်တော့ ခွက်ကပ်နဲ့မူး ဆိုတာကျနေတာပဲ၊ ဟုတ်လား၊ ဘာမှ သောက်စရာမရှိ ခွက်ကပ်ကလေး ရေနဲ့ကျင်းပြီးတော့ မူးမယ့်လူချည်းပဲ။

ကိုင်း ... ဒီတော့ တန်ခိုးဣဒ္ဓိပါဒ်ဆိုတာ တစ်ခါတစ်ခါ သာသနာတော်မှာ အသုံးဝင်တဲ့နေရာကျတော့ ဝင်သေးတယ်။ ရှင်ပုဏ္ဏမထေရ်သူမြတ် သာသနာပြုသွားတာက တန်ခိုးနဲ့စခဲ့တယ်။ ယောက်ျား (၅၀၀)၊ မိန်းမ (၅၀၀) သရဏဂုံသီလ ဆောက်တည်သွားကြပြီ။

တေနေဝန္တ ရဝသေန တိဿော ဝိဇ္ဇာ သစ္ဆာကာသိ
တစ်ဝါတွင်းနဲ့ ရဟန္တာဖြစ်တယ်။
တေနေဝန္တ ရဝသေန ပဉ္စမတ္တာနိ
ဥပါသကသတာနိ၊ ပဉ္စမတ္တာနိဥပါသိကာ သတာနိ။
ဒကာ (၅၀၀)၊ ဒကာမ (၅၀၀) သရဏဂုံသီလ ဆောက်တည်၊ ဗုဒ္ဓဘာသာ ပီပီပြင်ပြင် ဖြစ်ခဲ့ပြီ။

ဗုဒ္ဓဘာသာ ပီပီပြင်ပြင်ဖြစ်တဲ့ ထိုပုဂ္ဂိုလ်တွေနဲ့ ရှင်ပုဏ္ဏမထေရ်တို့ အဲဒီမှာ ဘာလုပ်ကြပြန်သလဲ။ ထို လူပေါင်း (၅၀၀) က ရှင်ပုဏ္ဏမထေရ်ကို ဝေပုံကျ လှူထားတဲ့ စန္ဒကူးတွေက တစ်ပုံကြီးဖြစ်နေတယ်။ ဖြစ်နေတော့ ရှင်ပုဏ္ဏမထေရ်က ကိုင်း .. ငါ့ချည်း သာသနာပြုလို့တော့ တယ်ပြီးခရီးရောက်မယ် မဟုတ်သေးဘူး၊ ဘုရားကို ဒီအရပ်ကိုရောက်အောင် ပင့်ရရင် ကောင်းမယ်၊ အကြံပေါက်တော့ ...

## ကျောင်းမပြီးခင်ကတည်းက ဘုရားသိတင်းသုံး

ဟော့–မင်းတို့တတွေ ဘုရားတွေ့ဖူးရဲ့လား၊ မတွေ့ဖူးပါဘူး ဘုရား။ မင်းတို့အရပ် ဘုရားလဲ မရောက်ဖူးသေးဘူး။ ဘုရားမရောက်ဖူးသေးတဲ့ အရပ်ကို ငါ ဘုရားရောက်အောင် ပင့်ပေးမယ်။ မင်းတို့တတွေ ဘုရားရှင်ကိုယ်တော်မြတ်ကို ဝေယျာဝစ္စ ပြုကြကွ။ ကောင်းပါပြီ၊ ဝေယျာဝစ္စ ပြုပါမယ်။ ဘယ်လိုတုန်း၊ မြတ်စွာဘုရားကြွလာရင် တည်းခိုဖို့ ကျောင်းဆောက်ကြစမ်းပါ။ ကောင်းပါပြီ– အရှင်ဘုရားက ဘုရားရအောင်သာပင့်။

တစ်ခါတည်း တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်

နဲ့ ဘုရားအတွက် ကျောင်းဆောက်မယ် ဆိုပြီးတော့ စန္ဒကူးတွေတိုက်လာ၊ တစ်ခါတည်း ခွဲဟယ် ဖြတ်ဟယ် လှီးဟယ် စိတ်ဟယ်နဲ့ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးဖို့ရန် အဲဒီမှာ ကျောင်းတော်ကြီး ဆောက်တယ်တဲ့။ သာရဂန္ဓ– စန္ဒကူးအနှစ်တို့ဖြင့် ဆောက်တဲ့ကျောင်း၊ ကျောင်းတိုက်ကြီး စတင်ဆောက်ကတည်းကိုက အမိုးကလေးမိုးပြီးပြီ၊ အခင်းကလေး နည်းနည်းပါးပါး ခင်းပြီးပြီ။

အဲဒီအချိန်ကစပြီး ဘုရားသည် ညတိုင်းညတိုင်း ကြွလာပြီးတော့ ဤကျောင်းမှာ သီတင်းသုံး။ ကျောင်း စတင်ဆောက်ပြီနော်၊ အမိုးလေး နည်းနည်းမိုးရသေးတယ်၊ အခင်းလေး နည်းနည်းခင်းရသေးတယ်၊ ဘုရား စတင် သီတင်းသုံးနေပြီ၊ ဘုန်းကြီးတို့ ပရိသတ်များ ညတိုင်းညတိုင်း ကြွလာတယ်။

ဟောဒီ ကျောင်းဆောက်နေတဲ့ ကျောင်းဒကာတွေက ဘုရားလာပြီးတော့ သီတင်းသုံးတာ သူတို့ မသိကြဘူး။ ဘုရားကြွလာ သီတင်းသုံးတာ မသိဘူး။ ကျောင်းထဲက ည ရောင်ခြည်တော်တွေ ထွက်ထွက်နေတာ သူတို့က ဘာထင်တယ် အောက်မေ့တုန်း၊

ဘုရားလို့ မထင်ဘူး။ နတ်တွေ တန်ခိုးပြတယ်လို့ထင်တာ။ တော်တော်ခက်တဲ့လူတွေ၊ ဘုရားတောင် နတ်ထင်တယ် ဟုတ်လား။ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ကျောင်းမပြီးသေးခင် ကတည်းက သီတင်းသုံးနေပြီ ဆိုတာ မှတ်ထား။

ဤကျောင်းမှာ ၂-ရက်၊ ၃-ရက် သီတင်းသုံးတယ်ဆိုတဲ့ အဆိုတစ်ခု၊ (၇)ရက် သီတင်းသုံးတယ်ဆိုတဲ့ အဆိုတစ်ခု၊ ကျမ်းဂန်တွေမှာ အဆို ဒီနှစ်ခုရှိနေတယ်။ ကျောင်းမပြီးသေးခင်ကတည်းကညဥ့်စဉ် သီတင်းသုံးတယ် ဆိုတဲ့စကားက ရှိနေတော့ (၇)ရက် သီတင်းသုံးတာရော၊ ၂-ရက်၊ ၃-ရက် သီတင်းသုံးတယ်ဆိုတာရော၊ အဲဒါ ညတိုင်းလာသီတင်းသုံးတယ်ဆိုတဲ့ အထဲမှာ အကုန်ဝင်သွားတယ်။ (၇) ရက်လဲ မကဘူး၊ ၃-ရက်လဲ မကဘူး၊ မြတ်စွာဘုရား အကြာကြီး သီတင်းသုံးသွားတယ်လို့ နားလည်လိုက်တော့။

## မဟာပုဏ္ဏမထေရ် ဘုရားရှင်ကိုပင့်လျှောက်ပြီ

ကျောင်းကြီးပြီးသွားပြီဆိုတော့မှ အရှင်ပုဏ္ဏမထေရ်သူမြတ်က-

ကျောင်းတော်ကြီး ပြာသာဒ်က ဘယ်လောက်ရှိတယ်။ တိုင်ပေါင်းက ဘယ်လောက်ရှိတယ်ဆိုတာတော့ဟုတ်လား။ ဆရာတော် ဦးဓမ္မာစာရရဲ့ စာအုပ်ကိုသာဖတ်ကြ၊ အဲဒါတွေတော့ ဘုန်းကြီးက ရေမပြတတ်တော့ဘူးနော်။

အေး ကျောင်းတော်ကြီးပြီးတော့မှ ရှင်ပုဏ္ဏမထေရ်က ဘုရားရှင်ကိုယ်တော်မြတ်အား လျှောက်ထားသတဲ့။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် သာသနာပြုထားလို့ လူပေါင်း (၁၀၀၀) ကျော်ဗုဒ္ဓဘာသာ ဖြစ်နေတဲ့ သုနာပရန္တတိုင်း ဝါဏိဇရွာကိုဘုရားရှင်ကိုတော်မြတ် ကြွတော်မူပါ၊ ဘုရားရှင်ကိုယ်တော်မြတ်က ဆိတ်ဆိတ်နေ၍ လက်ခံ၊ ရှင်အာနန္ဒာကို မိန့်ကြားတယ်။

ချစ်သား အာနန္ဒာ၊ ဝါဏိဇရွာကို ရှင်ပုဏ္ဏမထေရ်ရဲ့ ပင့်လျှောက်ချက်အရ ငါဘုရားကြွမယ်၊ ငါဘုရားရှင်ကိုယ်တော်မြတ် ကြွမယ့်နောက်ကနေ သံဃာ (၄၉၉) ပါး ရွေးချယ်ပြီးတော့ထား၊ နဘာစာရီကတဲ့ ကိုယ်တော်တွေ ရွေးချယ်ထား၊ ဘယ်နှစ်ပါးလဲဆိုတော့ (၄၉၉) ပါးတဲ့၊ (၅၀၀) မဟုတ်ဘူး။

ရှင်အာနန္ဒာက အဘိညာဉ်ရ ကောင်းကင်ပျံနိုင်တဲ့ ကိုယ်တော်တွေရွေး၊ ရွေးလိုက်တော့ ကိုယ်တော်တွေက (၅၀၀) မကဘူး၊ တစ်ထောင်လောက် ဖြစ်နေတာ၊ အဲဒါ မဲချယူရတယ်၊ သုနာပရန္တတိုင်း သူလဲလိုက်ချင်တယ်၊ ငါလဲ လိုက်ချင်တယ် ဖြစ်နေကြတာ ဟုတ်လား။ ခု ရွှေစက်တော် ကျောင်းတော်ရာ အလုအယက် လာကြသလိုပေါ့။

ဟိုတုန်းက ရဟန္တာကြီးတွေကလဲ သူလဲလိုက်ချင်တယ်၊ ငါလဲလိုက်ချင်တယ်၊ ဒါပေမယ့် ဘုရားက (၄၉၉) ပါးရယ်လို့ ဆိုတော့ မဲနှိုက်ရတယ်။ မဲကို ကုဏ္ဍဓာနမထေရ်က ရှေးဦးစွာ နံပါတ်တစ် ယူတော်မူတယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့လဲ ပါတယ်။

အဲ သံဃာ (၄၉၉) ပါးရွေးပြီးတော့ ကြွတော့မလို့ ပြင်ဆင်လဲထားရော သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းပြီးတော့ပူပြင်းသော အခြင်းအရာပြ၊ သိကြားက ဟော့ ဘာဖြစ်တာပါလိမ့်မလဲ၊ အောက်က ကုလားထိုင်ကြီး ပူလာတယ်ဆိုတော့ ဘုရားနဲ့သံဃာ (၅၀၀) သုနာပရန္တတိုင်း ကြွမလို့ပါ။

ဒီအတိုင်း အချည်းနှီးကြွလို့ မဖြစ်ဘူး။ ဟာဟော့

ဝိသကြွ် လို့ ခေါ်ခဲ့ပြီးတော့ ဇေတဝန်ကျောင်းရဲ့ အပေါက်ဝမှာ ရွှေပြာသာဒ် (၅၀၀) ဖန်ဆင်းလိုက်တယ်။ (၅၀၀) နဲ့ တစ်ခုလို့ ဆိုကြပါစို့။ မြတ်စွာဘုရားအတွက် သီးသန့် ပြာသာဒ်တစ်ခု၊ မြတ်စွာဘုရားအတွက် ဖန်ဆင်းတဲ့ ရွှေပြာသာဒ်က မှုခ် ၄–ခုရှိတယ်။

## သစ္စာဗန္ဓရသေ့ကို ချေချွတ်တော်မူပြီ

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့အတွက် ဖန်ဆင်းတဲ့ပြာသာဒ်က မုခ် ၂–ခုရှိတယ်၊ နောက်က သံဃာတော်တွေ သီတင်းသုံးဖို့ ဖန်ဆင်းတဲ့ ပြာသာဒ်တွေက တစ်မုခ်စီ တစ်မုခ်စီ ပါတယ်တဲ့။ ဖန်ဆင်းထားတဲ့ ပြာသာဒ်က ဘုရားကလွဲရင် ရဟန်းများအတွက် (၅၀၀) ဖန်ဆင်းတယ်နော်။ သံဃာရွှေးထားတာက (၄၉၉) ရယ်၊ တစ်ခုလွတ်မနေဘူးလား၊ လွတ်နေတယ်နော်။

နောက်ဆုံးပြာသာဒ်က အခွံကြီးပဲ။ ရခိုင်လိုပြောတာ၊ ရခိုင်ကတော့ အခွံကို အခွမ်တဲ့ သူတို့က၊ အေး–ပြာသာဒ်ကြီး အခွံကြီးပဲ။ ကိုယ်တော်မပါဘူး။ ထိုပြာသာဒ် (၅၀၀)၊ ဘုရားက မုခ် ၄–ခုနဲ့ပြာသာဒ်၊

သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့က မုခ် ၂–ခုစီနဲ့ပြာသာဒ်၊ ကျန်တဲ့ သံဃာတော်တွေက မုခ်တစ်ခုစီ မုခ်တစ်ခုစီနဲ့ ပြာသာဒ်တွေနဲ့၊ နောက်ဆုံးပြာသာဒ်မှာ အခွဲကြီးပဲတဲ့၊ ကိုယ်တော်မပါဘူး။

ကိုင်း– သွားကြစို့ဆိုပြီးတော့ ပြာသာဒ် (၅၀၀)ခု၊ ကောင်းကင်ကနေပြီးတော့ ကြွလာလိုက်ကြတာ သစ္စဗန္ဓတောင်ထိပ်မှာ ဘုရားရှင် ကိုယ်တော်မြတ်နဲ့ သံဃာတော်တွေ ဆင်းသက်တော်မူကြသတဲ့။

သစ္စဗန္ဓတောင်ထိပ် ဆင်းသက်တော့ ထိုသစ္စဗန္ဓတောင်ထိပ်မှာ မိစ္ဆာအယူဝါဒ စွဲနေတဲ့ ရသေ့ကြီးတစ်ယောက်က ရှိနေလေတယ်။ မိစ္ဆာဝါဒအယူစွဲနေတဲ့ရသေ့ကြီး၊ ဘုရားရှင် ကိုယ်တော်မြတ်က တရားဟောလို့ ထိုရသေ့ကြီးလဲ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူခဲ့တယ်။ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဆောင်ရသော ဧဟိဘိက္ခုအဖြစ်သို့ ရောက်ပါတယ်။

တချို့ကျမ်းက သစ္စဗန္ဓမုဆိုးလို့ ဆိုတယ်။ ဘုန်းကြီးတို့ အဋ္ဌကထာက မုဆိုးလို့ မပြောဘူး၊ ရသေ့လို့ ပြောပါတယ်၊ ဒီတော့ အဋ္ဌကထာအတိုင်း ရသေ့လို့

မှတ်။

သစ္စဗန္ဓရသေ့ မိစ္ဆာအယူဝါဒတွေ ချုတ်ပြီးတော့ တရားဟောလို့ ရဟန္တာဖြစ်ရော၊ ကိုင်း ... မင်းက နောက်ဆုံး ပြာသာဒ်ကိုဝင်၊ မင်းအငယ်ဆုံးပဲ၊ နောက်ဆုံးက အခွဲကြီးပဲ ယူလာတဲ့ပြာသာဒ်ဟာ သူ့အတွက်။

## စန္ဒကူးကျောင်းတော်ရာမှာ ဘုရားနဲ့သံဃာများ သီတင်းသုံး

ပြာသာဒ် (၅၀၀) ရဟန္တာ (၅၀၀) အပြည့်၊ ဘုန်းကြီးတို့ပရိသတ်များ၊ အဲဒီကနေပြီးတော့မှ ဟောဒီ စန္ဒကူးကျောင်းတော်ကြီးရဲ့ တည်ရှိရာ မကုလကာရာမ ကျောင်းတိုက်ရဲ့ တည်ရာအရပ်ကို ကြွလာကြတယ်။ ပြာသာဒ်တွေ တစ်ခါတည်း ကောင်းကင်မှာ ကွယ်ထားခဲ့ပြီးတော့ ဘုရားနဲ့ သံဃာတော်တွေ ကျောင်းထဲဝင်ပြီးတော့ သီတင်းသုံးကြတယ်။

ဘယ်သူပင့်လာတာလဲ တို့ပရိသတ်၊ မဟာပုဏ္ဏ မထေရ်ပင့်လာတဲ့ ကျေးရူးနဲ့ ဘုရားရှင်ကိုယ်တော်မြတ် ဤစေတီတော်ကြီးရဲ့နေရာမှာ ရှေးတုန်းက ရှိခဲ့ဖူးတဲ့ စန္ဒကူးနစ် ကျောင်းတော်ကြီးမှာ ဘုရားရှင်ကိုယ်တော်

မြတ်နဲ့ သံဃာတော် (၅၀၀) ၇–ရက်လုံးလုံး သီတင်းသုံးတော်မူကြပါတယ်။ အဋ္ဌကထာစကားနော်။

သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် ပုဏ္ဏသုတ္တန်မှာ လာတဲ့စကား။ ၇–ရက်၊ ပုဏ္ဏောဝါဒသုတ္တန်မှာ လာတဲ့စကားက ကတိပါဟံ– ၂–ရက်၊ ၃–ရက်၊ ၂–ရက် ၃–ရက် ဆိုချင်ဆို၊ ၇–ရက်ဆိုချင်ဆို၊ ကျောင်းမပြီးခင်ကတည်းက ညစဉ်ညစဉ် လာသီတင်းသုံး ဆိုကတည်းက ၇–ရက်ကိုမကဘူး။ ဒီနေရာမှာ နေ့ရောညပါ သီတင်းသုံးသွားတာကတော့ ၇–ရက် ဟုတ်လား။

အဲဒီလို ၇–ရက်လုံးလုံး သီတင်းသုံး၊ ရှာသူရှာသားတွေကို ဘုရားရှင်ကိုယ်တော်မြတ်က နေ့စဉ် နေ့စဉ် တရားဟောလို့ ဤနယ်ကြီး ထိုအခါကစပြီးတော့ ဗုဒ္ဓသာသနာ ထွန်းလင်းလာပါတယ်။ မမ္ဗရက္ခိတမထေရ်တို့ သာသနာပြုတာက နောက်ကျသွားတယ်။ ရှင်ပုဏ္ဏမထေရ် သာသနာပြုတာက အရင်ကျတယ်။

ထိုကဲ့သို့ ၇–ရက်တာ ကာလပတ်လုံး ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူပြီးတော့မှ ချစ်သားပုဏ္ဏ– ငါဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန်

ဇေတဝန်ရွှေကျောင်းကိုပြန်မယ်၊ ချစ်သားရဲ့ တပည့် ဒကာ ဒကာမတွေလဲ သရဏဂုံသီလဆောက်တည်၊ တချို့သောတာပန်၊ တချို့ သကဒါဂါမ်၊ တချို့ အနာဂါမ်၊ တချို့ ရဟန္တာဖြစ်ကြပြီ၊ တရားထူး တရားမြတ်ရတဲ့ ပုဂ္ဂိုလ်တွေလဲ မြောက်မြားစွာဖြစ်ပြီ။ ထိုတရားထူး ဆွတ်ခူးပြီးသော ပုဂ္ဂိုလ်တို့တွင် တချို့က ဝိဇ္ဇာသုံးပါး၊ တချို့က အဘိညာဉ်ခြောက်ပါး၊ တချို့က ပဋိသမ္ဘိဒါပတ္တ ဂုဏ်ထူးတွေ ဆင်မြန်းနိုင်ကြပြီ။

ဒီနေရာ ဒီလောက် သာသနာအခြေချမိရင် တော်လောက်ပြီ၊ ငါဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြန်မလို့၊ ချစ်သားပုဏ္ဏ သာဝတ္ထိကိုပြန်မလိုက်နဲ့၊ ချစ်သားပုဏ္ဏရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ ဝါဏိဇဂါမရွာကြီးကို အခြေပြု၊ မကုလကာရာမကျောင်းတိုက်မှာ တစ်သက်ပတ်လုံး ချစ်သားပုဏ္ဏ သီတင်းသုံးပြီးတော့ နေရစ်ပါလေ။

ချစ်သားပုဏ္ဏ- ဤအရပ် သာသနာပြုပြီးတော့ နိဗ္ဗာန်ရွှေပြည် ဝင်စံတဲ့အထိ နေရစ်ပါလို့ ပုဏ္ဏကို သာသနာ့တာဝန် ပေးအပ်ထားခဲ့ပြီး မြတ်စွာဘုရား ပြန်လည်ကြွပါတယ်။

## ခြေတော်ရာနှစ်ဆူ

ဘုရားရှင်ကိုယ်တော်မြတ် ပြန်လည်ကြွတော့ သာဝတ္ထိ တန်းခန် ပြာသာဒ်တွေနဲ့ ပြန်သွားတာ မဟုတ်ဘူး။ နမ္မဒါမြစ်ဆိုတဲ့ မြစ်ကလေးရဲ့ ကမ်းပါး ဘုရားရှင်ကိုယ်တော်မြတ်ကြွ၊ ခြေတော်လက်တော်ဆေး၊ ကိုယ်လက်သုတ်သင်။

နမ္မဒါမြစ်ထဲက နဂါးကြီးထွက်လာပြီး ဘုရားရှင် ကိုယ်တော်မြတ်ကို ခရီးဦးကြိုဆို ဖူးမြော်လို့ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ပူဇော် ခြင်း၊ ကန်တော့ခြင်း ခံယူပါဦး ဆိုပြီးတော့ နဂါးကြီး က နဂါးပြည်ပင့်ပြီးတော့ ပူဇော်နေလိုက်တာ။

ပူဇော်ပြီးတဲ့အခါကျတော့မှ နဂါးကြီးက ဘုရားကို လွမ်းလို့တဲ့၊ အပြန်လက်ဆောင်လေး ပေးခဲ့ပါဦး၊ ကိုင်း– မင်းအတွက် လက်ဆောင်ဟဲ့ ဆိုပြီးတော့ ထိုနမ္မဒါ မြစ်ကမ်းနားမှာ ဘုရားရှင်ကိုယ်တော်မြတ် ခြေတော်နဲ့ ကျောက်ဖြာကို နင်းလိုက်တော့ ဘုရားရဲ့ခြေတော်ရာ အဲဒီမှာ ကျန်ရစ်ပါတယ်။

ဒီကနေ့ နမ္မဒါမြစ်ကမ်းပါး သို့မဟုတ် ဘာတဲ့ကုန်း၊ မန်းချောင်းလား၊ မန်းချောင်းရဲ့ ကမ်းပါးမှာရှိနေတဲ့

အောက်စက်တော်ရာသည် နမ္မဒါနဂါး တောင်းပန်လို့ ထားရစ်ခဲ့တဲ့ လက်ဆောင်။

ထိုကနေပြီးတော့ သစ္စဗန္ဓတောင်ထိပ်ကို ဘုရားရှင် ကိုယ်တော်မြတ် လှမ်းကြွ၊ သစ္စဗန္ဓကို ဘုရားရှင် ကိုယ်တော်မြတ် ဆုံးမတော်မူတယ်။ သစ္စဗန္ဓ ရဟန္တာ ဖြစ်ပြီနော်။ ချစ်သား သစ္စဗန္ဓ၊ ချစ်သားရဲ့ ဟောဒီ တပည့်သာဝကတွေဟာ ဟောကြားထားတဲ့ မိစ္ဆာဝါဒ မြှုံးကြီးထဲမှာ ဝင်ပြီးတော့ ဒုက္ခများနေတဲ့ သတ္တဝါတွေ။

မနေ့က ပြောခဲ့တဲ့အတိုင်း မိစ္ဆာဒိဋ္ဌိ မြှုံးကြီးထဲ ဝင်ပြီးတော့ ချစ်သားတို့ရဲ့ ဒကာ ဒကာမတွေ အများ ကြီး ဒုက္ခများကုန်ပြီ။ အဲဒီ မိစ္ဆာဒိဋ္ဌိမြှုံးထဲရောက်နေ တဲ့ သတ္တဝါတွေကို အပြင်ပြန်ပြီးတော့ထုတ်၊ သံသရာ ခရီးက ကယ်တင်ဖို့က ချစ်သားရဲ့တာဝန်၊ မင်း ဒကာ ဒကာမတွေ သမ္မာဒိဋ္ဌိအယူပြောင်းအောင် ချစ်သား လမ်းပြောင်းပေးဖို့ နေရစ်ပါလေလို့ သစ္စဗန္ဓ ရဟန္တာ ကြီးကို မြတ်စွာဘုရား တာဝန်ချပြီးတော့ ထားပစ်ခဲ့တယ်။

ထို သစ္စဗန္ဓ ရဟန္တာကြီး တောင်းပန်သဖြင့် ထို သစ္စဗန္ဓတောင်ထိပ်မှာ ဘုရားရှင်ကိုယ်တော်မြတ် ခြေ တော်ရာတစ်ဆူ ချပါတယ်။ သစ္စဗန္ဓ ရဟန္တာကြီး

တောင်းပန်လို့ အလွမ်းပြေ ခြေတော်ရာတစ်ဆူ ချထားလို့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ခြေတော်ရာသည် အောက်မြစ်ကမ်းပါးက တစ်ဆူ၊ အထက် သစ္စဗန္ဓတောင်ထိပ်မှာ ခြေတော်ရာတစ်ဆူ ဒီကနေ့တိုင် ရှိရစ်ပေါ့။

အေး- သစ္စဗန္ဓရသေ့ ဆုံးမဟောကြား ထားပစ်ခဲ့လို့ ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ရွှေပြာသာဒ် (၅၀၀) နဲ့ သံဃာတော်တွေ သီတင်းသုံးတဲ့ ရွှေပြာသာဒ် (၅၀၀)၊ ဘုရားရှင် သီတင်းသုံးတဲ့ ရွှေပြာသာဒ်နဲ့ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ပြန်ပြောင်းပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ကြွတော်မူခဲ့ပြီ။

## ရှင်ပုဏ္ဏမထေရ် ပရိနိဗ္ဗာန်စံပြီ

ရှင်ပုဏ္ဏမထေရ် သူမြတ်ကတော့ ဤသုနာပရန္တတိုင်း ဝါဏိဇဂါမရွာကို ဂေါစရဂါမ်ပြု၊ မကုလကာရာမကျောင်းတိုက်မှာ သီတင်းသုံးပြီးတော့ နေခဲ့တာ။

အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏ မထေရ်သည်၊ အပရေန သမယေန- နောင်သောအခါ၌၊ တတ္ထေဝ- ထိုဝါဏိဇဂါမရွာနဲ့ အနီး မကုလကာရာမကျောင်းတိုက်

မှာပင်လျှင်၊ ပရိနိဗ္ဗာယိ– ခန္ဓာဇာတ်ချုပ်ငြိမ်းပြီးတော့ မီးပုံကြီး ငြိမ်းသလို အငြိမ်းကြီး ငြိမ်းတော်မူခဲ့ရှာလေ သတည်း။

“သာဓု ... သာဓု .... သာဓုပါဘုရား”

ရှင်ပုဏ္ဏမထေရ် ရဟန္တာဖြစ်တာလဲပဲ မကုလကာ ရာမ ကျောင်းတိုက်မှာဖြစ်တယ်၊ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ရပ်သိမ်းတာလဲမကုလကာရာမကျောင်းတိုက်မှာ ပါပဲ။ ဤကျောင်းတော်ရာမှာပဲ။ ရှင်ပုဏ္ဏမထေရ် ကိလေသ ပရိနိဗ္ဗာန်စံတယ်နော်။ ခန္ဓပရိနိဗ္ဗာန် စံတော့လဲပဲ ဒီမှာပဲ။

ရှင်ပုဏ္ဏမထေရ် ပရိနိဗ္ဗာန် စံသွားပြီတဲ့သတင်း ဟာ သာဝတ္ထိရောက်သွားတယ်။ သာဝတ္ထိရောက်သွား တော့ ဘုရားရှင်ကိုယ်တော်မြတ်က ကြားပြီ။ သာသနာ ပြုတဲ့ နေရာမှာ ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ခွဲ ကောင်းကောင်းနဲ့ သည်းခံတရားနဲ့ သာသနာပြုသွားတဲ့ ပုဏ္ဏမထေရ် ပရိနိဗ္ဗာန်စံပြီတဲ့ဟော့ ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်နဲ့ သံဃာတော်တွေ (၅၀၀) ကြွလာကြ သေးတယ်။ နောက်တစ်ခေါက်။

ဘာလုပ်ဖို့လဲ၊ ရှင်ပုဏ္ဏရဲ့ အလောင်းကို သင်္ဂြိုဟ် ကြမလို့တဲ့၊ ဘုရားပါ ကြွလာတယ်၊ ကြွလာပြီးတော့

ရှင်ပုဏ္ဏမထေရ်သူမြတ်ရဲ့ အလောင်းကို ဟောဒီနေရာမှာ မီးသဂြိုဟ်၊ ကြွင်းကျန်တဲ့ အရိုးဓာတ်တွေကို–

အထခေါ– ထိုအခါ၊ ဘဂဝါ– ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဘိက္ခုသံဃေန– ရဟန်းတော်အပေါင်းနှင့်၊ သဒ္ဓိံ–အတူတကွ၊ အာယသ္မတောပုဏ္ဏဿ– အရှင်ပုဏ္ဏမထေရ်ရဲ့၊ သရီရံ– အလောင်းတော်ကို၊ ဂန္ဓကဋ္ဌေဟိ– နံ့သာထင်းတို့ဖြင့်၊ ဈာပေတွာ– မီးသဂြိုဟ်ကြကုန်၍၊ ဓာတုယော– ကြွင်းကျန်တဲ့ အရိုးဓာတ်တွေကို၊ ထူပ်–စေတီကို၊ ကရိံသု– ကောင်းစွာမသွေ ပြုတော်မူကြလေကုန်သတည်း။

"သာဓု ... သာဓု .... သာဓုပါဘုရား"

## ဒီကနေ့တိုင် တွေ့မြင်နိုင်ပါသေးတယ်

ရှင်ပုဏ္ဏမထေရ်သူမြတ်ရဲ့အလောင်း နံ့သာတို့ဖြင့် မီးသဂြိုဟ်ကြပြီးတဲ့ အခါကျတော့မှ ကြွင်းကျန်တဲ့ ဓာတ်တော်တွေကို ထူပ် ကရိံသု– စေတီတည်လိုက်ကြတယ်။ ရှင်ပုဏ္ဏအလောင်း နံ့သာနဲ့ သဂြိုဟ် ကြွင်းကျန်တဲ့ ဓာတ်တော်တွေကို စေတီတည်တယ်တဲ့။

ရှင်ပုဏ္ဏရဲ့ တရားအားထုတ်ရာနေရာ။

ရှင်ပုဏ္ဏမထေရ်သူမြတ် ရဟန္တာဖြစ်တဲ့နေရာ။

ရှင်ပုဏ္ဏပရိနိဗ္ဗာန်စံတဲ့နေရာ။

ရှင်ပုဏ္ဏမထေရ်သူမြတ်ရဲ့ အရိုးဓာတ် ဌာပနာပြီးတော့ စေတီတည်တဲ့နေရာ။

ဒီကနေ့ ရှိရဲ့မဟုတ်လား၊ ရှိပါတယ်နော်၊ ဘုန်းကြီးတို့ အဋ္ဌကထာအတိုင်း ရှိကိုရှိရမယ်။ ရှင်ပုဏ္ဏမထေရ်သူမြတ်ရဲ့ အရိုးဓာတ်တွေကို စေတီတည်ပြီးတော့ ဌာပနာလိုက်တယ်။ ထုံးကလေးဖွေးဖွေးနဲ့ စေတီကလေးတစ်ဆူ ဒီကနေ့တိုင် တွေ့နိုင်ပါလိမ့်မယ်။ တွေ့ရမယ် မဟုတ်လား၊ ရှင်ပုဏ္ဏရဲ့ အရိုးဓာတ် ဌာပနာထား၍ စေတီတော်ကလေး တည်ပြီးတဲ့အခါကျတော့မှ ရှင်ပုဏ္ဏ မီးသဂြိုဟ်ရာ နေရာဌာန နေကြသော သံဃာတော်မြတ်တွေက ဘုရားရှင်ရှိရာ အရပ်သို့သွား၍-

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

အာယသ္မာပုဏ္ဏော- အရှင်ပုဏ္ဏ မထေရ်သည်၊ ကာလင်္ကတော-ကွယ်လွန်သွားပါတယ်။ တဿ ကာ ဂတိ ကော အဘိသမ္ပရာယော- ရှင်ပုဏ္ဏ ဘယ်ဘဝ ရောက်သလဲ၊ ဘယ်ဉာဏ်အဆင့်အတန်း ပေါက်ရောက်

ပါသလဲ။

သံဃာတော်တွေက မေးတယ်၊ ရှင်းသွားအောင် လို့၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က–

ပဏ္ဍိတော ဘိက္ခဝေ ပုဏ္ဏော ကုလပုတ္တော၊ ပစ္စပါဒိ ဓမ္မဿာနုဓမ္မံ၊ န စ မံ ဓမ္မာဓိကရဏံ ဝိဟေသေတိ။ ပရိနိဗ္ဗုတော ဘိက္ခဝေ ပုဏ္ဏော ကုလပုတ္တော။

ဘိက္ခဝေ– ပရိသတ်လေးပါး ချစ်သား ချစ်သမီး တို့။

ပုဏ္ဏော– သည်းခံအားကောင်းကောင်းနဲ့ သာသနာ ပြုသွားတဲ့ ရှင်ပုဏ္ဏမထေရ်သည်၊ ပဏ္ဍိတော– အရဟတ္တ မဂ်ဉာဏ်ပညာကို ပိုင်ဆိုင်သွားတဲ့ပုဂ္ဂိုလ်။

ဘိက္ခဝေ– ရဟန်းတော်များ အို–ချစ်သားတို့၊ ပုဏ္ဏော ကုလပုတ္တော– ပုဏ္ဏခေါ်တဲ့ အမျိုးကောင်းသား သည်၊ ဓမ္မဿ– လောကုတ္တရာတရား ကိုးပါးအား၊ အနုဓမ္မံ– လျော်လျောက်ပတ်တဲ့ အကျင့်တွေကို၊ ပစ္စပါဒိ ပတိအာပါဒိ– ကောင်းစွာမသွေ ကျင့်ပြီးခဲ့လေပြီ။

ရှင်ပုဏ္ဏမထေရ်သည် အရဟတ္တဖိုလ် ပေါက်အောင် လောကုတ္တရာတရား ကိုးပါးနဲ့လျော်တဲ့ အကျင့်တွေကို

သီလ သမာဓိ ပညာ သုံးသိက္ခာကို ကောင်းစွာမသွေ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ပြီးခဲ့လေပြီ။

ဘိက္ခဝေ- ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။

ပုဏ္ဏောကုလပုတ္တော- ပုဏ္ဏလို့ခေါ်တဲ့ အမျိုးကောင်းသားသည်၊ ဓမ္မာဓိကရဏံ- တရားတော်တည်းဟူသော အကြောင်းကြောင့်၊ မံ- ငါဘုရားရှင်ကိုယ်တော်မြတ်ကို၊ နစဝိဟေသေသိ- မညှဉ်းဆဲပါ။

ဘိက္ခဝေ- ရဟန်းတော်များ အို-ချစ်သားတို့၊ ပုဏ္ဏော- အရှင်ပုဏ္ဏမထေရ်သည်၊ ပရိနိဗ္ဗုတော-ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း မီးပုံကြီးငြိမ်းသလို ငြိမ်းသွားပြီ။

## ရှင်ပုဏ္ဏထုံး နှလုံးမူကြပါ

ရှင်ပုဏ္ဏ မြတ်စွာဘုရားကို တရားတောင်းတော့ တိုတို လေးတောင်းတယ်နော်၊ တရားတိုတိုလေးတောင်းတယ်၊ တောင်းပြီးတဲ့တရားကို တကယ်ကျင့်တယ်။ ခန္ဓပရိနိဗ္ဗာန်၊ ကိလေသပရိနိဗ္ဗာန် နှစ်မျိုးစလုံးစံသွားပြီ။

မြတ်စွာဘုရားကို တရားတောင်းရတာ ကျေးဇူး

မများပေဘူးလား၊ များတယ်နော်၊ တရားတောင်းတော့ လဲ တိုတိုလေး၊ နာလဲနာတယ်၊ အားလဲအားထုတ်တယ်၊ ရဟန္တာလဲဖြစ်တယ်၊ ဤပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားကို ကျေးဇူးဆပ်တဲ့ ပုဂ္ဂိုလ်တွေ။

တရားအရှည်ကြီးနာပြီးတော့ အားမထုတ်ဘူးဆိုရင်တော့ အဲဒါဘာလဲ၊ ကျေးဇူးမဆပ်ရုံတင်မကဘူး၊ ညှဉ်းဆဲတဲ့သဘော သက်ရောက်နိုင်တယ်နော်။ နာလဲနာတယ်၊ အားလဲထုတ်ပါ၊ နာရုံသာနာ အားမထုတ်ရင်တော့ ညှဉ်းဆဲရာကျလိမ့်မယ်ဆိုတဲ့ အဖြေဟာ အလိုလို ထွက်လာတယ်။ ဒါကြောင့်-

ဘိက္ခဝေ- ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။

ပုဏ္ဏောကုလပုတ္တော- ရှင်ပုဏ္ဏလို့ခေါ်တဲ့ အမျိုးကောင်းသားသည်၊ ဓမ္မာဓိကရဏံ- တရားတွေ အရှည်ကြီးဟောခိုင်းပြီးတော့ အားမထုတ်ပါဘူးဆိုတဲ့ အကြောင်းကြောင့်၊ မံ-ငါဘုရားကို၊ နဝိဟေသေသိ-ညှဉ်းဆဲတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ပါ။

ကိုင်း ... ဘုန်းကြီးတို့ပရိသတ်၊ ပုဏ္ဏာရဲ့ တပည့်ဒကာ ဒကာမတွေ၊ အရှင်ပုဏ္ဏာရဲ့ တပည့် ဒကာ ဒကာမတွေနော်၊ ရှင်ပုဏ္ဏမထေရ်လို အလုပ်လုပ်ကြ။

နာရုံသာနာ အားမထုတ်ဘဲနေရင်တော့ ဘယ့်နှယ်လဲ၊ ညှဉ်းဆဲရာကျသွားမှာ စိုးရတဲ့အတွက်ကြောင့် ကျေးဇူးဆပ်ရာရောက်အောင် နာပြီးသား တရားကို ကျင့်ကြံကြနော်။

အာယသ္မာပုဏ္ဏော– အရှင်ပုဏ္ဏ မထေရ်သည်၊ ဓမ္မာဓိကရဏံ– တရားတော်တည်းဟူသော အကြောင်းကြောင့်၊ မံ–ငါ့ကို၊ နဝိဟေသေသိ– မညှဉ်းဆဲပါ။

ဣတိ–ဤသို့၊ ဘဂဝါ–ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်၊ အဝေါစ– မိန့်ကြားတော်မူခဲ့ပါပေ၏။

တေဘိက္ခူ– ထိုရဟန်းတော်တို့သည်၊ ရှင်ပုဏ္ဏရဲ့ အလောင်းကို မီးသင်္ဂြိုဟ်ပြီးလို့ စေတီကလေး တည်လိုက်ရတဲ့ အရှင်မြတ်အပေါင်း ရဟန်းတော်အပေါင်းတို့သည်၊ ဘဂဝတော– ဘုရားရှင်ကိုယ်တော်မြတ်၏၊ ဘာသိတံ– မိန့်တော်မူတဲ့စကားတွေကို၊ အတ္တမနာ– နှစ်လိုဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ အဘိနန္ဒုံ– ကောင်းပါပေစွ၊ ကောင်းပေစွဘုရားဟူ၍ နှစ်သက်ဝမ်းသာ လက်ခံတော်မူကြလေကုန်သတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

## စေတီမျိုးစုံတဲ့ ကျောင်းတော်ရာစေတီ

နမ္မဒါနဂါး တောင်းပန်လို့ တည်တာက ပါဒစေတီ။ သစ္စဗန္ဓ ရဟန္တာမထေရ်မြတ်ကြီး တောင်းပန်လို့ တည်ခဲ့တာကလဲပဲ ပါဒစေတီတဲ့။ အထက်နဲ့အောက် စက်တော်ရာနှစ်ဆူ။

ဤနေရာမှာ တည်ထားတဲ့ ကျောင်းတော်ရာစေတီဆိုတာကတော့ ရှင်ပုဏ္ဏမထေရ်သူမြတ်နဲ့တကွ စူဠပုဏ္ဏကုန်သည် ခေါင်းဆောင်ပြီးတော့ ဝါဏိဇဂါမရွာသားတွေ စန္ဒကူးနှစ်နဲ့ ဆောက်လုပ်အပ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ စန္ဒကူးကျောင်းတော်ကြီးရဲ့ နေရာမှာ တည်ထားတဲ့ စေတီဖြစ်ခြင်းကြောင့် ပရိဘောဂစေတီ။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဓာတ်တော်တွေ ဌာပနာထားရာ ဖြစ်သောကြောင့် ဓာတုစေတီ။

ဤဓာတုစေတီ၊ ပရိဘောဂစေတီ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်စား ရုပ်ပွားတော်တွေကိန်းဝပ်ရာဖြစ်သောကြောင့်လဲ ဥဒ္ဒိဿကစေတီ။

ပိဋကတ်တော်တွေကို ပေနဲ့ ပုရပိုက်နဲ့ ကျောက်နဲ့ရေးပြီးတော့ တည်ထားကိုးကွယ်တဲ့ အတွက်ကြောင့်လဲပဲ ဓမ္မစေတီ။

လေးမျိုးစုံ စေတီထိုက်နေတဲ့ ကျောင်းတော်ရာ စေတီတော်ကြီးမှာ-

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။

စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဆိုတဲ့ ဝိမာနဝတ္ထု ပါဠိတော်အရ အသက်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးနေဘိသကဲ့သို့ အာရုံယူ ရည်မှန်းကြပြီးတော့ စွမ်းအားရှိသမျှ စေတီတော် လေးပါးအား ဆွမ်းဖြင့်ပဲ ဖြစ်ဖြစ်၊ သင်္ကန်းဖြင့်ပဲဖြစ်ဖြစ်၊ ဆေးပဲဖြစ်ဖြစ်၊ ဆွမ်းနဲ့ရေချမ်းနဲ့ ပန်းနဲ့ဆီမီးနဲ့ ရွှေ သင်္ကန်းနဲ့ စွမ်းအားရှိသလောက် ပူဇော်ကြမယ်ဆိုရင်-

တိဋ္ဌန္တေ စ- သက်တော်ထင်ရှား မြတ်ဘုရား၌သော် လည်းကောင်း၊ နိဗ္ဗုတေစာပိ- ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းတော်မူပြီးတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ စေတီလေးပါး တစ်ပါးပါး၌သော်လည်းကောင်း၊ စိတ္တေ- ကြည်ညိုသိမှတ် ဆည်းကပ်တဲ့စိတ်သည်၊ သမေ- တူမျှ မယ်ဆိုရင်၊ ဖလံ- ရရှိတဲ့အကျိုးကလဲပဲ၊ သမံ- တူမျှပါ ပေ၏။

စေတောပဏိဓိဟေတု- မိမိတို့ရဲ့စိတ်ကို ကောင်း စွာဆောက်တည်ခြင်းဆိုတဲ့ အကြောင်းကြောင့်၊ သတ္တာ-

လူရော နတ်ပါ သတ္တဝါတို့သည်၊ သုဂတိ- လူ့ဘုံ နတ်ရပ် သုဂတိဘဝဇာတ်သို့၊ ဂစ္ဆန္တိ- ကောင်းစွာမသွေ ရောက်ရှိနိုင်ကြလေကုန်တော့သတည်း။

"သာဓု ... သာဓု ... သာဓုပါဘုရား"

ရွှေစက်တော်သမိုင်း၊ ကျောင်းတော်ရာသမိုင်းလို့ ခေါ်ဆိုရတဲ့ ပုဏ္ဏောဝါဒသုတ္တန်၊ ပုဏ္ဏမထေရ်သူမြတ်ရဲ့ ထေရာအပဒါန်တရား အစအဆုံး အကုန်လုံး အပြီးတိုင် ရောက်ပါပြီ။

ဘုန်းကြီးတို့ပရိသတ်များ ရှင်ပုဏ္ဏရဲ့ တပည့်ဒကာ ဒကာမများတို့သည် ရှင်ပုဏ္ဏ မထေရ်သူမြတ်ကဲ့သို့ ရှင်ပုဏ္ဏမထေရ်ကျင့်သုံးတဲ့ တရားများ ကျင့်သုံးကြပြီးလျှင် ရှင်ပုဏ္ဏမထေရ် ရရှိသွားတဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာကို မပင်မပန်း ချမ်းသာလွယ်ကူတဲ့ အကျင့်မြတ် ပဋိပတ်၊ လျင်မြန်တဲ့ အသိဉာဏ်၊ ရည်သန်တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရှင်ပုဏ္ဏမထေရ် သူမြတ်ကဲ့သို့ အရဟတ္တဖိုလ်ပေါက်အောင် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ပြီး၏

ပ.မ.သ.ဝ-၅၆/၉ .၁၀. ဇူ.(၁၀၀၀၀)လက်ဆိုင်

# ပုဏ္ဏောဝါဒသုတ္တန် တရားတော်

- သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂသံယုတ်၊ ဆန္နဝဂ်၊ ပုဏ္ဏသုတ် (သံ၊ ၂။ ၂၈၅။) မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိ၊ သဠာယတနဝဂ်၊ ပုဏ္ဏောဝါဒသုတ် (မ၊ ၃။ ၃၁၁။)
- မြန်မာနိုင်ငံသမိုင်းဦး၊ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမ (လယ်ကိုင်း)ရွာသား မဟာပုဏ္ဏနှင့် စူဠပုဏ္ဏ ကုန်သည်ညီနောင်တို့၏ မဇ္ဈိမဒေသကုန်သွယ် လမ်းကြောင်း၊
- ဘုရားရှင်အား ဖူးမြော်ရပြီး ရဟန်းပြု၍ အရှင် မဟာပုဏ္ဏမထေရ်၏ သုနာပရန္တတိုင်း သာသနာပြု အစီအစဉ်၊
- သာသနာပြုရဟန်းတော်များ ခံယူကျင့်သုံးရမည့် "စိတ်ရှည် ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန် သာသနာ" ဟူသော ဆောင်ပုဒ်၏ မူရင်းအစ၊
- စူဠပုဏ္ဏကုန်သည်နှင့် ဝါဏိဇဂါမရွာသားများ ကောင်းမှု စန္ဒကူးနံ့သာကျောင်းတော်သို့ ဘုရားရှင် ကြွရောက်၍ (၇)ရက် သီတင်းသုံးတော်မူခဲ့ခြင်း၊
- ရွှေစက်တော် အထက်စက်တော်ရာနှင့် အောက် စက်တော်ရာ ပါဒစေတီတော်နှစ်ဆူ၊
- မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်း ကျောင်းတော်ရာ စေတီတော်ကြီး တည်ထား ဖြစ်ပေါ်လာပုံ၊
- မိုးချောင်းအတွင်းမှ ဝါတွင်းကာလ ဘုရားဖူး ငါးကြီးများ။